မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

အတွဲ (၅၂)
အမှတ် (၃၂၈)

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်

၂၀၁၃ ခုနှစ်၊ ဩဂုတ် ၂၈ ရက်၊ ကြာသပတေးနေ့။

ထစ်ချုန်းမိုး

၂၈-၈-၂၀၁၃

နေပြည်တော် နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်း ဆီးဂိမ်းအကြို ကရာတေးဒိုပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကရာတေးဒိုအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေး ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဖော်ဆောင် ဆီးဂိမ်းပြိုင်ပွဲကို အောင်မြင်စွာကျင်းပသွားမည်

နေပြည်တော် ဩဂုတ် ၂၈

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (၃၀၀၀-A) ၌ ကျင်းပသည့် Pre SEA Games Karatedo Test Match ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အာရှ ကရာတေးဒိုအဖွဲ့ချုပ် ဒိုင်လူကြီးကော်မတီ ဥက္ကဋ္ဌ၊ အရှေ့တောင်အာရှ ကရာတေးဒိုအဖွဲ့ချုပ် အတွင်းရေးမှူး Mr.Vincent Chang၊ နည်းစနစ်တာဝန်ခံ Mr.Lin Chee Jim၊ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအမျိုးသား အားကစားကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဒိုင်လူကြီးများ၊ အားကစားသမားများ၊ အသင်းတာဝန်ခံများ၊ အားကစားပရိသတ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က ပြိုင်ပွဲနှင့်ပတ်သက်၍ရှင်းလင်းပြောကြားပြီးနောက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန

စာမျက်နှာ ၈ ကော်လံ ၁ ❒

ဆီးဂိမ်းအကြို ကရာတေးဒိုပြိုင်ပွဲ အိမ်ရှင်မြန်မာ ရွှေ နှစ်၊ ငွေ သုံး၊ ကြေး နှစ် ဆွတ်ခူး

တွေ့ဆုံမေးမြန်း-ကိုကိုစိုးညွှန့်
ဓာတ်ပုံ-စိုးညွှန့်

နေပြည်တော် ဩဂုတ် ၂၈

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို ကရာတေးဒိုပြိုင်ပွဲကို ယနေ့စတင်ကျင်းပရာ အိမ်ရှင်မြန်မာက ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် နှစ်ခု ဆွတ်ခူးရရှိခဲ့သည်။

အမျိုးသမီးတစ်ဦး ခတပြိုင်ပွဲတွင် ရီနွယ်ထွန်း**(ယာပုံ)**(မြန်မာ-ခ)နှင့် အမျိုးသားအသင်းလိုက် ခတပြိုင်ပွဲတွင် (မြန်မာ-ခ)တို့ ရွှေတံဆိပ်များ ဆွတ်ခူးခဲ့ပြီး အမျိုးသားတစ်ဦးချင်း ခတပြိုင်ပွဲတွင် သက်ထွန်းဦး(မြန်မာ-က)က ငွေတံဆိပ်ကို လည်းကောင်း၊ မင်းဟိန်းခန့်(မြန်မာ-ခ)က ကြေးတံဆိပ်ကိုလည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်း ခတပြိုင်ပွဲတွင် သဇင်အေး(မြန်မာ-က)က ငွေတံဆိပ်ကို လည်းကောင်း၊ အမျိုးသမီးကုမိတဲ့ ၆၈ ကီလိုတန်းတွင် ဇော်လန်စာ(မြန်မာ-က)က ငွေတံဆိပ်ကိုလည်းကောင်း၊ အမျိုးသားကုမိတဲ့ ၈၄ ကီလိုတန်းတွင် မျိုးသူ(မြန်မာ-က)က ကြေးတံဆိပ်ကိုလည်းကောင်း ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က ပြိုင်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ မိမိကစားသမားများ၏ အရည်အသွေးကို သိရှိရန်နှင့် ပြိုင်ဘက်နိုင်ငံများနှင့် ယှဉ်ပြိုင်ရသည့်အခါ မိမိတို့၏ အားနည်းချက်၊ အားသာချက်များကို သိရှိရပြီး ဆီးဂိမ်းအောင်နိုင်ရေးအတွက် ပြင်ဆင်ရန် ဖြစ်ကြောင်း၊ ပြိုင်ပွဲကျင်းပတဲ့ ကာလတစ်လျှောက်မှာသာ အခက်အခဲများ၊ စီမံခန့်ခွဲမှု၊ ခင်းကျင်းထားမှုတွေမှာ ဘာတွေလိုအပ်ချက်ရှိသလဲသိရှိရန်ဖြစ်ကြောင်း၊ ဆီးဂိမ်းပြိုင်ပွဲမှာ ရွှေတံဆိပ်မရဖူးကြောင်း၊ ယခုကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲမှာ အမျိုးသမီးတစ်ဦးချင်း ခတပြိုင်ပွဲနှင့် အမျိုးသားအသင်းလိုက်ခတပြိုင်ပွဲတို့မှာ ရွှေတံဆိပ်ရရှိရန် မျှော်မှန်းထားပါကြောင်း၊ အခုအကြိုပြိုင်ပွဲစတင်တဲ့နေ့မှာလည်း မိမိတို့မျှော်လင့်တဲ့အတိုင်းဖြစ်၍ ဝမ်းသာရပါကြောင်း၊ ပြိုင်ဘက်နိုင်ငံများအနေဖြင့် အဓိက ကစားသမားများ မပါသော်လည်း

စာမျက်နှာ ၉ ကော်လံ ၆ ▲

တရုတ်ရေတပ်ဆေးရုံသင်္ဘော Peace Ark(866) ရန်ကုန်မြို့သို့ ရောက်ရှိလာစဉ်။

တရုတ်ရေတပ်ဆေးရုံသင်္ဘော ရန်ကုန်မြို့သို့ရောက်ရှိ

နေပြည်တော် ဩဂုတ် ၂၈

တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ဆေးကုသရေးခရီးစဉ်အဖြစ် မလေးရှားနိုင်ငံမှ ထွက်ခွာလာသော တရုတ်ရေတပ်မှ Rear Admiral Shen Hao ဦးဆောင်သော အရာရှိ/စစ်သည်နှင့်ဆေးဝန်ထမ်း ၄၀၀ ပါဝင်သည့်

စာမျက်နှာ ၃ ကော်လံ ၅ ❍

တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း စာမျက်နှာ-၇

အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း စာမျက်နှာ-၇

Study UK University Degree in Myanmar

2+1 BUSINESS DEGREE

London College of Business Science, UK မှ တိုက်ရိုက်ပေးအပ်မည့် Diploma နှင့် Higher Diploma မှတဆင့် တိုက်ရိုက်ဝင်ခွင့်ပေးမည့် University of Northumbria, UK မှ Bachelor of Business ဘွဲ့ကို UK ၊ Thailand (သို့မဟုတ်) မြန်မာပြည်တွင်းမှာပင် နောက်ဆုံးနှစ်(၁)နှစ်ကို ဆိုင်ကြိုတက်ရောက်ခြင်း ရယူနိုင်ပြီ။

ABE, NCC, LCCI ပြီးဆုံးထားသူများလည်း Higher Diploma သို့ တိုက်ရိုက်ဝင်ရောက်လျှောက်ထားနိုင်သည်။

Enroll Now up to 30% Grant

Info-talk By College Director (Every Tuesday) Time : 2:00 to 3:00 pm

Sep/Oct 2013

In Partnership with INTERNATIONAL SR COLLEGE

Tel : (951) 374747, 374748, 09-450063108, 09-450063109

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဆီးဂိမ်း မြန်မာ ရက် ၁၀၀

ကျွန်ုပ်တို့နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းအားကစားပြိုင်ပွဲကြီးသည် တဖြည်းဖြည်းနီးကပ်လို့လာပြီ။ ပြိုင်ပွဲကျင်းပမည့်ရက်ကို တွက်ကြည့်လျှင် ရက် ၁၀၀ ကျော်ခန့်သာလိုတော့သည်။ လနှင့်တွက်ကြည့်လျှင် သုံးလကျော်သာလိုတော့သည်။ သုံးလကျော်ဆိုသည် များသည်မဟုတ်။ မကြာမီ ရောက်လာတော့မည်။ တော်တော်ကြီးကို နီးလာပြီ။ ထိုကိစ္စ သွေးအေးနေ၍မဖြစ်။ ပြိုင်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ရေး အဘက်ဘက်က လစ်ဟင်းမှုမရှိအောင် ပြင်ဆင်ထားကြရတော့မည်။ ဆီးဂိမ်းပြိုင်ပွဲကြီးနှင့် ပတ်သက်သမျှအားလုံးသည် Ever Ready အနေအထား ဖြစ်နေရတော့မည်ဖြစ်ပါသည်။

၎င်းပြိုင်ပွဲကြီးသည် အားကစားသမားများနှင့်သာ သက်ဆိုင်သည့်ပြိုင်ပွဲမဟုတ်။ သန်း ၆၀ သော မြန်မာနိုင်ငံသူနိုင်ငံသားများ၏ပြိုင်ပွဲဖြစ်ပါသည်။ တစ်နည်းအားဖြင့်ပြောလျှင် အမျိုးသားရေးပြိုင်ပွဲကြီး ဖြစ်ပါသည်။ မြန်မာ့စိတ်ရင်း၊ မြန်မာ့ဂုဏ်သတင်း၊ မြန်မာတို့၏ ယဉ်ကျေးမှုဓလေ့စရိုက်တို့ကို ဖော်ထုတ်ပြသရမည့်ပွဲကြီးလည်း ဖြစ်ပါသည်။ ပြိုင်ပွဲတိုင်းတွင် အနိုင်ရအောင် ကြိုးစားအားထုတ်ကြရမည် ဖြစ်သကဲ့သို့ အကောင်းဆုံးသော အိမ်ရှင်ပီသမှုကို ပြသရမည့် ပြိုင်ပွဲကြီးလည်း ဖြစ်ပါသည်။

ပြိုင်ပွဲကြီး နီးလာသည်နှင့်အမျှ အဘက်ဘက်က အသင့်အနေအထား ရှိနေရမည်ဖြစ်သကဲ့သို့ အားကစားသမားများကလည်း သက်ဆိုင်ရာ အားကစားနည်းများအလိုက် စံချိန်များ တဖြည်းဖြည်း အဆင့်မြင့်ဆုံးတက်လာအောင် ကြိုးစားအားထုတ်နေကြရပါမည်။ အကောင်းဆုံးသော စံချိန်သစ်များကို ဆီးဂိမ်းပြိုင်ပွဲကြီးအထိ သယ်ဆောင်သွားနိုင်ဖို့ လိုပါသည်။ အကောင်းဆုံးသော စံချိန်များ ဆက်လက် ထိန်းထားနိုင်ပါမှ မျှော်မှန်းထားသည့်အတိုင်း ဖြစ်လာမည်ဖြစ်ပါသည်။ အာရှစံချိန်၊ ကမ္ဘာ့စံချိန်တို့ကို အမီလိုက်ဖို့လိုပါသည်။

မည်သည့်အားကစားမဆို စိတ်ဓာတ်သည်အရေးအကြီးဆုံး ဖြစ်ပါသည်။ ပြိုင်ပွဲတိုင်းတွင် အောင်ရမည်၊ နိုင်ရမည်၊ ဗိုလ်စွဲရမည်ဆိုသော စိတ်ဓာတ်သည် အားကစားသမားတိုင်း ထားရှိအပ်သည့် "အောင်စိတ်" ဖြစ်ပါသည်။ ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်ပြီး လေ့ကျင့်သား ၁၀၀ ရာခိုင်နှုန်း ပြည့်ဝနေရမည်ဖြစ်သလို စိတ်ပိုင်းဆိုင်ရာတွင်လည်း နိုင်ကိုနိုင်ရမည်ဆိုသော စိတ်ဓာတ် အပြည့်အဝ ရှိရမည်ဖြစ်ပါသည်။ သို့မှသာ အောင်ပန်းဆွတ်ခူးနိုင်မည်ဖြစ်ပါသည်။

သို့ရာတွင် သန့်ရှင်းသော အားကစား၊ သန့်ရှင်းသော အနိုင်ရမှုဖြစ်ရန် လိုပါသည်။ အနိုင်ရလိုမှုဖြင့် မမှန်မကန်ကစားခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်ပါသည်။ သို့မှသာ အားကစားသမားကောင်း ပီသမည်ဖြစ်ပါသည်။

ဆီးဂိမ်းပြိုင်ပွဲကြီးသည် ရက် ၁၀၀ ကျော်ခန့်သာလိုပေတော့ရာ သွေးအေးနေ၍မဖြစ်တော့ပါ။ အားလုံးကတက်ကြွနေဖို့လိုပါသည်။ ပြိုင်ပွဲမတိုင်မီ အားနည်းချက်များကို ပြုပြင်ပြီး အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားရတော့မည် ဖြစ်ပါသည်။ ပြိုင်ပွဲဝင်အားကစားသမားတိုင်းက "အာရှမှာ-မြန်မာကသာ-အနိုင်ယူဗိုလ်စွဲပြမည်" ဟူသော သီချင်းစာသားအတိုင်း အောင်စိတ်နှလုံးသွင်းလျက် ပြင်းပြင်းထန်ထန် အားထုတ်ကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော် ဩဂုတ် ၂၈

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာ တစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၀၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၉-၆၄၀၀၃၉၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

ပြင်ဆင်သင့်သော ခရမ်းသံလမ်းတံတား

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်းရှိ ချောင်းကူးတံတားတစ်ခုဖြစ်သည့် သံလမ်းတံတားဟု အမည်တွင်သည့် ရှေးနှစ်ပေါင်းများစွာကပင် အခိုင်အမာတည်ဆောက်ထားခဲ့သော အရှည် ၇၂ ပေ၊ အကျယ် ၁၆ ပေခန့်ရှိ သံတံတားကြီးမှာ အမာခံအာရ်စီအုတ်တိုင်ပေါ်တွင် သံမဏိရက်မများ၊ သံမဏိအကာအရံများဖြင့် တောင့်တင်းခိုင်မာသော်လည်း အခင်းပြုလုပ်ထားသည့် သစ်သားများမှာ နှစ်ကြာရှည်ပြုပြင်မှု မရှိ၍ ကြမ်းပေါက်များကျုံ့ကျခြင်း၊ အခင်းများ ကြံ့ခိုင်မှုမရှိသဖြင့် စက်ဘီး၊ ဆိုက်ကားသမားများပင် တွန်းသွားရပြီး မော်တော်ယာဉ်များဖြတ်သန်းလို့ မရပါ။ အဆိုပါ

တံတားကြီးသည် ခရမ်းမြို့ ပြည်တော်အေးလမ်းထိပ်တွင် တည်ရှိပြီး သံတံတားကြီးကို အစွဲပြု၍ ၎င်းတံတားထိပ်တွင်ရှိသော လမ်းနှင့်ဈေးကိုပင် သံတံတားလမ်းနှင့် သံတံတားဈေးဟု ရှေးအများပြည်သူများက အမည်ပေးခဲ့ကြသည်။

ခရမ်းမြို့တွင်းသို့ ဖြတ်သန်းစီးဆင်းသော ခရမ်းချောင်းကြောင့် ခရမ်းမြို့ပေါ်တွင် ခရမ်းချောင်းကူးတံတားအစင်းပေါင်းရှစ်စင်းရှိကာ ယခုသံလမ်းတံတားသည် အင်္ဂလိပ်ခေတ်ကပင် တည်ဆောက်ထားခဲ့ပြီး ပြုပြင်သူမရှိသဖြင့် ပျက်စီးစပြုလာခြင်းကြောင့် အမြန်ဆုံးပြုပြင်သင့်ကြောင်းနှင့် ယခုတံတားပျက်စီးမှုကြောင့် ရပ်ကွက်အတွင်းရှိ အများပြည်သူများမှာ နွေရာသီရောက်ရှိပါက မီးဘေးအတွက် စိုးရိမ်နေကြရကြောင်း၊ အကြောင်းမှာ ၎င်းတံတားပေါ်မှ မီးသတ်ကားများ သွားလာ၍မရသဖြင့် ကွေ့ပတ်၍ သွားရသဖြင့် အချိန်နှင့်တစ်ပြေးညီ မရောက်ရှိနိုင်ဘဲ တခြားတံတားမှ ကွေ့၍သွားလာရသဖြင့် မပျက်စီးမဆုံးရှုံးသင့်ဘဲ ပျက်စီးဆုံးရှုံးရကြောင်းနှင့် ဒေသထွက်ကုန်ပစ္စည်းများ၊ ဈေးအတွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချကြရာတွင် အဆိုပါတံတားမှ သွားလာရပါက အချိန်တို ငွေကုန်သက်သာပြီး တံတားပေါ်မှ နေ့စဉ်ဖြတ်သန်းသွားလာ လှုပ်ရှားနေကြရသည့် အမှတ် (၃)၊ အမှတ်(၅)၊ အမှတ်(၆)၊ အမှတ်(၁၂)တို့မှ အများပြည်သူတို့မှာ ကွေ့ပတ်သွားလာနေရသဖြင့် အချိန်ကုန်လူပန်းဖြစ်ကြရသည့်အပြင် ပျက်အစဉ်ပြင်ခဏ ဆိုရိုးအတိုင်း ပျက်စပြုနေသည့် အဆိုပါ ခရမ်းမြို့မှ သံတံတားကြီးကို ကုန်ကျမှုမများခင် အမြန်ပြုပြင်သင့်ကြောင်း တင်ပြအပ်ပါသည်။

ကိုမင်း(ခရမ်း)

ထင်သာမြင်သာ ပြုပြင်စရာ

ကျေးလက်တိရစ္ဆာန် ကျန်းမာရေးလုပ်သားသင်တန်း ပူတာအိုဖွင့်

ပူတာအို ဩဂုတ် ၂၈

ကချင်ပြည်နယ် ပူတာအိုခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ကျေးလက်တိရစ္ဆာန်ကျန်းမာရေးလုပ်သားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် ကူးစက်ရောဂါများအကြောင်း၊ ဝက်များတွင်ဖြစ်ပွားတတ်သော ရောဂါများအကြောင်းနှင့် ကြက်၊ ဘဲများတွင် ကူးစက်တတ်သော ရောဂါများအကြောင်းတို့ကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး တိရစ္ဆာန်များတွင် ရောဂါများ ဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီ ပြုစုကုသစောင့်ရှောက်နိုင်ရန် စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို ဩဂုတ် ၂၆ ရက် မှ ၃၀ ရက်အထိ ရက်သတ္တပတ်ကြာ သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းသို့ ကျေးရွာများမှ သင်တန်းသား ၁၅ ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ခြင်းအပေါ် ဥပဒေအရ အကာအကွယ်ပေးရေးဖိုရမ်သို့တက်ရောက်ရန် တရုတ်နိုင်ငံသို့ ထွက်ခွာ

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့တွင် ကျင်းပမည့် တရုတ်-အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဇရိယာတွင် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ခြင်းအပေါ် ဥပဒေအရ အကာအကွယ်ပေးရေးဖိုရမ်သို့ တက်ရောက်ရန်အတွက် ယနေ့မွန်းလွဲ ၁၂နာရီ မိနစ် ၂၀ တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေနှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ အဖွဲ့ဝင်များအဖြစ် ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်ခင်သင်းဝေနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

တရုတ်ပြည်လုံးဆိုင်ရာ သတင်းစာဆရာသမဂ္ဂမှ ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်၌ ကြည့်ရှုလေ့လာ

နေပြည်တော် ဩဂုတ် ၂၈

တရုတ်ပြည်လုံးဆိုင်ရာ သတင်းစာဆရာသမဂ္ဂမှ Editor-in-chief of Overseas Edition of China Daily ဖြစ်သူ Ms. Zhang Xia ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ဒုတိယဝန်ကြီး ဦးပိုက်ထွေးအား လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဆောင်ရွက်နေမှုများ၊ အများပြည်သူဝန်ဆောင်မှုဆိုင်ရာဆောင်ရွက်နေမှုများနှင့် မြန်မာ-တရုတ်နိုင်ငံတို့အကြား သတင်းမီဒီယာကဏ္ဍများတွင် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တရုတ်သတင်းစာဆရာအဖွဲ့သည် နံနက် ၁၁ နာရီတွင် နေပြည်တော် မြို့တော်ခန်းမ၌ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးသန်းဦးအား သွားရောက်တွေ့ဆုံ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ လက်ရှိဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြသည်။

ထို့နောက် နေပြည်တော်ရှိ ကျောက်မျက်ရတနာပြတိုက်နှင့် ရေပန်းဥယျာဉ်တို့ကို သွားရောက်ကြည့်ရှုလေ့လာကြပြီး ဥတ္တရသီရိမြို့နယ်ရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြသည်။ **(သတင်းစဉ်)**

တရုတ်သတင်းစာဆရာအဖွဲ့ နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်အား ဖူးမြော်ပြီး စေတီတော်အတွင်းလေ့လာကြစဉ်။(သတင်းစဉ်)

ကိန်းဂဏန်းအချက်အလက်စုဆောင်းမှုလုပ်ငန်းများ တိုးတက်ရန် ကန်ဒေါ်လာ ၁ ဒသမ ၂ သန်း အာရှဖွံ့ဖြိုးရေးဘဏ်အကူအညီဖြင့် ဂျပန်ကူညီမည်

ရန်ကုန် ဩဂုတ် ၂၈

မြန်မာနိုင်ငံ၏ တိုးတက်ပြောင်းလဲမှုများနှင့်ပတ်သက်၍ စည်းမျဉ်းများ၊ မဟာဗျူဟာများနှင့် စွမ်းဆောင်ရည်တိုးမြှင့်ခြင်းနှင့်ဆိုင်သော ကိန်းဂဏန်းအချက်အလက် စုဆောင်းပြုစုခြင်းလုပ်ငန်းများတိုးတက်ရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်းကို အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏စီမံခန့်ခွဲမှုဖြင့် ဂျပန်ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေ (Japan Fund for Poverty Reduction-JFPR) မှ ကူညီထောက်ပံ့သွားမည်ဖြစ်သည်။

ကိန်းဂဏန်း အချက်အလက်ဆိုင်ရာ ဥပဒေများအား ခေတ်နှင့်အညီ မွမ်းမံခြင်း၊ နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီသော အချက်အလက်စုဆောင်းခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေခြင်းလုပ်ငန်းများ တိုးတက်ကောင်းမွန်စွာ လုပ်ဆောင်နိုင်ရန် လိုအပ်သော စည်းမျဉ်းများနှင့် ဥပဒေမူဘောင်များ ပိုမိုအားကောင်းစေရန်အတွက် ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

“ယနေ့ နိုင်ငံတော်က ဘယ်အနေအထားကို ရောက်နေပြီလဲ ဆိုတာသိဖို့နဲ့ အထောက်အထားတွေအပေါ်မှာအခြေခံပြီး ပြည်တွင်း၊ ပြည်ပနဲ့ သက်ဆိုင်တဲ့ ဆုံးဖြတ်ချက်တွေကို ချတဲ့အခါမှာ အချိန်နဲ့တစ်ပြေးညီ၊ ဆီလျော်မှုရှိပြီး တိကျတဲ့ အချက်အလက်တွေ မရှိမဖြစ် လိုအပ်ပါတယ်။ ကိန်းဂဏန်း အချက်အလက်တွေက မူဝါဒချမှတ်တဲ့သူတွေအတွက် စီးပွားရေး၊ လူမှုရေးနဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေတွေကို နားလည်သဘောပေါက်အောင် အကူအညီပေးတဲ့အပြင် စီးပွားရေးတိုးတက်ဖို့နဲ့ ဆင်းရဲမှုလျှော့ချစေဖို့အတွက် ဆုံးဖြတ်ချက်ချရန် ပုံစံရေးဆွဲရာမှာလည်း အကူအညီပေးတယ်”ဟု ADB ၏ စီးပွားရေးနှင့် သုတေသနဌာနမှ Senior Statistician ဖြစ်သူ Mr. Kaushal Joshi က ဆိုသည်။

နိုင်ငံတကာစံနှုန်းပေါ် အခြေခံသည့် အရည်အသွေးကောင်းမွန်သော စီးပွားရေးကိန်းဂဏန်းအချက်အလက်များ ပြုစုခြင်း၊ အစိုးရဌာနမှ စာရင်းအင်းပညာရှင် (Statistician) များအား နည်းပညာကျွမ်းကျင်မှု တိုးတက်အောင်ဆောင်ရွက်ခြင်း၊ ကာလတိုကာလရှည် ဆရာဖြစ်သင်တန်းများ ဖွင့်လှစ်ခြင်း စသည့်လုပ်ငန်းများအတွက် အဆိုပါ ထောက်ပံ့ကြေးငွေများကို သုံးစွဲသွားမည်ဖြစ်ကာ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများ လွယ်ကူမြန်ဆန်စွာ သိရှိနိုင်စေမည့် ကိန်းဂဏန်းအချက်အလက်များ ပါဝင်သော နှစ်ချုပ်စာစောင်ထုတ်ဝေကာ အချက်အလက် ဖြန့်ဝေခြင်းလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

အဆိုပါ နည်းပညာအထောက်အပံ့ပေးသည့်စီမံချက်အား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ စီမံချက် နှစ်နှစ်တာကာလပြီးမြောက်မည့် ၂၀၁၅ ဩဂုတ်လအထိ စီမံချက်အုပ်ချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည်။

ဂျပန်နိုင်ငံအစိုးရက ဂျပန် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေ (JFPR) ကို ၂၀၀၀ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ရန်ပုံငွေ စုစုပေါင်းအမေရိကန်ဒေါ်လာ ၅၆၁ ဒသမ ၅ သန်း ရရှိခဲ့သည်။ ထောက်ပံ့ကြေးစီမံချက် စုစုပေါင်း ၁၅၄ ခု (အမေရိကန်ဒေါ်လာ ၄၁၃ ဒသမ ၅)သန်းနှင့် နည်းပညာအကူအညီပေးသည့် စီမံချက် ၁၁၁ ခု (အမေရိကန်ဒေါ်လာ ၁၁၀ ဒသမ ၆ သန်း)တို့အတွက် ADB မှ အတည်ပြုနိုင်ခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် အခြေစိုက်သော ADB သည် အာရှနှင့်ပစိဖိတ်ဒေသတွင် စီးပွားရေးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တိုးတက်မှုနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး ၂၀၁၂ ခုနှစ်တွင် တွဲဖက်ငွေကြေးပံ့ပိုးသည့်ပမာဏ အမေရိကန်ဒေါ်လာ ၈ ဒသမ ၃ ဘီလီယံအပါအဝင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၆ ဘီလီယံ ထောက်ပံ့ခဲ့ပြီးဖြစ်သည်။ **မိုးသူ**

ပြည်တွင်းသတင်း

စွမ်းအင်ဝန်ကြီးဌာန အမိန့်ကြော်ငြာစာထုတ်ပြန်

နေပြည်တော် ဩဂုတ် ၂၈

စွမ်းအင်ဝန်ကြီးဌာနက ရေနံထွက်ပစ္စည်း တင်သွင်းခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် ၁၀၀/၂၀၁၃ကို ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်းနှင့် အဆိုပါအမိန့်ကြော်ငြာစာတွင် အခန်း(၆)ခန်း ပါရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုအား International Organization for Migration ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား International Organization for Migration ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr.Kieran Gorman-Best သည် အဆိုပါဝန်ကြီးရုံး၌ ယနေ့ ညနေ ၃ နာရီတွင် လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဇော်ဝင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

❍ ရှေ့ဖုံးမှ

တရုတ်ရေတပ်ဆေးရုံသင်္ဘော Peace Ark(866) သည် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ သန်လျင် သီလဝါဆိပ်ကမ်း MITT တံတားသို့ ရောက်ရှိလာရာ ရေတပ်လေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်မင်းသိမ်းတင့်၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး Mr.Yang HouLan၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူးနှင့် သံရုံးမှတာဝန်ရှိသူများ၊ သန်လျင် ရေတပ်စခန်းဌာနချုပ်မှ ဂုဏ်ပြုတပ်ဖွဲ့ဝင်များ၊ တရုတ်ကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူများက ဆိပ်ကမ်းမှ ကြိုဆိုကြသည်။

ဆက်လက်ပြီး Rear Admiral Shen Hao ဦးဆောင်သောအဖွဲ့သည် ဂုဏ်ပြုတပ်ဖွဲ့များအား လိုက်လံနှုတ်ဆက်ကြပြီး ဆိပ်ခံတံတား၌ ပြည်တွင်းမီဒီယာများအား မြန်မာနိုင်ငံသို့ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ဆေးကုသရေးခရီးစဉ်အဖြစ် လာရောက်ရသည့်အကြောင်းကို ရှင်းလင်းပြောကြားပြီး ဧည့်သည်တော်များနှင့်အတူ ဆေးရုံသင်္ဘောအတွင်းရှိ ဆေးကုသရေးအခန်းများအား လိုက်လံပြသကြသည်။

အဆိုပါသင်္ဘောသည် ခုတင် ၃၀၀ ဆံ့ အရေးပေါ် ဆေးဝါးထောက်ပံ့မှုပေးနိုင်သည့် သင်္ဘောဖြစ်ပြီး အကျယ် ၄၀၀၀ စတုရန်းမီတာ ကျယ်ဝန်း၍ အထူးကြပ်မတ်ကုသဆောင် အခန်း ၂၀ နှင့် ခွဲစိတ်ခန်း ရှစ်ခန်းပါဝင်ပြီး ဆေးကုသဆောင်များတွင် တစ်နေ့လျှင် အကြီးစားခွဲစိတ်မှု အကြိမ် ၄၀ ပြုလုပ်နိုင်ကာ တရုတ်နိုင်ငံ၏ အဆင့်မြင့်ဆေးရုံကြီးများရှိ ဖွဲ့စည်းပုံအတိုင်း ဆေးပစ္စည်းကိရိယာအစုံ ပါဝင်ကြောင်း၊ ဆေးရုံသင်္ဘောသည် မြန်မာနိုင်ငံတွင် စက်တင်ဘာ ၃ ရက်အထိ ခွဲစိတ်ကုသမှုများ၊ ကျန်းမာရေးစစ်ဆေးမှုများ၊ ဆေးကုသမှုများကို အနောက်တိုင်းဆေးပညာများနှင့်ပေါင်းစပ်ကာ တရုတ်ရိုးရာ ဆေးကုထုံးများ၊ ရိုးရာတိုင်းရင်းဆေးပညာရပ်များဖြင့် ကုသပေးသွားမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံယဉ်ကျေးမှုဆိုင်ရာ ဆွေးနွေးပွဲများ၊ ဆေးပညာနီးနှောဖလှယ်ပွဲများအပြင် အားကစားပြိုင်ပွဲများပြုလုပ်၍ နှစ်နိုင်ငံရေတပ်နှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုများရရှိနိုင်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ကျောင်းသုံး ၊ လုပ်ငန်းသုံး ၊ ရုံးသုံး ဖလာစာအုပ် ၊ စာအိတ် နှင့် *Fastener Clip* ပါရှိသော *File Folder* အမျိုးမျိုးကို *International Standard* နှင့်အညီ
စိုလင်သောအရောင်အသွေး ဆန်းသစ်သော ဒီဇိုင်း သေသပ်လှပသောထုပ်ပိုးမှုစနစ်တို့ဖြင့် ဈေးနှုန်းချိုသာစွာ ဖြန့်ချိပေးနေပါသည်။

Main Office
No.3-(C1&2), Ward (9), U Tun Nyo Street, Hlaing Thar Yar Industrial Zone (6),Hlaing Thar Yar Township, Yangon.
Tel : 95 1 - 684292, 684348, 684349, 685961~2, 687736~39 Fax : 95 1 - 687728 E-mail : sales@decolandgroup.com

Show Room
No.326/328, 24th Street x Strand Road,Latha Township, Yangon
Tel : 09 1 - 382789, 09 732 28162

နိုင်ငံတကာသတင်း

နိုင်ဂျီးရီးယား၌ ဘိုကိုဟာရမ်အဖွဲ့ တိုက်ခိုက်မှုကြောင့် ရပ်/ကျေး စေတနာ့ဝန်ထမ်း အနည်းဆုံး ၂၀ သေဆုံး

မိုင်ဒူဂူရီ(နိုင်ဂျီးရီးယား)ဩဂုတ် ၂၈

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း ဘော်နိုပြည်နယ်၌ သံသယရှိသော ဘိုကိုဟာရမ်တိုက်ခိုက်ရေးသမားများက ယင်းတို့အား ပြန်လည်ခုခံရန် ကြိုးစားနေသော စေတနာ့ဝန်ထမ်းအဖွဲ့မှ အဖွဲ့ဝင် အနည်းဆုံး ၂၀ ခန့်ကို ပစ်သတ်လိုက်ကြောင်း ဩဂုတ် ၂၈ ရက် ဘီဘီစီသတင်း၌ ဖော်ပြသည်။

အဆိုပါသေဆုံးသူများကို ဩဂုတ် ၂၅ ရက်နှင့် ၂၆ ရက် သီးခြားစီတိုက်ခိုက်မှုနှစ်ရပ်တွင် တွေ့ရကြောင်း ဒေသခံများနှင့် စစ်ဘက်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဘိုကိုဟာရမ်အဖွဲ့သည် ၂၀၀၉ ခုနှစ်ကတည်းက နိုင်ဂျီးရီးယားနိုင်ငံတွင် ဖျက်ဆီးတိုက်ခိုက်နေသည့် အဖွဲ့ဖြစ်သည်။ မေလအတွင်း သမ္မတ ဂွတ်လပ်ဂျိုနသန်က အရှေ့မြောက်ပြည်နယ်သုံးခုအတွင်း အဆိုပါ ဘိုကိုဟာရမ်အဖွဲ့၏ ခြိမ်းခြောက်မှုကြောင့် အရေးပေါ်အခြေအနေ ကြေညာခဲ့ရသည်။ နိုင်ဂျီးရီးယားနိုင်ငံတွင် အစ္စလာမ့်စစ်ပြည်နယ် ဖွဲ့စည်းပေးရမည်ဟု တောင်းဆိုနေသည့် ယင်းအဖွဲ့ကို စစ်တပ်က ထိုးစစ်ဆင်တိုက်ခိုက်ပြီး ရပ်ရွာကျေးလက် စေတနာ့ဝန်ထမ်းများ ဖွဲ့စည်းရန် စစ်တပ်က ကူညီပေးခဲ့သည်။

သို့သော်လည်း ဘိုကိုဟာရမ်အဖွဲ့များက စေတနာ့ဝန်ထမ်းများကို မကြာခဏတိုက်ခိုက်လျက် ရှိသည်။ ဩဂုတ် ၂၅ ရက်က စစ်ယူနီဖောင်းဝတ်ထားသော လက်နက်ကိုင်များက ဘာမာ၌ စေတနာ့ဝန်ထမ်း အစည်းအဝေးကျင်းပနေစဉ် ဝင်ရောက်ပြီး သေနတ်နှင့်ပစ်သတ်သွားရာ ၁၄ ဦးသေဆုံးခဲ့ရသည်။ ဩဂုတ် ၂၆ ရက်ကလည်း ဘော်နိုပြည်နယ် ဒါမာဆက်ရွာ၌ ဘိုကိုဟာရမ်တို့က တိုက်ခိုက်ခဲ့သဖြင့် အရပ်သားများသေဆုံးခဲ့ရသည်။ **(ဘီဘီစီ)**

ဆီးရီးယားအစိုးရ ဓာတုလက်နက်သုံးကြောင်းသေချာ အမေရိကန်ဒုတိယသမ္မတဂျိုးဘိုင်ဒင် အခိုင်အမာပြော

ဝါရှင်တန် ဩဂုတ် ၂၈

ဆီးရီးယားအစိုးရသည် ဓာတုလက်နက်အသုံးပြုသည်ဆိုသည်ကို သေချာနေ၍ သံသယဖြစ်စရာအကြောင်းမရှိကြောင်း၊ ဆီးရီးယားအစိုးရအနေဖြင့် ဓာတုလက်နက် အသုံးပြုခဲ့သည်ကို ဝန်ခံရမည်ဖြစ်ကြောင်း အမေရိကန် ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားလိုက်သည်။

အမေရိကန်စစ်တပ်အနေဖြင့် သမ္မတ အိုဘားမားတိုက်မိန့်ပေးလျှင် တိုက်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း၊ အမေရိကန်မဟာမိတ်များကလည်း ဆီးရီးယားကို အမေရိကန်နှင့်အတူ ဝိုင်းတိုက်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း သမ္မတအိုဘားမား၏ တိုက်မိန့်ကိုစောင့်နေကြကြောင်း မစ္စတာဂျိုးက ပြောသည်။

သို့ရာတွင် ဆီးရီးယားအစိုးရက ဓာတုလက်နက်သုံးသည်ဆိုခြင်းကို အကျောက်အကန်ငြင်းဆိုထားသည်။

ကုလသမဂ္ဂလက်နက်စစ်ဆေးရေးမှူးများသည် လွန်ခဲ့သော သီတင်းပတ်က ဒမတ်စကတ်မြို့အနီးသံသယရှိသော တိုက်ခိုက်မှုနေရာသို့ စစ်ဆေးရန် ပြန်လည်သွားရောက်နေပြီဖြစ်သည်။

အချက်အလက်များ စုဆောင်းရန်သွားရောက်သည့် စစ်ဆေးရေးမှူးများအား အမည်မသိ သေနတ်သမားများက ချောင်းမြောင်းပစ်ခတ်သဖြင့် စစ်ဆေးမှုနှောင့်နှေးကြန့်ကြာလျက်ရှိသည်။

ဆီးရီးယားကိုတိုက်လျှင် ဆိုးရွားသော အကျိုးဆက်များဖြစ်ပေါ်လာနိုင်ကြောင်း ရုရှား၊ အီရန်နှင့် တရုတ်တို့က သတိပေးထားသည်။ ဆီးရီးယားတွင် နှစ်နှစ်ကြာတိုက်ခိုက်မှုများအတွင်း သေဆုံးသူ ၁၀၀၀၀၀ ကျော်ရှိသွားပြီဟု ဆိုသည်။ **(ဘီဘီစီ)**

ဆယ်ကျော်သက်တက်ကြွလှုပ်ရှားသူမာလာလာအား နိုင်ငံတကာကလေးများငြိမ်းချမ်းရေးဆုပေးမည်

အစ္စလမ္မာဘတ် ဩဂုတ် ၂၈

တာလီဘန်တို့က သေနတ်ဖြင့် ခေါင်းကိုပစ်ခတ်ခဲ့သော ပါကစ္စတန်မှ ဆယ်ကျော်သက်တက်ကြွလှုပ်ရှားသူတစ်ဦးအား နိုင်ငံတကာကလေးများ ငြိမ်းချမ်းရေးဆုပေးမည်ဖြစ်ကြောင်း ဩဂုတ် ၂၇ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မာလာလာယူဆက်ဇိုင်းအမည်ရှိ အဆိုပါ မိန်းကလေးကို တာလီဘန်တို့က သေနတ်နှင့်ပစ်ခဲ့ခြင်းဖြစ်သည်။ သူမသည် မိန်းကလေးများ ပညာရေးနှင့် ပတ်သက်ပြီး လှုံ့ဆော်ခဲ့သဖြင့် တာလီဘန်တို့၏ ပစ်မှတ်ထားတိုက်ခိုက်ခံရခြင်းဖြစ်သည်။

အသက် ၁၆ နှစ်အရွယ်ရှိ မာလာလာသည် ယခု အသက်ရှင်လျက်ရှိပြီး ဘာမင်ဂမ်၌ ဆေးကုသမှုခံယူလျက်ရှိသည်။ သူမအား လာမည့်စက်တင်ဘာ ၆ ရက်တွင် ဟော်လန်နိုင်ငံ၌ အဆိုပါ နိုင်ငံတကာကလေးများ ငြိမ်းချမ်းရေးဆုကို အမျိုးသမီးအခွင့်အရေး လှုံ့ဆော်သူနှင့် ၂၀၁၁ ခုနှစ် နိုဘယ်ငြိမ်းချမ်းရေးဆုရှင် တာဝပ်ကောကာရမ်က ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

မာလာလာသည် ပြီးခဲ့သည့် အောက်တိုဘာလက ကျောင်းမှအိမ်သို့ သူငယ်ချင်းနှစ်ယောက်နှင့်အပြန် တိုက်ခိုက်ခံရခြင်းဖြစ်သည်။ သူမအား ၂၀၁၁ ခုနှစ်ကတည်းက ယင်းဆုကိုပေးရန် အမည်စာရင်းတင်သွင်းခဲ့သော်လည်း

ယခုနှစ်ရောက်မှ အခြားကလေးများ အမည်စာရင်းပေးခြင်း မရှိသည့်အတွက် သူမအား ယင်းဆုပေးရန် ဆုံးဖြတ်ခဲ့ရကြောင်း ဆုချီးမြှင့်ရေးဥက္ကဋ္ဌ မက်ဒူလ်လတ်က ပြောကြားသည်။ **(ဘီဘီစီ)**

အိန္ဒိယအနောက်ပိုင်းတွင် သုံးထပ်တိုက်ပြိုကျ အနည်းဆုံး သုံးဦးသေဆုံး

နယူးဒေလီ ဩဂုတ် ၂၈

အိန္ဒိယနိုင်ငံအနောက်ပိုင်း ဗိုဒိုဒါရာမြို့၌ အဆောက်အအုံတစ်လုံးပြိုကျရာ အနည်းဆုံးသုံးဦးသေဆုံးသွားကြောင်း တာဝန်ရှိသူများက ပြောသည်။

လူဒါဇင်ပေါင်းများစွာ နေထိုင်သည့်အဆိုပါသုံးထပ်တိုက် အဆောက်အအုံအပြိုအပျက်များအကြား လူပေါင်း ၃၀ နီးပါးပိတ်မိနေသည်ဟု ဆိုသည်။ ယင်းအဆောက်အအုံပြိုကျမှုသည် နံနက် ၄ နာရီခွဲခန့်ကဖြစ်ကြောင်း၊ ကပ်လျက်ဒုတိယအဆောက်အအုံလည်း ပြိုကျသွားကြောင်း၊ သို့ရာတွင် ၄င်းအဆောက်အအုံတွင် လူမရှိကြောင်း အချို့သော သတင်းများက ဖော်ပြသည်။ **(ဘီဘီစီ)**

အမေရိကန်-တရုတ် စစ်ရေးပူးပေါင်းမှု

မောင်မဟာ

အမေရိကန်နဲ့ တရုတ်တို့ရဲ့ စစ်ဘက်ရေးရာ ပူးပေါင်းဆောင်ရွက်မှုတွေကို တိုးချဲ့ဖို့အတွက် ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်ဖို့ကို နှစ်နိုင်ငံ စစ်ဘက်ခေါင်းဆောင်တွေ သဘောတူညီမှုရရှိခဲ့တယ်လို့ အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်မှာ ဖော်ပြလိုက်ပါတယ်။

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ကို ချစ်ကြည်ရေးအလည်အပတ်ခရီး ရောက်ရှိနေတဲ့ တရုတ်ကာကွယ်ရေးဝန်ကြီး ချန်ဝမ်ကျွမ်နဲ့ အမေရိကန်ကာကွယ်ရေး ဝန်ကြီး ချပ်ဟေဂယ်လ်တို့ အခုရက်ပိုင်းအတွင်း ဝါရှင်တန်မှာ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး နောက်ပိုင်း သဘောတူညီခဲ့ကြခြင်း ဖြစ်ပါတယ်။

ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေး၊ ဒေသဆိုင်ရာတည်ငြိမ်ရေးနဲ့ ငြိမ်းချမ်းရေးတို့ရရှိအောင် အမေရိကန်နဲ့ တရုတ်နှစ်နိုင်ငံတို့ရဲ့ စစ်ဘက်ရေးရာ ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ခြင်းဟာ အရေးပါတဲ့အခန်းကဏ္ဍမှာ ရှိနေတယ်လို့ နှစ်နိုင်ငံကာကွယ်ရေး ဝန်ကြီးတွေက အသိအမှတ်ပြုခဲ့ကြပါတယ်။

မိမိတို့နှစ်နိုင်ငံဟာ အပြုသဘောဆောင်တဲ့ စစ်ဘက်ဆိုင်ရာအပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရေးကိုသဘောတူခဲ့ကြပါပြီလို့ အမေရိကန် ကာကွယ်ရေးဝန်ကြီးက ပူးတွဲသတင်းစာရှင်းလင်းပွဲမှာ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

၂၁ ရာစုမှာ နှစ်နိုင်ငံစလုံးအတွက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးတွေကို ပူးတွဲဆောင်ရွက်မှုတွေဟာ အာရှ-ပစိဖိတ်ဒေသရဲ့ လုံခြုံရေးနဲ့ တည်ငြိမ်ရေးကို အကျိုးသက်ရောက်စေမှာဖြစ်တယ်လို့ အမေရိကန်ကာကွယ်ရေးဝန်ကြီးက ဆက်လက်ပြောကြားနေပါတယ်။

တရုတ်နိုင်ငံဟာ ကမ္ဘာ့ရေးရာနဲ့ ဒေသဆိုင်ရာရေးရာတွေမှာ ပါဝင်ကူညီဖြေရှင်းပေးနေမှုတွေကို အမေရိကန်တို့က ကြိုဆိုလိုက်ပြီး လိုအပ်တဲ့ ပါဝင်ကူညီမှုတွေကိုလည်း ပံ့ပိုးဆောင်ရွက်ပေးမယ်လို့လည်း ဆိုလိုက်ပါတယ်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နဲ့ အမေရိကန်သမ္မတ အိုဘားမားတို့ တွေ့ဆုံခဲ့ကြစဉ်ကလည်း ပွင့်လင်းမြင်သာတဲ့ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတွေကို ဆက်လက်အကောင်အထည်ဖော်သွားမယ်လို့ သဘောတူညီခဲ့ကြပြီး ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေခံတဲ့ ပုံသဏ္ဌာန်သစ်ဆက်ဆံရေးကို ဖွင့်လှစ်သွားမယ်လို့ ဆိုခဲ့ကြပါတယ်။

တရုတ်နဲ့ အမေရိကန်တို့ နှစ်နိုင်ငံ စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးမှာ နှစ်နိုင်ငံစစ်ရေးလေ့ကျင့်မှု၊ ကာကွယ်ရေးဆိုင်ရာ အပြန်အလှန်လည်ပတ်မှုစတဲ့ အကြောင်းအချက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒါကြောင့် လာမယ့်၂၀၁၄ ခုနှစ်မှာ ပထမဆုံးအကြိမ်အဖြစ် အမေရိကန်နဲ့ တရုတ်ရေတပ်တွေဟာ ပစိဖိတ်သမုဒ္ဒရာရေပြင်မှာ ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ဖို့ စီစဉ်ထားပြီဖြစ်ပါတယ်။ အဲဒီလို ပူးတွဲစစ်ရေးလေ့ကျင့်မှုကို လာမယ့်နှစ် ဇွန်နဲ့ဇူလိုင်လအတွင်းမှာ ပြုလုပ်ဖို့ စီစဉ်ထားပြီး နေရာကတော့ ဟိုနိုလူလူနဲ့ ဟာဝိုင်အီကျွန်းကမ်းလွန်ရေပြင်မှာ ပြုလုပ်မှာဖြစ်ပါတယ်။ ဒုတိယအကြိမ် ရေတပ်ပူးတွဲလေ့ကျင့်မှုကို ပင်လယ်ကွေ့မှာ ထပ်မံပြုလုပ်သဘောတူထားပြီး အဲဒီပူးတွဲလေ့ကျင့်မှုမှာ စစ်ဘက်ရေးရာအပြင် သဘာဝဘေးဒဏ်နဲ့ လူသားချင်းကူညီစောင့်ရှောက်ရေးတွေလည်း ပါဝင်ဖို့ စီစဉ်ထားတာ သိရတာမို့ တရုတ်-အမေရိကန် စစ်ရေးပူးပေါင်းဆောင်ရွက်မှုဟာ စိတ်ဝင်စားစရာကောင်းတာတော့ အမှန်ပါပဲ။ ။

နိုင်ငံတကာသတင်း

အမေရိကန်က ဆီးရီးယားကို တိုက်လျှင် ဆီးရီးယား၏ထောင်ချောက်ထဲကျနိုင်ဟုဆို

ဝါရှင်တန်က ဆီးရီးယားကို တိုက်မည်ဆိုလျှင် အမေရိကန်သည် ဆီးရီးယားတို့၏ ထောင်ချောက်ထဲဆင်းရလိမ့်မည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာရစ်က ပြောကြားလိုက်သည်။ ဆီးရီးယားအကျပ်အတည်းသည် အစ္စရေးတို့အတွက် ထောင်ချောက်ဖြစ်လာနိုင်ကြောင်းလည်း ဇာရစ်က ဩဂုတ် ၂၇ ရက် ရုပ်မြင်သံကြားတွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသည်။ အိမ်ဖြူတော်က ဆီးရီးယားစစ်ပွဲတွင် ပါဝင်ခဲ့လျှင် သမ္မတ အိုဘားမားအနေဖြင့် ၎င်း၏သမ္မတသက်တမ်းတွင် စိတ်မချမ်းမြေ့စရာများနှင့်အဆုံးသတ်ရလိမ့်မည်ဖြစ်ကြောင်းလည်း အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။ ဆီးရီးယားနိုင်ငံအတွင်း မည်သည့်စွန့်စားမှုမဆို အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံးကို မီးလောင်တိုက်သွင်းသလို ဖြစ်လိမ့်မည်ဖြစ်ကြောင်း အီရန်ထိပ်တန်းသံတမန်များက တိုက်တွန်းလိုက်သည်။

ပြင်သစ်တပ်များ ဗဟိုအာဖရိကနိုင်ငံ၌ ဖြန့်ကြက်မည်ဟုဆို

ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်က ကိုလိုနီနိုင်ငံဟောင်း ဗဟိုအာဖရိကသမ္မတနိုင်ငံအတွင်း ပြင်သစ်တပ်များ ပိုမိုဖြန့်ကြက်ချထားမည်ဖြစ်ကြောင်း ခြိမ်းခြောက် ပြောကြားလိုက်သည်။ ဗဟိုအာဖရိကနိုင်ငံတွင် ပြင်သစ်တပ်များ ပိုမိုဖြန့်ကြက်ချထားရန် လိုအပ်လာပြီဖြစ်ကြောင်းလည်း ၎င်းက ပါရီမြို့၌ကျင်းပသော သံတမန်များအစည်းအဝေးတွင် ပြောကြားလိုက်သည်။ ဗဟိုအာဖရိကနိုင်ငံအတွင်း တည်ငြိမ်အောင်ဆောင်ရွက်နိုင်ခြင်းမရှိလျှင် ဆိုမာလီနိုင်ငံကဲ့သို့ မတည်မငြိမ်ဖြစ်လာနိုင်ကြောင်း ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်က ကုလသမဂ္ဂသို့ တိုက်တွန်းလိုက်သည်။ ဗဟိုအာဖရိကနိုင်ငံသည် ၁၉၆၀ ပြည့်နှစ်တွင် ပြင်သစ်တို့ထံမှ လွတ်လပ်ရေးရယူခဲ့သည်။

ဓာတုလက်နက်သုံးသည်ဆိုမှု အီရန်နှင့်ရုရှားတို့က ငြင်းဆို

ဆီးရီးယားအစိုးရက ပြည်ပကျောထောက်နောက်ခံပြုသော တိုက်ခိုက်ရေးသမားများအား တိုက်ခိုက်ရာတွင် ဓာတုလက်နက်များ အသုံးပြုတိုက်ခိုက်သည်ဆိုခြင်းမှာ မဖြစ်နိုင်ကြောင်း၊ ကြိုတင်စီစဉ်ထားသည့် လုပ်ရပ်ဖြစ်ကြောင်း အီရန်နှင့်ရုရှားတို့က ပြောဆိုလိုက်သည်။ အီရန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး အမီယာအက်ဗ်ဒိုလာဟီယံနှင့် ဒုတိယရုရှားနိုင်ငံခြားရေးဝန်ကြီးမိုက်ကယ်ဘာဒါနော့ဗ်တို့က ယင်းစွပ်စွဲချက်ကို ဖုန်းနှင့် ပြောဆိုပြီးငြင်းဆိုခဲ့ကြကြောင်း ဩဂုတ် ၂၇ ရက် သတင်းများတွင် ဖော်ပြသည်။ ယင်းစွပ်စွဲချက်သည် အခြေအမြစ်မရှိကြောင်း၊ စစ်သွေးကြွများက တမင်လုပ်ကြံဖန်တီးခြင်းသာဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။ ဆီးရီးယားနိုင်ငံအတွင်း အကြမ်းဖက်သမားများနှင့် တက်ဖရီစစ်သွေးကြွများက ဓာတုလက်နက်အသုံးပြုခြင်းကိုလည်း ၎င်းနိုင်ငံခြားရေးဒုဝန်ကြီး နှစ်ဦးက ရှုတ်ချလိုက်သည်။

မြင့်မောင်စိုး-စုစည်းသည်

ကမ္ဘာမြေသို့ ကျဆင်းလာခဲ့သော ဥက္ကာခဲများ မည်သည့်အရပ်မှစတင်သည်ကို လေ့လာမည်

ကမ္ဘာဂြိုဟ်အနီးသို့ ဖြတ်သန်းသွားခဲ့သော ဥက္ကာခဲများနှင့် ကမ္ဘာမြေသို့ ကျဆင်းခဲ့သည့် ဥက္ကာခဲများသည် မည်သည့်နေရာမှ စတင်လာသည်ကို လေ့လာသုတေသနပြုမည်ဖြစ်ကြောင်း အမေရိကန်အာကာသသုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါ ဥက္ကာခဲများသည် ကမ္ဘာမြေသို့ မကျဆင်းမီ နေမှပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်လာခြင်း သို့မဟုတ် ကြယ်တာရာများ ပေါက်ကွဲမှုမှ ထွက်ပေါ်လာခြင်းဆိုသည်ကို လေ့လာမှု ပြုလုပ်မည်ဖြစ်သည်။ တစ်ဖန်ဥက္ကာခဲအချင်းချင်း တိုက်မှုမှ ဖြစ်ပေါ်လာသည်ကိုလည်း လေ့လာသွားမည် ဖြစ်သည်။ အချို့ဥက္ကာခဲများ၊ ဂြိုဟ်သိမ်ဂြိုဟ်မွှားများ၏ ဖွဲ့စည်းဖြစ်တည်မှုနှင့် ပဲ့ထွက်မှု များသည် မည်သည့်အတွက်ကြောင့် ဖြစ်သည်၊ မည်သည့် အကွာအဝေးမှဖြတ်သန်းလာသည်ကို လေ့လာရန်စီစဉ်နေပြီဖြစ်သည်။ ထို့အတူ ကမ္ဘာဂြိုဟ်အနီးဖြတ်သန်းနေကြသည့် ဥက္ကာခဲများအပြင် အာကာသအတွင်း လွင့်မျောနေသော ဥက္ကာခဲများ ဂြိုဟ်သိမ် ဂြိုဟ်မွှားများကိုလည်း လေ့လာမှုများ ပြုလုပ်ကာ မည်သည့်အရပ်မှ စတင်လွင့်မျောမှုနှင့် ပဲ့ထွက်မှုများ ဖြစ်လာခဲ့သည်ကိုလည်း လေ့လာသွားမည် ဖြစ်သည်။

အာကာဟိန်း-ရေးသည်

ဖခင်ဖြစ်ဖို့ကူညီပေးနိုင်မည့် ရတ်စ်ဘယ်ရီသီး

နေခြည်

ရတ်စ်ဘယ်ရီသီးစားသုံးခြင်းက ဖခင်ဖြစ်ရန် အခွင့်အလမ်းအတွက် ကူညီပေးနိုင်ကြောင်း အင်တာနက် ကျန်းမာရေး သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါ ရတ်စ်ဘယ်ရီသီးတွင် အမျိုးသားများ၏ မျိုးပွားနိုင်စွမ်းကို အားဖြည့်ပေးသည့် ဗီတာမင်စီနှင့် မဂ္ဂနီဆီယမ်မြင့်မားစွာ ပါဝင်သည်ဟုဆိုသည်။ ၎င်းတို့သည် မျိုးပွားဆဲလ်များ ပျက်စီးမှုမှလည်း ကာကွယ်ပေးသည်ဟုလည်း ဆိုသည်။

အမေရိကန်နိုင်ငံ Energy's Lawrence Berkeley National ဓာတ်ခွဲခန်းဌာနမှ လေ့လာတွေ့ရှိချက်အရ ဗီတာမင်စီမြင့်မားစွာ စားသုံးမှုရှိသူ အမျိုးသားများသည် ယင်းကဲ့သို့သော အစားအစာ မစားသူ အမျိုးသားများထက် မျိုးပွားဆဲလ်ပျက်စီးဆုံးရှုံးမှု ၂၀ ရာခိုင်နှုန်း နည်းပါးသည်ဟုသိရသည်။ ကိုယ်ဝန်ဆောင်ပြီးနောက်တွင်လည်း ကိုယ်ဝန်ပျက်ကျခြင်းမှ လျော့ကျစေသည်ဟု ဆိုထားသည်။ ထို့ကြောင့် ရတ်စ်ဘယ်ရီသီးသည် အမျိုးသားများရော အမျိုးသမီးများအတွက်ပါ ကလေးရရှိနိုင်မှုအတွက် အာဟာရဖြည့်စွက်စာဖြစ်သည်ဟု လေ့လာမှုတွင် ပါဝင်သူ Juliet Wilson ကပြောကြားထားသည်။ ရတ်စ်ဘယ်ရီသီး၏ ဗီတာမင်စီကြွယ်ဝမှုသည် မြင့်မားပြီး ရတ်စ်ဘယ်ရီသီးတစ်လုံး၏ ဗီတာမင်စီ ပါဝင်မှု ပမာဏမှာ စပျစ်သီး ၁၇၃ လုံးစာနှင့်တူသည်ဟုပင် သူမက ဖြည့်စွက်ပြောကြားခဲ့သည်။

ရတ်စ်ဘယ်ရီသီးသည် ကိုယ်ဝန်ဆောင်စဉ်ကာလ တစ်လျှောက်အကောင်းဆုံးသော ကိုယ်ဝန်ဆောင်ဖြည့်စွက်စာအာဟာရတစ်မျိုးဖြစ်ပြီး ကိုယ်ခန္ဓာအလေးချိန်မတက်အောင်လည်း ထိန်းထားပေးနိုင်သည်ဟု သိရသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတွင် ပါဝင်သော သကြားဓာတ်သည် ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်မှုနှေးကွေးသောကြောင့် ဖြစ်သည်။ ဗြိတိန်နိုင်ငံ၌ ယခုရာသီတွင် ရတ်စ်ဘယ်ရီသီးများ လှိုင်လှိုင်ပေါ်နေပြီး နွေဝင်ဘာလအထိတိုင် ဝယ်ယူရရှိနိုင်သည်ဟု သိရသည်။

၃၀-၈-၂၀၁၃ ရက်မှ စတင်၍ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ပြသနေသော ဇာတ်ကားများ

သမ္မတ	အာဗိုက်ဗား	
သွင်	အာဗိုက်ဗား	
မင်္ဂလာ (၁)	အာဗိုက်ဗား	
TOP ROYAL	DESPICABLE ME 2 3D	Steve Carell, Kristen Wiig, Benjamin Bratt 3D
နေပြည်တော်	NOW YOU SEE ME	Jesse Eisenberg, Mark Ruffalo, Woody Harrelson, Isla Fisher
ရွှေဆောင်	PERCY JACKSON SEA OF MONSTERS 3D	Logan Lerman, Alexandra Daddario, Brandon T. Jackson 3D
မင်္ဂလာ (၂)	PERCY JACKSON SEA OF MONSTERS 3D	Logan Lerman, Alexandra Daddario, Brandon T. Jackson 3D

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျေးလက်ဒေသဖွံ့ဖြိုးစေဖို့ ဇီဝဓာတ်ငွေ့ဖြင့် ထမင်းဟင်းချက်ကြပါစို့

မေဇီဝ (သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် လူဦးရေသန်း ၆၀ ကျော် မှီတင်းနေထိုင်ကြသည့်အနက် ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြပါသည်။ ကျေးရွာစုစုပေါင်း ၆၀၀၀၀ ကျော်ရှိရာ စွမ်းအင်အတွက် အဓိကအသုံးပြုသောလောင်စာသည် ဇီဝဒြပ်ထုဖြစ်သော ထင်းကို တစ်ပြည်လုံးအသုံးပြုနေသောစွမ်းအင်ကဏ္ဍ၏ ၆၉ ဒသမ ၉ ရာခိုင်နှုန်းရှိပါသည်။ ထင်းအသုံးပြုမှုများလာသည်နှင့်အမျှ သစ်တောပြုန်းတီးမှုလည်း များလာသည်ဖြစ်ရာ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှု ကွယ်ပျောက်လာသည်နှင့်အမျှ ရာသီဥတုဖောက်ပြန်ခြင်းတည်းဟူသော သဘာဝဘေးအန္တရာယ်များသည်လည်း မလွဲမသွေတွေ့ကြုံကြရမည်ဖြစ်ပါသည်။ ကျေးလက်နေလူထုအတွက်လည်း စားဝတ်နေရေးအတွက် ထင်းရှာရသောလုပ်ငန်းသည် ပိုမိုခက်ခဲလာသည်ဖြစ်ရာ ဝင်ငွေလျော့နည်းလာခြင်း၊ အချိန်ကုန်၊ လူပန်းနှင့်လူနေမှုအဆင့်အတန်းလည်း ပိုမိုနိမ့်ကျလာမည်ဖြစ်ပါသည်။ သစ်တစ်ပင်ကြီးလာရန် အချိန်ယူရသည်ဖြစ်၍ ပြုန်းတီးသွားသည့် သစ်တောနေရာတွင် ထပ်ဖြည့်စိုက်သည့်တိုင် အချိန်များစွာ လိုအပ်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျေးရွာများအတွက် ထင်းအစားထိုးလောင်စာအသုံးပြုနိုင်ရန် လိုအပ်လာပါသည်။ ဇီဝဓာတ်ငွေ့ကို စိုက်ပျိုးရေးဘေးထွက်ပစ္စည်း၊ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းစသည့် အော်ဂဲနစ်ကွန်ပေါင်းများကို လေမဲ့အခြေအနေတွင် အချဉ်ဖောက်ခြင်းဖြင့် လွယ်ကူစွာရရှိနိုင်ပါသည်။ ခက်ခဲသောနည်းပညာကိုလည်း သုံးစွဲရန် မလိုအပ်သည့်အပြင် သုံးစွဲရသည့် စက်ပစ္စည်းကိရိယာအစိတ်အပိုင်းနည်းပါးခြင်း၊ ရှုပ်ထွေးမှုမရှိခြင်းတို့ကြောင့် ကျေးလက်နေပြည်သူများအတွက် လက်လှမ်းမီသော နည်းပညာလည်းဖြစ်ပါသည်။ ဇီဝဓာတ်ငွေ့တွင် အဓိကပါဝင်သော စွမ်းအင်ထုတ်ယူနိုင်သော ဓာတ်ငွေ့သည် မီသိန်းဓာတ်ငွေ့ဖြစ်ပြီး တိရစ္ဆာန်အညစ်အကြေးမှ ထုတ်ယူရရှိသော ဇီဝဓာတ်ငွေ့တွင် မီသိန်းပါဝင်မှုသည် ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းထိပါဝင်ပါသည်။ မီသိန်းဓာတ်ငွေ့ တစ်ကုဗမီတာမှ မိသားစုငါးယောက်မှ ခြောက်ယောက်အထိ ထမင်းဟင်းချက်ပြုတ်နိုင်ခြင်း၊ ၆၀ W မှ ၁၀၀ W မီးသီးကို ခြောက်နာရီကြာ မီးထွန်းနိုင်ခြင်း၊ မြင်းကောင်ရေတစ်ကောင်အားအင်ဂျင်ကို နှစ်နာရီမောင်းနှင်နိုင်ခြင်းနှင့် ၁ ဒသမ ၂၅ KW လျှပ်စစ်ဓာတ်ထုတ်ပေးနိုင်ခြင်းတို့ကို ရရှိမည်ဖြစ်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ဇီဝဓာတ်ငွေ့ဖြင့် ကျေးလက်ဒေသလျှပ်စစ်မီးလင်းရေးလုပ်ငန်းကို ၂၀၀၃ ခုနှစ်မှ ယနေ့ထိ စတင် ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းဒေသကြီး ၁၁ ခုတွင် ဇီဝဓာတ်ငွေ့ကန်ပေါင်း ၁၀၀ ကုဗမီတာမှ ၈ ကုဗမီတာအရွယ်အစားအထိ စုစုပေါင်း ၁၈၃ ကန် တည်ဆောက်ပေးခဲ့ပြီးဖြစ်ပါသည်။ သုတေသနကို စတင်ဆောင်ရွက်စဉ်က လိုအပ်သောကုန်ကြမ်းများသည် ကျေးရွာများတွင် အလွယ်တကူရရှိနိုင်သော ကုန်ကြမ်းများဖြစ်ရန်၊ ရေရှည်အသုံးပြုနိုင်ရန်၊ ကျေးလက်ဒေသနှင့်လက်လှမ်းမီသော နည်းပညာဖြစ်ရန်၊ ကုန်ကျစရိတ်သက်သာသော ဓာတ်ငွေ့ထုတ်ကန်များတည်ဆောက်ရန်၊ ကျေးရွာများအတွက် လိုအပ်သော လျှပ်စစ်ဓာတ်ကို ဇီဝဓာတ်ငွေ့ဖြင့် ထုတ်ယူသုံးစွဲနိုင်ရန်၊ ကျေးလက်ဇီဝဓာတ်ငွေ့ထုတ်ကန်မှ ရရှိသောစွန့်ပစ်အရည်များကို ကျေးလက်စိုက်ပျိုးရေးကဏ္ဍအတွက် လိုအပ်သော အော်ဂဲနစ်ဇီဝမြေဩဇာအဖြစ် အကျိုးရှိစွာအသုံးပြုနိုင်ရန်၊ ကျေးလက်ဒေသလူနေမှုအဆင့် အတန်းမြင့်မားလာစေရန်၊ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများကို စနစ်တကျ အကျိုးရှိစွာ အသုံးပြုနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဇီဝဓာတ်ငွေ့သုတေသနဌာနမှ နည်းပညာများပျံ့နှံ့စေရန် ဖြန့်ဖြူးပေးခြင်း၊ ဇီဝဓာတ်ငွေ့ထုတ်၍ ကျေးရွာလျှပ်စစ်မီးရရှိသည်အထိ စေတနာဖြင့် လိုက်လံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၁၃ ခုနှစ် ဇွန်လမှစတင်၍ တန်ဖိုးနည်းတစ်အိမ်ထောင်သုံး ဇီဝဓာတ်ငွေ့ထုတ်ကန်များကို ကျေးရွာများတွင် ထင်းအစားထိုးလောင်စာအနေဖြင့် ထမင်းဟင်းချက်ပြုတ်ခြင်းနှင့် အောက်လင်းမီးအိမ်ထွန်းညှိနိုင်ရန် ရည်ရွယ်၍ တည်ဆောက်လိုသော ကျေးရွာများ၏ နေအိမ်အသီးသီးတွင် လိုက်လံတပ်ဆင်ပေးမည့်ပရောဂျက်ကို စတင်ဆောင်ရွက်လျက်ရှိပါသည်။ ထင်းအသုံးပြုရန် လုံးဝမလိုအပ်ဘဲ လူငါးယောက်မှ ခြောက်ယောက်အထိ ထမင်းဟင်းကို ဓာတ်ငွေ့မီးဖိုအသုံးပြု၍ ချက်နိုင်မည်ဖြစ်ပါသည်။ ထမင်းဟင်းချက်၍ ပိုလျှံသော ဇီဝဓာတ်ငွေ့ဖြင့် ညအချိန်အောက်လင်းမီးအိမ်ကိုထွန်းညှိ၍ အလင်းရောင် ရနိုင်ဦးမည်ဖြစ်ပါသည်။

ထို့ပြင် နွားငါးကောင်ရှိသော အိမ်ထောင်စုတစ်စုတွင် နေ့စဉ်နွားချေး ၆၀ ကီလိုဂရမ်ခန့်ရမည်ဖြစ်ရာ ဇီဝဓာတ်ငွေ့ ၂ ဒသမ ၁ ကုဗမီတာခန့်ကို အဆိုပါနွားချေးမှ ထုတ်ယူရရှိနိုင်မည်ဖြစ်ပါသည်။ နှစ်စဉ် တစ်အိမ်ထောင်မှ ထုတ်ယူသုံးစွဲနိုင်မည့် ဇီဝဓာတ်ငွေ့ပမာဏသည် ၇၈၄ ကုဗမီတာခန့်ရှိမည်ဖြစ်ရာ ထင်း

ထမင်းဟင်းကို ဇီဝဓာတ်ငွေ့ အသုံးပြု၍ ချက်ပြုတ်စဉ်။

၄၃၅၉ ကီလိုဂရမ်ခန့်ကို သုံးစွဲရန်မလိုအပ်ကြောင်းတွေ့ရှိရသည်။ ထို့ကြောင့် တစ်နှစ်လျှင် မိသားစု ငါးယောက်ပါ အိမ်ထောင်စုတစ်စုမှ ထင်းအဖြစ်အသုံးပြုမည့် အမြင့် ၁၈ မီတာနှင့် အချင်း ၁၂ စင်တီမီတာခန့်ရှိ သစ်ပင် ၂၉ ပင်ခန့်ကို ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကျေးရွာပေါင်း ၆၀၀၀၀ ကျော်ရှိရာ ကျေးရွာအားလုံး၏ သုံးပုံတစ်ပုံသည် ဇီဝဓာတ်ငွေ့ဖြင့် ထမင်းဟင်းချက်ပါက နှစ်စဉ် သစ်ပင်ပေါင်းမြောက်မြားစွာ သစ်တောဧကများစွာတို့ကို ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။

မိသားစုငါးယောက်မှ ခြောက်ယောက်ခန့်ရှိသော အိမ်ထောင်စု တစ်စုတွင် ထမင်းဟင်းချက်ပြုတ်ရန်အတွက် ထင်းအသုံးပြုမှုမှာ တစ်နှစ်လျှင် ၄၂၀၀ ကီလိုဂရမ်ခန့်ဖြစ်ပြီး ထင်းတစ်ကီလိုဂရမ်ကို ခုနစ်ကျပ်နှုန်းဖြင့် တွက်ပါက တစ်နှစ်လျှင် ထင်းဖိုးငွေကျပ် ၃၀၀၀၀ ခန့်ကုန်ကျမည်ဖြစ်ပါသည်။ တန်ဖိုးနည်း တစ်အိမ်ထောင်သုံး ဇီဝဓာတ်ငွေ့ထုတ်စနစ်အတွက် ကုန်ကျငွေမှာ ဇီဝဓာတ်ငွေ့သုံးမီးဖိုနှင့် မီးအိမ်အပါအဝင် ငွေကျပ် ၁၀၀၀၀၀ ခန့်ဖြစ်ပြီး ဇီဝဓာတ်ငွေ့ထုတ်ကန်၏ သက်တမ်းမှာ ငါးနှစ်မှ ၁၀ နှစ်ခန့်ဖြစ်သည်။ ထို့ကြောင့် ထင်းအစားထိုး ဇီဝဓာတ်ငွေ့ဖြင့် ထမင်းဟင်းချက်ပြုတ်ပါက ဓာတ်ငွေ့ထုတ်ကန်နှင့် ဆက်စပ်ပစ္စည်းအားလုံးအပါအဝင် စုစုပေါင်းကုန်ကျငွေသည် သုံးနှစ်ဖြင့် အရင်းကျေမည်ဖြစ်သည်။ လျှပ်စစ်မီးမရသော ကျေးရွာများတွင် ဇီဝဓာတ်ငွေ့ဖြင့် ညအချိန် အောက်လင်းမီးထွန်း၍ အလင်းရောင်ရရှိမည်ဖြစ်သည်။

ထို့ပြင် နေ့စဉ် ဓာတ်ငွေ့ထုတ်ကန်မှလျှံရည် (၃၀ မှ ၄၀) ဂါလန်ရရှိမည်ဖြစ်ရာ ၎င်းလျှံရည်တွင် အော်ဂဲနစ်သဘာဝမြေဩဇာအဖြစ် စိုက်ပျိုးရေးကဏ္ဍတွင် အသုံးပြုနိုင်မည်ဖြစ်ပါသည်။ လျှံရည်တွင် အပင်အတွက် အဓိကလိုအပ်သော အာဟာရများဖြစ်သည့် နိုက်ထရိုဂျင် ၁ ဒသမ ၇ ရာခိုင်နှုန်းမှ ၂ ဒသမ ၀၂ ရာခိုင်နှုန်း၊ ဖော့စ်ဖရပ်သည် ၀ ဒသမ ၇၆ ရာခိုင်နှုန်းမှ ၀ ဒသမ ၉၈ ရာခိုင်နှုန်းနှင့် ပိုတက်စီယမ် ၀ ဒသမ ၄ ရာခိုင်နှုန်း မှ ၀ ဒသမ ၈ ရာခိုင်နှုန်းထိပါဝင်ပါသဖြင့် အာဟာရဓာတ်နည်းပါးနေသော မြေများပြုပြင်ရာတွင်လည်း အသုံးပြုသင့်ပါသည်။ စိုက်ပျိုးမည့်မျိုးစေ့များကို ဇီဝလျှံရည်ဖြင့် စိမ်၍စိုက်ပျိုးပါက အပင်ပေါက်နှုန်းကောင်းမွန်ခြင်း၊ မြန်ဆန်ခြင်း အကျိုးကျေးဇူးလည်း ရရှိနိုင်မည်ဖြစ်ပါသည်။ ဇီဝလျှံရည်ကို ဝက်စာနှင့်ငါးစာအဖြစ်လည်း အသုံးပြုနိုင်ပါသည်။

တိရစ္ဆာန်အညစ်အကြေးများကို စုပုံစုဆောင်းထားခြင်းဖြင့် ကမ္ဘာကြီးပူနွေးစေနိုင်သော ဓာတ်ငွေ့များဖြစ်သည့် မီသိန်းဓာတ်ငွေ့များ၊ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို အညစ်အကြေးပုံများအတွင်းမှ ထုတ်လွှတ်နေသည်ဖြစ်ရာ ဇီဝဓာတ်ငွေ့ကို တိရစ္ဆာန်အညစ်အကြေးများမှ ထုတ်ယူ၍ စွမ်းအင်ကဏ္ဍတွင် အသုံးပြုခြင်းဖြင့် ဖော်ပြပါ ကမ္ဘာကြီးပူနွေးစေသည့် ဓာတ်ငွေ့များထုတ်လွှတ်မှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ကျေးလက်ဒေသအတွက် သန့်ရှင်းသောပတ်ဝန်းကျင်ကိုလည်း ဖြစ်ပေါ်လာစေသဖြင့် ကျေးလက်နေလူထုအတွက် ကျန်းမာရေးပိုမိုကောင်းမွန်လာခြင်း၊ လူနေမှုအဆင့်တိုးတက်လာခြင်း၊ ဝင်ငွေပိုမိုတိုးတက်မည့်လုပ်ငန်းများဆောင်ရွက်ရန်အချိန်ပိုမိုရရှိလာနိုင်သဖြင့် ကျေးရွာများရှိဆင်းရဲမှုကို လျှော့ချနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဘက်ဘက်မှအကျိုးများသော နွားချေးမှ ဇီဝဓာတ်ငွေ့ထုတ်ယူသုံးစွဲခြင်းပရောဂျက်ကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတစ်ဝန်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွင် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သင့်ပါကြောင်းနှင့် ဇီဝဓာတ်ငွေ့ကိုထုတ်ယူသုံးစွဲလိုပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၄၄၅၁ နှင့် ၀၉-၂၀၁၂၉၃၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အိန္ဒိယနိုင်ငံအကူအညီဖြင့် ကလေးဝ-ယာကြီးလမ်းပိုင်းကို ၂၀၁၆ ခုနှစ်တွင် အပြီးသတ်ဆောင်ရွက်မည်

ကလေး ဩဂုတ် ၂၈

အိန္ဒိယသမ္မတနိုင်ငံ၏ အကူအညီဖြင့် အဆင့်မြှင့်တင်ရန် သဘောတူညီမှုရရှိထားသည့် ကလေးဝ-ယာကြီးလမ်းပိုင်း ၇၅ မိုင် ၅ ဖာလုံကို ဇူလိုင် ၈ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာနရုံး၌ ဆွေးနွေးချက်အရ အိန္ဒိယအစိုးရက Equipment Procurement Construction (EPC) စနစ်သစ်နှင့်တင်ဒါခေါ်ယူရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်က ပြောကြားသည်။

ကလေးဝ- ယာကြီး လမ်းပိုင်းသည် အိန္ဒိယနိုင်ငံ၏ အစီအစဉ်ဖြင့် တိုးတက်ပြုပြင်ခြင်း လုပ်ငန်းကို ကတ္တရာလမ်းအဖြစ် အပြီးအစီးဆောင်ရွက်ရန် စီမံချက်ရှိကြောင်း၊ နိုင်ငံတော်ကလည်း ခရီးသွားပြည်သူများ လုံခြုံချောမွေ့စွာသွားလာနိုင်ရေး ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန် ငွေကျပ်သန်း ၂၀၀ လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလမ်းပိုင်းကို အိန္ဒိယအစိုးရ၏ အကူအညီဖြင့် ၂၀၁၆ ခုနှစ်တွင် အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိန်းသိမ်း

ယခင်နှစ်များက မိုးရာသီကာလတွင် ကားကြီးရော ကားလေးများပါ ပြေးဆွဲနိုင်ခြင်းမရှိခဲ့သော ကလေးဝ-ယာကြီးလမ်းသည် ယခုနှစ်တွင် ကားလေးများ ပြေးဆွဲနေကြောင်း၊ မုံရွာ-ယာကြီး-ကလေးဝလမ်းပိုင်းတွင် အဓိက ပြင်ဆင်ထိန်းသိမ်းသင့်သောနေရာများအနေဖြင့် ၆၃ မိုင်နှင့် ၇၃မိုင်ကြား၊ ကျော်ရွာကျေးရွာနှင့် မက်မဲကျေးရွာကြား လမ်းပိုင်းများကို အဓိက ပြင်ဆင်ထိန်းသိမ်းသင့်ကြောင်း မန္တလေး- ကလေးကို ပြေးဆွဲနေသော ရှမ်းတောင်တန်းမှ ကားဆရာတစ်ဦးက ပြောကြားသည်။

သျှင်နေမင်း

လူမှုကွန်ရက်အသုံးပြု၍ မမှန်မကန်ဖော်ပြချက်များအတွက် တိုင်ကြားနိုင်

ရန်ကုန် ဩဂုတ် ၂၈

"Myanmar Car Market" အမည်ဖြင့် ဖေ့စ်ဘွတ်ခ်စာမျက်နှာများမှတစ်ဆင့် မမှန်ကန်သောဖော်ပြချက်များနှင့်စပ်လျဉ်း၍ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက အများပြည်သူများ သိရှိစေရန်အတွက် ဩဂုတ် ၂၇ ရက် ညနေပိုင်းက သတိပေးထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ "Myanmar Car Market" ဖေ့စ်ဘွတ်ခ်စာမျက်နှာမှနေ၍ ယာဉ်မောင်းလိုင်စင် အပြီးအစီးရရန်ဆောင်ရွက်ပေးကြောင်း၊ ဓာတ်ပုံ ရှစ်ပုံနှင့် မှတ်ပုံတင်မိတ္တူ နှစ်စောင်သာ လိုအပ်ပါကြောင်း၊ နယ်လိုင်စင်ဖြစ်၍ မြန်မာပြည်အနှံ့မောင်းနှင်ခွင့်ရှိကြောင်း၊ အချိန်သုံးလကြာပြီးလျှင် လိုင်စင်ရမှသာ ငွေချေရမည်ဖြစ်ကြောင်းနှင့် အပြီးအစီးကို ငွေကျပ် ၈၀၀၀၀ ကျမည်ဖြစ်ကြောင်းကို For Yangon Only Contact ဖုန်း ၀၉-၅၀၀၀၆၂၊ ၀၉- ၄၀၃၇၃၆၂၃၂၊ ၀၉-၅၀၀၄၉၆၂ ဖုန်းနံပါတ်များဖြင့် အသိပေးဖော်ပြ ကြေညာထားကြောင်း၊ ၎င်းပုံစံမှာ မမှန်မကန်ဆောင်ရွက်ပေးသည့် အဓိပ္ပာယ်သက်ရောက်ပါကြောင်းဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ဖော်ပြထားသည်။

ထိုကဲ့သို့သော ဖော်ပြချက်အတိုင်း မမှန်မကန်ဆောင်ရွက်ပေးသူရှိပါက တိကျစွာတိုင်ကြားပါရန် မေတ္တာရပ်ခံထားရှိပြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကလည်း စိစစ်ဖော်ထုတ်၍ ဝန်ထမ်းများ ပါဝင်ပတ်သက်မှုရှိကြောင်း တွေ့ရှိရပါက တည်ဆဲဥပဒေအရ အမှုဖွင့် အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

စိုးဝင်း(SP)

အမျိုးသမီးများ အကြမ်းဖက်ခံရမှုမှကာကွယ်ရေး အသိပညာပေး

လှည်းကူး ဩဂုတ် ၂၈

ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော အမျိုးသမီးငယ်ရွယ်များ အကြမ်းဖက်ခံရခြင်းမှ ကင်းဝေးစေရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၄ ရက်က လှည်းကူးအထက၅ ၌ ကျင်းပခဲ့သည်။

ဆွေးနွေး

အဆိုပါ အခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းမာက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဌာနမှ ကျန်းမာရေးအဆင့်(၁)ဒေါ်သန်းအေး၊ ဒုတိယမြို့နယ် ဥပဒေအရာရှိ ဒေါ်မြင့်မြတ်မွန်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့အစုအဖွဲ့ ၅၀၊ ရဲအုပ်အောင်ဆန်းတင့်တို့က အကြမ်းဖက်မှုမှ ကင်းဝေးစေရေး အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လွှတ်တော်ရေးရာကဏ္ဍ

● ပြည်သူ့လွှတ်တော်မှ

ခဲ့ပါကြောင်း၊ ပြည်နယ်၊ တိုင်းဒေသကြီးများသို့ တင်ပို့ရောင်းချသော ပိုးသတ်ဆေးများအား ဘေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်သုံးစွဲရမည့် နည်းစနစ်များ၊ လက်ကမ်းစာစောင်များ၊ သုံးစွဲရမည့်အညွှန်းများ၊ ရှမ်း၊ ပအိုဝ်ဘာသာများဖြင့် ရေးသားပြုစု ဖြန့်ဝေလျက်ရှိခြင်း၊ ချယ်ရီရေဒီယိုအစီအစဉ်မှ ပညာပေးအသံလွှင့်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

"ကျွန်တော်တို့နိုင်ငံမှာ တောင်သူ ၇၀ ရာခိုင်နှုန်းရှိတယ်။ ဒီဆေးတွေ မသုံးစွဲတတ်လို့ သေဆုံးသွားတဲ့ တောင်သူတွေ အများကြီးရှိပါတယ်။ ဒါတွေကိုပညာပေးပြီး ထဲထဲဝင်ဝင်၊ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမယ့် အနေအထားရှိပါတယ်။ ဒီအတိုင်း ပစ်ထားမယ်ဆိုရင်တော့ တောင်သူ အရင်းအမြစ်တွေ ဆုံးရှုံးနိုင်ပါတယ်။ ကျွန်တော်တို့ပြည်နယ်မှာဆိုရင် ဝတို့၊ ပလောင်တို့၊ ကိုးကန့်တို့ရှိတယ်။ ဖြစ်နိုင်မယ်ဆိုရင် သူတို့ဘာသာစကားနဲ့လည်း ထုတ်လွှင့်ပေးစေချင်တယ်။ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း အစိုးရအဖွဲ့တွေက စိတ်ဝင်တစားနဲ့ ဆောင်ရွက်ပေးစေချင်ပါတယ်"ဟု မေးခွန်းရှင် ဦးစိုင်းဝင်းခိုင်က ပြောပြခဲ့သည်။

တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ၏ **ဖြောင့်မတ်မှန်ကန်သည့် တရားသူကြီးများ ရေရှည်တည်တံ့ခိုင်မြဲစွာရပ်တည်နိုင်ရေး**နှင့် စပ်လျဉ်းသည့် မေးခွန်းအား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်က အရာတော်မြို့နယ်မှ တရားသူကြီး ဦးမင်းသော်ထွေးအား တရားစီရင်ရေး လုပ်ငန်းဆောင်ရွက်မှုနှင့် ဆက်နွယ်၍ရရှိသည့် သတင်းအချက်အလက်များအပေါ် စုံစမ်းစစ်ဆေးမှုပြုလုပ်နေစဉ် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်သို့ ဒုတိယဦးစီးမှူးအဖြစ် ပြောင်းရွှေ့နေရာချထားခဲ့ခြင်း ဖြစ်ပါကြောင်း။

၎င်းအပေါ် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအရ တရားခွင်၌ ခေါင်းပေါင်းမပေါင်းဘဲ အမှုစစ်ဆေးခြင်း၊ တရားခွင်၌ အချိန်ပြည့်ရုံးထိုင်စစ်ဆေးမှုမရှိခြင်း၊ ပြင်ပပုဂ္ဂိုလ်များအား မိမိရုံး၏သတင်းပြောဆိုခြင်းတို့ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းသို့ပြုမူပြောဆိုခြင်းတို့သည် တရားသူကြီးတစ်ဦး၏ ဂုဏ်သိက္ခာနှင့် ညီညွတ်မှုမရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် ၎င်းအားသတိပေးသည့် ဝန်ထမ်းဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း၊ ၎င်းအား စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်သို့ ဒုတိယဦးစီးမှူးအဖြစ် ပြောင်းရွှေ့နေရာချထားပြီး နောက်ပိုင်းတွင် ရှမ်းပြည်နယ် တာချီလိတ်ခရိုင်တရားရုံးတွင် ဒုတိယဦးစီးမှူးတာဝန်ထမ်းဆောင်စဉ်က ကျမ်းကျိန်လွှာတွင် လက်မှတ်ရေးထိုးသည့်ကိစ္စအတွက် ၎င်းအားအရေးယူပေးရန် တိုင်ကြားချက်များနှင့် ရုံးစိုက်ရာဒေသမှ ခွင့်ပြုချက်မရှိဘဲ ထွက်ခွာသည့်ကိစ္စရပ်များ ထပ်မံပေါ်ပေါက်ခဲ့ပါကြောင်း၊ တရားသူကြီးတစ်ဦးအနေဖြင့် မပြုသင့်မပြုအပ်သော ကျင့်ဝတ်စည်းကမ်းများကို ဖောက်ဖျက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည့်အတွက် ရာထူးတိုးမြှင့်ခြင်းကို(၁)နှစ်ရပ်ဆိုင်းခြင်း၊ သတိပေးသည့် ဝန်ထမ်းဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းဖြစ်ပါကြောင်း၊ ၎င်းအား ၁၅-၅-၂၀၁၃ နေ့မှစ၍ တာဝန်မှယာယီရပ်ဆိုင်းခြင်းကို ပယ်ဖျက်ပြီးတာဝန်မှ ယာယီရပ်ဆိုင်းသည့်ကာလကို တာဝန်ချိန်အဖြစ်သတ်မှတ်ကာ မူလတာဝန်များကို ပြန်လည်ပေးအပ်ပြီးဖြစ်ပါကြောင်း။

တရားနိုင် ဒေါ်သန်းသန်းအေး လျှောက်ထားသည့် တရားမဇာရီမှုအမှတ် ၂၆/၂၀၁၂ အမှုမှာ တရားမကြီးမှုကို စတင်စွဲဆိုသည်မှာ ၁၇-၂-၂၀၀၉ နေ့ဖြစ်ပြီး နှစ်ဖက်အယူခံ/ ပြင်ဆင်မှုများ တရားရုံးအဆင့်ဆင့်သို့ တင်သွင်းအဆုံးအဖြတ်ခံယူကြသဖြင့် ၁၅-၈-၂၀၁၂ နေ့တွင်မှ အပြီးသတ် ဒီကရီချမှတ်နိုင်ခဲ့ပါကြောင်း၊ တရားမကြီးမှုနှင့် ဒီကရီအတိုင်းဆောင်ရွက်ရန်ဖွင့်သည့် ဇာရီမှု ၂ မှု ဆောင်ရွက်မှုမှာ(၁၀)နှစ်ကျော်ကြန့်ကြာခြင်းမရှိကြောင်း၊ (၄)နှစ်ကျော်ခန့်သာ ကြန့်ကြာခြင်းဖြစ်ကြောင်းနှင့် အမှုကို တရားမကျင့်ထုံးဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကော်မတီတစ်ခု၏ အမည်ပြင်ဆင်ခြင်း၊ ကော်မတီ(၁၈)ခု သက်တမ်းတိုးမြှင့်ခြင်း၊ ကော်မတီအဖွဲ့ဝင်များ ပယ်ဖျက်ခြင်း၊ ပြောင်းရွှေ့၊ ထည့်သွင်းတာဝန်ပေးအပ်ခြင်း၊ ကော်မရှင်အဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်ခြင်းနှင့် အဖွဲ့ဝင်ထည့်သွင်းဖွဲ့စည်းခြင်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏အတည်ပြုချက် ရယူခဲ့သည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားခဲ့သည်။

(သတင်းစဉ်)

✻ အမျိုးသားလွှတ်တော်မှ

ဦးအုန်းတင်က ဥပဒေကြမ်း၏ အခန်း (၁)၊ အပိုဒ် ၂(က)တွင် ပျံ့နှံ့စေခြင်း ဟူသော စကားရပ်အစား ဖြန့်ချိခြင်း ဟူသော စကားရပ်ကို အစားထိုးပြီး လူမှုရေးနှင့်ဟူသော စကားရပ်ကို ပယ်ဖျက်သင့်ပါကြောင်း၊ အပိုဒ် ၄(က)တွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက သတ်မှတ်ထားသော စည်းကမ်းနှင့် အညီဟူသော စကားရပ်ကိုပယ်ဖျက်ပြီး အစိုးရဌာန၊ အဖွဲ့အစည်းများတွင် သတင်းအချက်အလက်ရယူခွင့်၊ နေရာထိုင်ခင်းရခွင့်နှင့် ဝင်၊ ထွက်သွားလာခွင့်တို့ရှိသည်ဟုသာ ဖော်ပြသင့်ပါကြောင်း၊ အပိုဒ် ၆(က)တွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ အာဏာပိုင်အဖွဲ့အစည်း (၃)ရပ်ကဖြစ်စေ အမိန့်ညွှန်ကြားချက်ဖြင့် လုံခြုံရေးအဆင့်အတန်းသတ်မှတ်ထားသော စာရင်း၊ ဇယား၊ ဓာတ်ပုံ၊ မှတ်တမ်းရေးသားချက်များမှအပ ဟူသော စာပိုဒ်ကို ပယ်ဖျက်ပြီး အများပြည်သူ သိခွင့်ရှိသော သတင်းအချက်အလက်များကို အစိုးရဌာနအဖွဲ့အစည်းများထံမှ တောင်းယူကြည့်ရှုခွင့်ရှိသည် ဟူသော စာပိုဒ်ကိုသာ ဖော်ပြသင့်ပါကြောင်း၊ အပိုဒ် ၆(ခ)တွင် ဖော်ပြထားသည့် ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များနှင့် အညီဟူသော စကားရပ်ကို ပယ်ဖျက်သင့်ပါကြောင်း၊ အပိုဒ် ၁၉ တွင်ဖော်ပြထားသည့် နှောင်ကြိုးမဲ့ဟူသော စကားလုံးအစား စေတနာအလျောက် ဟူသော စကားလုံးဖြင့် အစားထိုးသင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်က ပုဒ်မ ၁၃ (က၊ ခ၊ ဂ၊ ဃ) တို့နှင့် ပတ်သက်၍ အင်ဒိုနီးရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် ဆောင်ရွက်ထားမှုနှင့်နှိုင်းယှဉ်ကာ အဖွဲ့ဝင် (၁၅)ဦးမှ (၃၀)အထိ ကောင်စီအဖွဲ့ဝင်သတ်မှတ်ချက်အပေါ် စဉ်းစားသင့်ပါကြောင်း၊ ပုဒ်မ ၆(က)ပါ ပြဋ္ဌာန်းချက်မှ ရှေ့စာသားများပယ်ဖျက်၍ အများပြည်သူသိခွင့်ရှိသော သတင်းအချက်အလက်များကို အစိုးရဌာန၊ အဖွဲ့အစည်းများထံမှ တောင်းယူကြည့်ရှုခွင့်ရှိသည်ဟူသော ပြဋ္ဌာန်းချက်ကို ထောက်ခံပါကြောင်းနှင့် ကျန်ဥပဒေကြမ်းပါပြဋ္ဌာန်းချက်များအား ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်းက ပုံနှိပ်သတင်းမီဒီယာမရောက်သည့် ကျေးလက်ဒေသများတွင် အကျိုးအမြတ်ဖြင့် ထုတ်ဝေခြင်းမဟုတ်သော တိုင်းရင်းသားဘာသာစကားများဖြင့် ထုတ်ဝေသည့် သတင်းမီဒီယာများရှိပါကြောင်း၊ အကျိုးအမြတ်ဖြင့် ထုတ်ဝေမည်ဆိုလျှင်လည်း ဈေးကွက်ကျဉ်းလွန်းသဖြင့် တွက်ခြေကိုက်မှုမရှိနိုင်ပါကြောင်း၊ ထို့ကြောင့် ကျေးလက်နေလူထုအသိပညာ ပွင့်လင်းစေရန် အလို့ငှာ ပုဒ်မ ၂၇ ကို ပယ်ဖျက်သင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ဆုံးဖြတ်ခဲ့

အဆိုပါ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်၍ ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် လွှတ်တော်က ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးတွင် **မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်များ၏ အကြံပြုချက်အပေါ် ဥပဒေကြမ်းကော်မတီ၏ ပြန်လည်စိစစ်တင်ပြချက် အစီရင်ခံစာကို ကော်မတီဝင် ဦးစောမော်ထွန်းက တင်သွင်းရာတွင် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပြီးဖြစ်ပါသဖြင့် လွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါကြောင်းဖြင့် ဖတ်ကြားတင်သွင်းခဲ့ပြီး တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြု ဆောင်ရွက်ခဲ့သည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ **ဦးစောမော်ထွန်း**က "ဒီဥပဒေ ပေါ်ပေါက်လာတာဟာ ကျွန်တော်တို့လက်ခံကြိုဆိုဖို့ကောင်းတဲ့အချက်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အပေါ်မှာ ကိုယ်စားလှယ်(၅)ဦးက ထောက်ခံပြီးတော့ ဖြည့်စွက်ထားတဲ့ အချက်တွေကလည်း နိုင်ငံတော်နဲ့နိုင်ငံသားတစ်ရပ်လုံးကို အကျိုးပြုနိုင်တဲ့အချက်၊ လူ့အခွင့်အရေးကို များစွာကာကွယ်ပေးနိုင်တဲ့ အချက်တွေဖြစ်တာကို တွေ့ရတဲ့အတွက် နိုင်ငံတော်နဲ့နိုင်ငံသားတွေ အများကြီး အကျိုးရှိမယ်လို့ ထင်မြင်ယူဆမိပါတယ်"ဟု သုံးသပ်ပြောပြခဲ့သည်။

အစည်းအဝေး(၂၈)ရက်မြောက်နေ့ကို ဩဂုတ် ၃၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ပထမအကြိမ် ရခိုင်ပြည်နယ် လွှတ်တော်စည်းဝေး

နေပြည်တော် ဩဂုတ် ၂၈

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးဒုတိယနေ့ကို ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(ယာပုံ)**

အစည်းအဝေးတွင် မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ပြည်နယ်အစိုးရအဖွဲ့ အစီရင်ခံစာ၊ ပြည်နယ်တရားလွှတ်တော် အစီရင်ခံစာ၊ ပြည်နယ်စာရင်းစစ်ချုပ် အစီရင်ခံစာ၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေအရအသုံးဆိုင်ရာ အစီရင်ခံစာနှင့် ဥပဒေ(မူကြမ်း)များ တင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း
(၂၀၁၃ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)
၁၃၇၅ ခုနှစ်၊ လ၊ ရက်
(၂၀၁၃ ခုနှစ်၊ လ၊ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (ဎ)၌ ပါရှိသော **"ဆေးမြီးတို"** ဆိုသည့် စကားရပ်ကို **"အလွယ်တကူဖော်စပ်သုံးစွဲနိုင်သော အရပ်သုံးဆေးဝါး"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဍ)ကို ပယ်ဖျက်ရမည်။

(ဂ) ပုဒ်မခွဲ **(ဎ)၊ (ဏ)၊ (တ)နှင့်(ထ)**တို့ကို ပုဒ်မခွဲ **(ဍ)၊ (ဎ)၊ (ဏ)နှင့် (တ)**တို့အဖြစ် ပြောင်းလဲသတ်မှတ်ရမည်။

၃။ တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ ၃၁ တွင်ပါရှိသော **"ငွေဒဏ်ကျပ် ၃၀၀၀၀ အထိဖြစ်စေ"** ဆိုသည့် စကားရပ်ကို **"ငွေဒဏ်ကျပ်သုံးသိန်းအထိဖြစ်စေ"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ ၃၂ တွင်-

(က) ပုဒ်မခွဲ (က)၌ပါရှိသော **"ငွေဒဏ်ကျပ် ၃၀၀၀၀ အထိဖြစ်စေ"** ဆိုသည့်စကားရပ်ကို **"ငွေဒဏ်ကျပ်သုံးသိန်းအထိဖြစ်စေ"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ)၌ ပါရှိသော **"ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ"** ဆိုသည့်စကားရပ်ကို **"ငွေဒဏ်ကျပ်တစ်သိန်းအထိဖြစ်စေ "** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ ၃၃ တွင်ပါရှိသော **"ငွေဒဏ်ကျပ် ၅၀၀၀ အထိဖြစ်စေ"** ဆိုသည့် စကားရပ်ကို **"ငွေဒဏ်ကျပ် ငါးသောင်းအထိ ဖြစ်စေ"**ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

"၆။ တိုင်းရင်းဆေးဝါးဥပဒေ ပုဒ်မ ၄၃ တွင် ပုဒ်မခွဲ (က)၌ ပါရှိသော **"လုပ်ထုံးလုပ်နည်းများ"** ဆိုသည့်စကားရပ်ကိုပယ်ဖျက်ပြီး ပုဒ်မခွဲ(ခ) ၌ **"ညွှန်ကြားချက်"** ဆိုသည့် စကားရပ်၏နောက်တွင် **"နှင့်လုပ်ထုံးလုပ်နည်းများ"** ဆိုသည့် စကားရပ်ကိုဖြည့်စွက်ရမည်။"

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း
(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၅ ခုနှစ်၊ လ၊ ရက်
(၂၀၁၃ ခုနှစ်၊ လ၊ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အဆိပ်များအက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(၂)တွင်ပါရှိသော **"with fine which may extend to one thousand kyats,"** ဆိုသည့် စကားရပ်ကို **"with fine which may extend to five hundred thousand kyats,"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ အဆိပ်များအက်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဂ)တွင်-

(က) ပုဒ်မခွဲငယ်(၁)၌ ပါရှိသော **"with fine which may extend to five hundred kyats,"** ဆိုသည့် စကားရပ်ကို **"with fine which may extend to one hundred thousand kyats,"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲငယ်(၂)၌ ပါရှိသော **"with fine which may extend to one thousand kyats,"** ဆိုသည့် စကားရပ်ကို **"with fine which may extend to three hundred thousand kyats,"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

ပြည်တွင်းသတင်း

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မြစ်ကြီးနားမြို့ရှိ ဒေသခံပြည်သူများနှင့် နယ်မြေလုံခြုံရေးအခြေအနေကြောင့် နေရပ်စွန့်ခွာခဲ့ရသော မိသားစုများအားတွေ့ဆုံ

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့်အဖွဲ့ မိုင်းနားကယ်ဆယ်ရေးစခန်းရှိ နေရပ်စွန့်ခွာ ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၈

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့်အဖွဲ့သည် ယမန်နေ့က မြစ်ကြီးနားမြို့ သီတာရပ်ကွက် အောင်ဆန်းလမ်းရှိ သီတာခရစ်ယာန် နှစ်ခြင်းအသင်းတော်ခန်းမ၌ မြစ်ကြီးနားမြို့ရှိ ဒေသခံပြည်သူများအား တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်း၊ ပြည်နယ်ဝန်ကြီးများ၊ မြန်မာနိုင်ငံ ခရစ်ယာန်ကောင်စီအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများလည်း တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသခံပြည်သူများအနေဖြင့် မစ္စတာဗီဂျေနမ်ဘီးယားနှင့် ယခုကဲ့သို့ တွေ့ဆုံစဉ် မိမိတို့၏အမြင်များကို လွတ်လွတ်လပ်လပ်ဆွေးနွေးပြောကြားနိုင်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က မိမိတို့နိုင်ငံ ထာဝရငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ကေအိုင်အို/ကေအိုင်အေအဖွဲ့နှင့် ယုံကြည်မှုတည်ဆောက်လျက်ရှိရာ အောင်မြင်မှုများရရှိနေမှု၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ တစ်ဆင့်ပြီးတစ်ဆင့် ဖော်ဆောင်လျက်ရှိရာ ရလဒ်ကောင်းများရရှိနေမှု၊ ကချင်ပြည်နယ်ရှိ ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ပြီး အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်နေမှုနှင့် အကြံပြုချက်များသည် ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် မစ္စတာဗီဂျေနမ်ဘီးယားက အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးတို့အတွက် အကောင်းမြင်အပြုသဘောဆောင်စိတ်များဖြင့် လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးပြောကြားနိုင်ပါကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပြီး ကုလသမဂ္ဂက လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြသည်။

ယင်းနောက် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက်ရှိ ဂျန်မိုင်ကောင်း ကယ်ဆယ်ရေးစခန်းရှိ နယ်မြေ လုံခြုံရေးအခြေအနေကြောင့် နေရပ်စွန့်ခွာပြည်သူများ၊ ဝိုင်းမော်မြို့နယ် အမှတ်(၄) ရပ်ကွက်ရှိ သာဂရသရက်တော ကယ်ဆယ်ရေးစခန်းနှင့် မိုင်းနား ကက်သလစ်ကယ်ဆယ်ရေးစခန်းတို့ရှိ နေရပ်စွန့်ခွာ ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

❒ ***ရှေ့ဖုံးမှ***

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ကို ၁၉၈၉ ခုနှစ် ဇွန်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး (၁၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှစပြီး (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအထိ မပျက်မကွက် ပါဝင်ယှဉ်ပြိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်အနေဖြင့် အရှေ့တောင်အာရှပြိုင်ပွဲများတွင်သာမက အာရှအဆင့်ပြိုင်ပွဲများတွင်လည်း ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ကရာတေးဒိုအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးကို ဒေသတွင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတကာပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် ရရှိထားသောအတွေ့အကြုံများကိုအခြေခံ၍ ပြိုင်ပွဲဝင်နိုင်ငံများ၏ပူးပေါင်းကူညီမှုဖြင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်မှ Test Match ပြိုင်ပွဲများနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အောင်မြင်စွာကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ယနေ့ ကျင်းပသည့် Pre SEA Games Karatedo Test Match ပြိုင်ပွဲမှ အရှေ့တောင်အာရှနိုင်ငံများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများနှင့် နားလည်မှုများ ပိုမိုရရှိနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြိုင်ပွဲဝင် အားကစားသမားများကိုယ်စား အားကစားသမားတစ်ဦးနှင့် ဒိုင်လူကြီးများကိုယ်စား ဒိုင်လူကြီးတစ်ဦးတို့က သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြပြီး ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အမျိုးသမီးအသင်းများက အသင်းလိုက် "ခတ"သရုပ်ပြ၍ ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက သီဆိုကပြဖျော်ဖြေကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြိုင်ပွဲများကို ဆက်လက်ကျင်းပပြီး မွန်းလွဲပိုင်းတွင် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းနှင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယနေ့ဖွင့်လှစ်လိုက်သည့် Pre SEA Games Karatedo Test Match ပြိုင်ပွဲတွင် မလေးရှားနိုင်ငံအသင်း၊ ထိုင်းနိုင်ငံအသင်း၊ ဗီယက်နမ်နိုင်ငံအသင်း၊ လာအိုနိုင်ငံအသင်း၊ အိမ်ရှင်မြန်မာနိုင်ငံမှ (အေအသင်း)နှင့် (ဘီအသင်း)တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ဩဂုတ် ၂၉ ရက်အထိ အဆိုပါအားကစားရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျိုင်းတုံမြို့နယ် ကတ်ဝုန်းရွာ၌ ရေလွှမ်းမှု ရဲတပ်ဖွဲ့က ကူညီဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၈

ရှမ်းပြည်နယ် ကျိုင်းတုံမြို့ ကတ်ဝုန်းရွာအလယ်ရှိ နမ်ဖူးချောင်း ရေလျှံမှုကြောင့် နေအိမ်၂၁ လုံး၊ လူဦးရေ ကျား ၅၃ ဦး၊ မ ၆၉ ဦး စုစုပေါင်း၁၂၂ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ပြီး တင်ထက်ရွာရှိ လယ်ဧက ၃၀၊ ဝန်ကျန်ရွာရှိ လယ်ဧက ၂၀ တို့ကို သဲဖုံးလွှမ်းသွားခဲ့ကြောင်း သိရှိရသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ကျိုင်းတုံမြို့နယ် လူမှုကူညီရေးအသင်းမှ အဖွဲ့ဝင်များက ကတ်ဝုန်းရွာအတွက် ထောက်ပံ့ငွေကျပ် ၂၇၀၀၀၀၊ ဝန်ပေါင်ရွာအတွက် ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀၊ နောင်ရှန်ရွာအတွက် ရေသန့်အတွဲ ၂၀ တို့ကို ပေးအပ်ခဲ့ကြောင်းနှင့် သစ်ပင်ပိ၍ ဒဏ်ရာရရှိခဲ့သည့် ကတ်ဝုန်းရွာနေ ဦးစိုင်းလုံ(၆၀) နှစ်မှာ ကျိုင်းတုံပြည်သူ့ဆေးရုံကြီး၌ ကုသမှုခံယူလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကျိုင်းတုံမြို့ ကတ်ဝုန်းရွာရှိ ရေလျှံမှုကြောင့် သဲဖုံးလွှမ်းသော နေအိမ်များအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးကြစဉ်။ (သတင်းစဉ်)

ထန်းကုန်းကယ်ဆယ်ရေးစခန်း၌ မီးဘေးသင့်ပြည်သူများအား ပစ္စည်းများထောက်ပံ့ပေးအပ်

နေပြည်တော် ဩဂုတ် ၂၈

ကန့်ဘလူမြို့နယ် ထန်းကုန်းကယ်ဆယ်ရေးစခန်းရှိ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ စခန်း၌ကျင်းပရာ မီးဘေးသင့် အိမ်ထောင်စု ၅၁ စု၊ လူဦးရေ ၃၂၅ ဦးအား Family Kit တစ်စုံစီ၊ မိုးကာနှင့် ထောက်ပံ့ရေးပစ္စည်းများကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် တာဝန်ရှိသူတို့က ပေးအပ်ခဲ့ကြသည်။

ကန့်ဘလူမြို့နယ် ထန်းကုန်းကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ကုသပေးစဉ်။ (သတင်းစဉ်)

ပေးအပ်ခဲ့

ထို့နောက် မီးဘေးသင့်ကျောင်းသား ကျောင်းသူ ၄၅ ဦးတို့အား ကျောင်းသုံးဖတ်စာအုပ် ၃၉ စုံ၊ ခဲတံ၊ ဘောလ်ပင်၊ ဗလာစာအုပ်များကို ပေးအပ်ခဲ့သည်။

အဆိုပါ ထန်းကုန်းကယ်ဆယ်ရေးစခန်းသို့ ကန့်ဘလူမြို့နယ် ခုတင် ၁၀၀ ဆေးရုံအုပ်ကြီးနှင့် ထန်းကုန်းကျေးလက်ဌာနခွဲမှ တာဝန်ရှိသူတို့က ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိရာ ဩဂုတ် ၂၆ ရက်တွင် ၅၈ ဦး၊၂၇ ရက်တွင် ၅၁ ဦး၊၂၈ ရက်တွင် ၂၅ ဦးနှင့် ကိုယ်ဝန်ဆောင်မိခင်သုံးဦးတို့အား ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ခဲ့ကြောင်း၊ ချက်ပြုတ်ကျွေးမွေးရေးကော်မတီက ကြီးကြပ်ပြီး နေ့စဉ်ချက်ပြုတ်ကျွေးမွေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဝေငှပေး

ကန့်ဘလူမြို့နယ် ထန်းကုန်းကယ်ဆယ်ရေးစခန်းရှိ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ဝေငှပေးစဉ်။ (သတင်းစဉ်)

◆ ***ကျောဖုံးမှ***

ဒူးခေါင်းရောင်ရမ်းနာကို အမြန်ဆုံး ပျောက်ကင်းသက်သာစေကြောင်း လေ့လာတွေ့ရှိရသည်ဟု ဆိုသည်။

ဘရိုကိုလီကွန်ပေါင်းသည် လက်များ၊ ခြေချောင်းများ၊ ကျောရိုး၊ တင်ပါးဆုံနှင့်ဒူးခေါင်းတို့တွင် ဖြစ်ပွားလေ့ရှိသော အရိုးပွရောဂါအတွက် ကာကွယ်ပေးနိုင်စွမ်းရှိကြောင်း ယူကေအဆစ်မျက်ဆိုင်ရာသုတေသနဌာနမှ ပါမောက္ခ အလန်ဆဲလ်မန်းက ပြောသည်။ ယူကေတွင် အရိုးပွရောဂါဖြစ်ပွားသူ ရှစ်သန်းခွဲကျော်ရှိသည်ဟု ဆိုသည်။ **(ဘီဘီစီ)**

လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၈

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် Junior Golf Myanmar(JGM) က ကျင်းပသော 4th Junior Golf Myanmar Tournament ၂၀၁၃ လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ရန်ကုန်မြို့ ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲနှင့်စပ်လျဉ်း၍ သိရှိလိုပါက ဖုန်း-၀၉-၄၃၀၉၅၆၇၈ နှင့် ၉၆၆၉၅၂၆ တို့သို့ စုံစမ်းနိုင်သည်။ **(မြန်မာ့အလင်း)**

မိုးလေဝသအခြေအနေ

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ် B.SC (Sport), B.A (Sport) သင်ရိုးညွှန်းတမ်းအတွက် ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းစည်းဝေး

ရန်ကုန် ဩဂုတ် ၂၈

၂၀၁၃-၂၀၁၄ ပညာသင်နှစ် B.SC(Sport), B.A(Sport) သင်ရိုးညွှန်းတမ်းနှင့် အချိန်ဇယားအတွက် ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီး ကျိုက္ကဆံကွင်းရှိအားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် B.SC (Sport), B.A(Sport)သည် ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ခြေလှမ်းသစ်တစ်ခုဖြစ်ပါကြောင်း၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်အတွက် လျာထားသည့် အားကစားပညာရပ်ရှစ်ခုအတွက် ဘာသာရပ်များ သင်ကြားပို့ချရန်၊ ပထမနှစ်၏ ဒုတိယနှစ်ဝက်တွင် ပို့ချမည့် Sports Psychology ဘာသာရပ်ကိစ္စရပ်များ၊ ကျောင်းသား ကျောင်းသူများအား အားကစားနှင့် ကာယပညာသိပ္ပံနှစ်ခုတွင် အဆောင်ထားရှိပြီး တက္ကသိုလ်များသို့ ကြိုပို့ဆောင်ရွက်ပေးရန်၊ ဘွဲ့ကြိုကျောင်းသားကျောင်းသူများအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူ သင်တန်းသား ၅၀ စီကို လက်ခံပေးသွားရန်တို့နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီကကျင်းပသော ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသော အကြံပေးအဖွဲ့ခေါင်းဆောင် ဦးရဲမြင့်၊ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာလှငွေး၊ ရတနာပုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမောင်မောင်တင်နှင့် ပါမောက္ခများ၊ ဌာနမှူးများက B.SC(Sport), B.A (Sport) အတွက် ပညာသင်နှစ်အတွင်း ပထမနှစ်မှ စတုတ္ထနှစ်ပြီးဆုံးသည်အထိ ဘွဲ့ရရှိရေး ကိစ္စရပ်များ၊ Sports Skill ပိုင်းအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ အားကစားဘာသာရပ်အား မယူမနေရဘာသာရပ်အဖြစ် သင်ကြားရေးကိစ္စရပ်များ၊ အဝေးသင်ကူးပြောင်းသင်ကြားရေးကိစ္စရပ်များ၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းမှ တက္ကသိုလ်သို့တက်ရောက်သင်ကြားနိုင်ရေး ကိစ္စရပ်များ၊ Administration၊ Organization နှင့် Teaching Sports ဘာသာရပ်ဆိုင်ရာများ၊ အားကစားထူးချွန်မှုအဆင့်သတ်မှတ်ရန် ကိစ္စရပ်များ၊ ပြည်ပသို့ လေ့လာရေးစေလွှတ်ခြင်းနှင့် ပြည်ပမှအကြံပေးပုဂ္ဂိုလ်များခေါ်ယူရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တဝိလာသဂ္ဂ ပျံလွန်တော်မူ

ရန်ကုန် ဩဂုတ် ၂၈

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ကျွန်းဦးစာသင်တိုက် ပဓာနနာယကဆရာတော် နိုင်ငံတော်သြဝါဒါစရိယ သက်တော် (၇၈) နှစ်၊ သိက္ခာတော် (၅၈)ဝါရှိ ဘဒ္ဒန္တဝိလာသဂ္ဂ (မဟာဂန္ထဝါစကပဏ္ဍိတ) သည် ၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ ရက်၊ ဩဂုတ် ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

▲ ရှေ့ဖုံးမှ

ဆီးဂိမ်းအဆင့်ပြိုင်ပွဲမှာ ယခုလို ရွှေတံဆိပ်ရသည့်အတွက် အားရပါကြောင်း၊ မိမိတို့ကရာတေးသမိုင်းမှာ ငွေတံဆိပ်ပဲအမြင့်ဆုံးရရှိဖူးလို့ မိမိနိုင်ငံမှာကျင်းပတဲ့ ဆီးဂိမ်းပြိုင်ပွဲမှာ ရွှေတံဆိပ်ဆွတ်ခူးပြီး သမိုင်းတွင်စေမှာဖြစ်ကြောင်း၊ ရွှေတံဆိပ်ရဖို့ အားသွန်ခွန်စိုက် ကြိုးပမ်းနေကြောင်း၊ မလေးရှားနည်းပြနဲ့ ပုံမှန်လေ့ကျင့်နေပြီး ကမ္ဘာ့အဆင့်ရှိသည့် အီရန်နည်းပြနှင့် အပတ်စဉ်လေ့ကျင့်နေကြောင်း၊ အောက်တိုဘာလကစပြီး အီရန်နည်းပြနှင့်

မြန်မာနိုင်ငံ ကရာတေးဒို အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်။

အချိန်ပြည့် လေ့ကျင့်သွားမှာဖြစ်ကြောင်း၊ အမျိုးသမီးခတပြိုင်ပွဲက အလားအလာရှိသည့်အတွက် ဂျပန်နိုင်ငံသို့ ယင်းဝှာထောင်းလွယ်ကို သွားရောက် သင်ကြားစေကြောင်း၊ ယခု Pre ဆီးဂိမ်းမှာလည်း ထည့်မကစားထားကြောင်း၊ အမျိုးသားအသင်းလိုက်ခတအတွက် ဂျပန်နည်းပြနှင့် ရန်ကုန်မှာလေ့ကျင့်နေကြောင်း၊ ကစားသမားတွေအရည်အချင်းတိုးတက်မှုနှင့် ပြိုင်ပွဲအနေအထားမှာ ယှဉ်ပြိုင်ခဲ့မှုတွေကမျှော်မှန်းထားသလို ဆီးဂိမ်းမှာ အောင်မြင်မှုရနိုင်ကြောင်း၊ မြန်မာအသင်းနှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ရခြင်းမှာ ကစားသမားအခြေအနေသိရှိလို၍ဖြစ်ကြောင်း၊ စက်တင်ဘာလ၌ ထိုင်းအိုးပင်းပြိုင်ပွဲကိုလည်း သွားရောက်ယှဉ်ပြိုင်စေမှာ ဖြစ်ကြောင်း၊ ဒါမှတစ်ဦးချင်းအခြေအနေကိုကြည့်ပြီး လူရွေးချယ်ယှဉ်ပြိုင်စေမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

Pre ဆီးဂိမ်းပြိုင်ပွဲတွင် ယခုလို ရွှေရသည့်အတွက် အံ့အားသင့်မိကြောင်း၊ အမျိုးသားအသင်းလိုက်ခတကတော့ ရွှေရမယ်လို့ အာမခံထားကြောင်း၊ ယခင်ဆီးဂိမ်းပြိုင်ပွဲတွေမှာ ဒုတိယနဲ့သာ ကျေနပ်ခဲ့ရကြောင်း၊ ယခုလို အရည်အချင်းစစ်ခွင့်ရသည့်အတွက် ဆီးဂိမ်းပြိုင်ပွဲမှာ ဒီထက်ပိုပြီး အောင်မြင်မယ်လို့ ထင်မိပါကြောင်း၊ စခန်းသွင်း လေ့ကျင့်မှု နှစ်နှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ ယခုပူးပေါင်း လေ့ကျင့်လျက်ရှိပါကြောင်း၊ ကျန်သည့်အချိန်အတွင်းမှာ လိုအပ်ချက်တွေကိုပြင်ဆင်နိုင်ခဲ့လျှင် မျှော်မှန်းသည့် ရွှေတံဆိပ်များရရှိမှာဖြစ်ကြောင်း ကရာတေးဒို တာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ထိန်ဝင်းမြင့်က ပြောကြားသည်။

"သမီး အရမ်းပျော်ပါတယ်ရှင့်၊ နိုင်ငံတကာပြိုင်ပွဲတွေကို ၂၀၀၈ခုနှစ်လောက်ကတည်းက ယှဉ်ပြိုင်ခဲ့ပြီး ဆုမရရှိခဲ့ဘူး။ ယခုပွဲမှာ ရွှေတံဆိပ်ရတဲ့အတွက် အလွန်ဝမ်းသာပါတယ်၊ ဆီးဂိမ်းမှာ အဓိကပြိုင်ဘက်နိုင်ငံတွေဖြစ်တဲ့ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နိုင်ငံတွေထဲက မလေးရှားနိုင်ငံကို ပိုသတိထားရမှာဖြစ်ပါတယ်။ အစွမ်းကုန်ကြိုးစားသွားမှာထက်ကို ပိုကြိုးစားပြီး အောင်မြင်မှုရရှိစေဖို့ ကြိုးပမ်းသွားမှာပါ"ဟု အမျိုးသမီးတစ်ဦးချင်း ခတပြိုင်ပွဲ ရွှေတံဆိပ်ရရှိသည့် ရီနွယ်ထွန်းက ပြောကြားခဲ့သည်။

အာဆီယံယူ (၁၆) အုပ်စု (က) ဩစတြေးလျနှင့် ဗီယက်နမ်တို့ ဆီမီးတက်

နေပြည်တော် ဩဂုတ် ၂၈

➤ သတင်း-ညီမြတ်သော်တာ ➤ ဓာတ်ပုံ-စိုးညွန့်

အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲအုပ်စု(က)နောက်ဆုံးပွဲစဉ်များကို ယနေ့ညနေပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိကွင်း၌ ဆက်လက်ကျင်းပသည်။

မြန်မာ	-	**နှစ်ဂိုး**
ကမ္ဘောဒီးယား	-	**တစ်ဂိုး**

အုပ်စုတက်ရေး အရေးမပါတော့သည့် ပွဲစဉ်ဖြစ်သော်လည်း ကမ္ဘောဒီးယားအသင်း၏ ရုန်းကန်မှုကြောင့် အိမ်ရှင်မြန်မာအသင်းမှာ ခက်ခက်ခဲခဲကစားခဲ့ရသည်။ ပွဲအစ ၁၀ မိနစ်တွင် တိုက်စစ်မှူး စအောင်ပြည့်ကို၏သွင်းဂိုးဖြင့် မြန်မာအသင်း ဂိုးစရခဲ့သော်လည်း ခြေစွမ်းပိုင်းအရ အသာမရခဲ့ပေ။ ဂိုးပေးရပြီး နောက်ပိုင်းတွင် ကမ္ဘောဒီးယားအသင်းက ဖိကစားနိုင်ခဲ့ပြီး ဂိုးပြန်မပေးရရန် မြန်မာအသင်းခက်ခက်ခဲခဲ ကစားခဲ့ရသည်။ မိနစ် ၈၀ ကျမှ မြန်မာအသင်း ဒုတိယဂိုးထပ်မံ ရရှိခဲ့ပြီး ကမ္ဘောဒီးယားနောက်ခံလူက ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်း ဖြစ်သည်။ ပွဲပြီးခါနီးတွင် ကမ္ဘောဒီးယားအသင်းက ချေပဂိုးတစ်ဂိုးပြန်သွင်းခဲ့သည်။ ခြောက်မှတ်ရရှိသော အိမ်ရှင်မြန်မာအသင်း၊ သုံးမှတ်ရရှိသော ကမ္ဘောဒီးယားအသင်းနှင့် အမှတ်မရခဲ့သော ဘရူနိုင်းအသင်းတို့မှာ အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ဗီယက်နမ်	-	**၁၁ ဂိုး**
ဘရူနိုင်း	-	**ဂိုးမရှိ**

မြန်မာအသင်းမှာ နှစ်ပွဲဆက်နိုင်ပွဲရရှိခဲ့သော်လည်း အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

အုပ်စု(က)ပွဲစဉ်များ ယနေ့ပြီးဆုံးသွားပြီဖြစ်ရာ ဩစတြေးလျအသင်းက လေးပွဲကစား လေးပွဲနိုင် ၁၂ မှတ်ဖြင့် အုပ်စုပထမ၊ ဗီယက်နမ်အသင်းက လေးပွဲကစား သုံးပွဲနိုင် တစ်ပွဲရှုံးကိုးမှတ်ဖြင့် ဆီမီးဖိုင်နယ်သို့တက်ရောက်သွားသည်။

အုပ်စု(ခ) နောက်ဆုံးပွဲစဉ်များကို ဩဂုတ် ၂၉ ရက် ယနေ့ညနေ ၄နာရီတွင်တစ်ပြိုင်တည်း ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဝဏ္ဏသိဒ္ဓိကွင်း၌ အင်ဒိုနီးရှားနှင့်မလေးရှား၊ ဇေယျာသီရိကွင်း၌ စင်ကာပူနှင့်လာအိုတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ သုံးပွဲစီကစားအပြီးတွင် အင်ဒိုနီးရှားနှင့် မလေးရှားတို့က ခုနစ်မှတ်စီ၊ စင်ကာပူအသင်းက ငါးမှတ်ရရှိထားရာ အုပ်စုတက်ရေးအတွက် နောက်ဆုံးပွဲစဉ်အထိ အဆုံးအဖြတ်ခံယူရမည် ဖြစ်သည်။

ကမ္ဘောဒီးယားအသင်းဘက်သို့ မြန်မာအသင်းတိုက်စစ်မှူး ထိုးဖောက်စဉ်။

ထမင်းဆိုင်တွင်အလုပ်ရမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ခေါ်ဆောင်ကာ တရုတ်မယားအဖြစ် ရောင်းစားခဲ့သူများအား ဖမ်းဆီးအရေးယူ

နေပြည်တော် ဩဂုတ် ၂၈

ဩဂုတ် ၁၃ ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(မူဆယ်)သို့ မန်စီမြို့နယ်နေ ကို. . . ပါ လေးဦး ရောက်ရှိလာပြီး ၎င်းတို့၏ညီမဖြစ်သူ မ. . . . အား ဇွန် ၂ ရက်က မူဆယ်မြို့နယ် ဟိုပေါကျေးရွာနေ အိုက်အောင်(၃၀ နှစ်)နှင့် အိုက်ဆိုင် (၂၂ နှစ်)တို့ နှစ်ဦးက ခေါ်ဆောင်သွားကြောင်း၊ နှစ်လကျော်ကြာသည်အထိ အဆက်အသွယ်မရရှိသဖြင့် မိခင်ဖြစ်သူနှင့်အတူ ဟိုပေါကျေးရွာရှိ အိုက်ဆိုင်၏မိဘများထံ သွားရောက်စုံစမ်းရာ အိုက်ဆိုင်နှင့်ဖုန်းအဆက်အသွယ်ရပြီး ၎င်းတို့၏ ညီမဖြစ်သူမှာ တရုတ်နိုင်ငံ ဟူနန်ပြည်နယ်တွင် အလုပ်လုပ်နေသည်ဟု အိုက်ဆိုင်က ပြောပြခဲ့ကြောင်း၊ ညီမဖြစ်သူနှင့် စကားပြောလိုကြောင်းနှင့် ပြန်ခေါ်ပေးရန်ပြောဆိုရာမှ အိုက်ဆိုင်နှင့် အဆက်အသွယ် မရရှိတော့သဖြင့် ညီမဖြစ်သူကို ခေါ်ဆောင်သွားသူများအား အရေးယူပေးပါရန် ပြောကြားခဲ့သည်။

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(မူဆယ်)မှ တပ်ဖွဲ့ဝင်များက အိုက်အောင်နှင့် အိုက်ဆောင်တို့၏ သတင်းအား စုံစမ်းနေစဉ် ဩဂုတ် ၂၃ရက်နံနက် ၁၀ နာရီခန့်တွင် အိုက်အောင်မှာ ၎င်း၏မိဘများထံ ရောက်ရှိနေကြောင်းသတင်းအရ အိုက်အောင်အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(မူဆယ်)ရုံးသို့ ခေါ်ယူမေးမြန်းခဲ့သည်။ ယင်းနောက် မ. . . ထံဖုန်းဖြင့် ဆက်သွယ်မေးမြန်းခဲ့ရာ ၎င်းအား ဇွန် ၂ ရက်တွင် အိုက်အောင်နှင့် အိုက်ဆိုင်တို့ညီအစ်ကိုနှစ်ဦးက မူဆယ်မြို့ရှိ ထမင်းဆိုင်တွင် အလုပ်လုပ်ရမည်ဟု ပြောဆိုစည်းရုံး၍ခေါ်ဆောင်ခဲ့ကြောင်း၊ ၎င်းနှင့် အိုက်ဆိုင်တို့အား အိုက်ဆောင်မှ ဆိုင်ကယ်ဖြင့် နမ္မတူသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ နမ္မတူတွင် တစ်ညအိပ်ပြီးနောက် အိုက်ဆိုင်က ၎င်းအား မူဆယ်အထိခေါ်ဆောင်သွားပြီး ၎င်းမှ တစ်ဆင့် ကျယ်ဂေါင်သို့ ဝင်ရောက်ခဲ့ကြောင်း၊ ကျယ်ဂေါင်တွင် အိုက်ဆိုင်၏ အစ်မဝမ်းကွဲ မအုန်းမြင့်ဆိုသူနှင့် မမိုးမိုးဆိုသူတို့နှစ်ဦးက ကားဖြင့်လာကြိုပြီး ဟူနန်ပြည်နယ်ရှိ မအုန်းမြင့်၏ နေအိမ်သို့ ခေါ်ဆောင်သွားကြောင်း၊ မအုန်းမြင့်နှင့် မမိုးမိုးတို့မှာ တရုတ်အမျိုးသားများနှင့် အိမ်ထောင်ကျနေသူများ ဖြစ်ကြောင်း၊ မအုန်းမြင့်၏နေအိမ်သို့ ရောက်ရှိပြီး ၁၀ ရက်ခန့် အကြာတွင် ၎င်းအား မအုန်းမြင့်နှင့် မမိုးမိုးတို့က တရုတ်အမျိုးသားတစ်ဦးထံ တရုတ်ယွမ်ငွေ ၂၂၀၀၀ဖြင့် ရောင်းစားခဲ့ကြောင်း ပြောပြခဲ့သည်။

သို့ဖြစ်၍ မ. . . အား ထမင်းဆိုင်တွင်အလုပ်ရမည်ဟု ပြောဆိုစည်းရုံးကာ တရုတ်နိုင်ငံသို့ ခေါ်ဆောင်သွားပြီး တရုတ်မယားအဖြစ် ရောင်းစားခဲ့သူ မူဆယ်မြို့နယ် ဟိုပေါကျေးရွာနေ အိုက်အောင်၊ အိုက်ဆိုင်နှင့် တရုတ်နိုင်ငံ ဟူနန်ပြည်နယ်နေ မခင်အုန်းမြင့်နှင့်မမိုးမိုးတို့လေးဦးအား မူဆယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူခဲ့သည်။ အမှုနှင့်ပတ်သက်၍ အိုက်အောင်အား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်နေသော အိုက်ဆိုင်၊ မခင်အုန်းမြင့်နှင့်မမိုးမိုးတို့ သုံးဦးအား ဖမ်းဆီးရမိရေးနှင့် လူကုန်ကူးခံရသူ မ. . . . အား ပြန်လည်ကယ်တင်နိုင်ရေးအတွက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(မူဆယ်)က နှစ်နိုင်ငံနယ်စပ်ဆက်ဆံရေးရုံး(ရွှေလီ)နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ယာဉ်တိုက်/တိမ်းမှောက်မှုများဖြစ်ပွား

နေပြည်တော် ဩဂုတ် ၂၈

ဩဂုတ် ၂၃ ရက် ညနေ ၃ နာရီခွဲခန့်တွင် မိတ္ထီလာမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၃၀၄/၇)နှင့် (၃၀၅/၀)ကြား၌ မိတ္ထီလာမှ မန္တလေးသို့ ဝမ်းတွင်းမြို့နယ် ကုက္ကိုခါးလှရွာနေ မျိုးသူ(၃၈ နှစ်) မောင်းနှင်လာသော ၁၈/----- ဒိုင်နာအဖြူရောင်ယာဉ်သည် **(အောက်ယာပုံ)** ဝဲဘက်နောက်ဘီးပေါက်ပြီး လမ်းယာဘက်ဘေးမြေသားလမ်းပေါ်သို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါ အမျိုးသားလေးဦး၊ အမျိုးသမီးခြောက်ဦး စုစုပေါင်း ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၁၅၇/၇)အနီး၌ တောင်ငူမြို့နယ် ကေတုမတီမြို့သစ် တပင်ရွှေထီးရပ်ကွက်နေ သန်းဝင်း မောင်းနှင်လာသည့် သ/---ဖောကရိန်းအပြာရောင်ယာဉ်သည် လမ်းယာဘက်ဘေးတွင်ရပ်၍ ပြုပြင်နေစဉ် ရန်ကုန်မှမန္တလေးသို့ ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပလွေရွာနေ မင်းမင်းသက် မောင်းနှင်လာသည့် ၄၇/-----တောင်ပေါ်သား ခရီးသည် တင်ယာဉ်က အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။ **မောင်ရဲ**

ဒေသခံနှစ်ဦး လက်နက်ငယ်ဖြင့် ပစ်ခတ်ခံရ

နေပြည်တော် ဩဂုတ် ၂၈

ရှမ်းပြည်နယ် မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်နေ ဦးရှမ်း(ခ)ဦးအိုက်ထွန်းနှင့် မြောက်ရပ်ကွက်နေ ဦးကျော်မင်းလွင်တို့နှစ်ဦးသည် ဩဂုတ် ၂၇ရက် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်က ကြူကုတ်မှ ဈေးရောင်း၍ဆိုင်ကယ်ဖြင့် မူဆယ်သို့ပြန်လာစဉ် ကြူကုတ် ပန်ဆိုင်းမြို့နယ်ခွဲ ကျင်စန်းကျော့ကျေးရွာအနီး၌ အရပ်ဝတ် ဝတ်ဆင်ထားသူနှစ်ဦးက လက်နက်ငယ်ဖြင့် ပစ်ခတ်၍ ဆိုင်ကယ်များအား မီးရှို့ဖျက်ဆီးခဲ့သဖြင့် ဦးရှမ်း(ခ)ဦးအိုက်ထွန်းမှာ လက်နက်ငယ်ထိမှန်သေဆုံးခဲ့ပြီး ဦးကျော်မင်းလွင်၏ ယာဘက်ပေါင် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

အလုပ်အကိုင်အခွင့်အလမ်းပြပွဲတွင် ၈၉၉ ဦး အလုပ်ခန့်ထားပေးနိုင်

မန္တလေး သြဂုတ် ၂၈

တတိယအကြိမ်မြောက် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (3rd Job Fair 2013) ကို မန္တလေးမြို့တော်ခန်းမ၌ သြဂုတ် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကျင်းပခဲ့ရာ နှစ်ရက်ပေါင်း အလုပ်လျှောက်ထားသူ ၁၉၁၃ ဦးရှိသည့်အနက် ၈၉၉ ဦးကို အလုပ်ခန့်ထားပေးနိုင်ခဲ့ကြောင်း သိရသည်။

ကျင်းပ

"မန္တလေးမြို့အနေနဲ့ ကျွန်တော်တို့ကုမ္ပဏီအပါအဝင် အလုပ်အကိုင်အခွင့်အလမ်းနဲ့ပတ်သက်တဲ့ပွဲကို သုံးကြိမ်တိုင်တိုင်အောင်မြင်စွာ ကျင်းပ

နိုင်ခဲ့ပါတယ်။ လူငယ်တွေအတွက် ထိုက်တန်တဲ့အလုပ်တွေ ကိုယ်စီရရှိသွားတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ နောက်ထပ်လည်း ခုလိုပွဲမျိုး ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှာလုပ်ဖို့ စီစဉ်နေပါတယ်" ဟု ပန်းရာဇာကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးပြည့်ဖြိုးမောင်က ပြောကြားသည်။ ဆင်းရဲမှုလျှော့ချရေးအတွက် လူတိုင်းအတွက် သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိရေး၊ လူငယ်များ အပါအဝင်အလုပ်အကိုင်ရှာဖွေနေသူများနှင့် ဝန်ထမ်းကောင်းများ၊ လိုအပ်နေသော လုပ်ငန်းရှင်များ၊ ကုမ္ပဏီများတိုက်ရိုက်တွေ့ဆုံရွေးချယ်ခန့်ထားနိုင်ရေးအတွက် တစ်နေရာတည်းတွင် အလုပ်ရရှိရေး (One Stop Service) ဝန်ဆောင်မှုပေးရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ပြီး ပြည်ပကုမ္ပဏီ နှစ်ခု၊ ပြည်တွင်းကုမ္ပဏီ ၃၃ ခုတို့ လာရောက်ပြသခဲ့ကြကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

ပန်းချီ၊ ပန်းပုအစည်းအရုံး(ပုသိမ်ကြီး) ဆိုင်းဘုတ်တင်ပွဲကျင်းပ

ပုသိမ်ကြီး သြဂုတ် ၂၈

ပုသိမ်ကြီးမြို့နယ် မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပုအစည်းအရုံးဆိုင်းဘုတ်တင်ပွဲကို သြဂုတ် ၂၅ ရက် နံနက် ၈ နာရီကကျင်းပရာ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းဦးနှင့် အဖွဲ့က ဆိုင်းဘုတ်ကို အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးကြသည်။ ဆက်လက်၍ ပန်းချီပန်းပုအစည်းအရုံးဆိုင်းဘုတ်ကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းဦး၊ ဒုတိယရဲမှူး ဦးထွန်းထွန်း၊ မြို့နယ်အထောက်အကူပြုကော်မတီဦးမြစိုးတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။ ဆိုင်းဘုတ်တင်အခမ်းအနားသို့ ပန်းချီ၊ ပန်းပုအစည်းအရုံး ဥက္ကဋ္ဌဦးကဲသာ(ဦးတွတ်တွတ်)၊ အတွင်းရေးမှူး ဦးသောင်းလွင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်စိမ်းစိမ်း၊ စာရေးဆရာအသင်း ဥက္ကဋ္ဌဦးစိုးနိုင်ဆွေ၊ ပန်းချီပန်းပုအစည်းအရုံးအဖွဲ့ဝင်များ၊ ဝါသနာရှင်များ တက်ရောက်ကြကြောင်း သိရသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

အိမ်ဝင်းအတွင်းပေါက်နေသောမှိုစားရာမှ အော့အန်မှုဖြစ်ပွား

ပုသိမ်ကြီး သြဂုတ် ၂၈

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် လိမ်ပင်ကျေးရွာ ကျူရှင်နေအိမ်တွင် သြဂုတ် ၂၆ ရက်က မှိုနှင့်ကန်စွန်းရွက်စားရာမှ အော့အန်မှုဖြစ်ပေါ်ခဲ့သည်။

ဖြစ်စဉ်မှာ သြဂုတ် ၂၆ ရက် မွန်းလွဲပိုင်းက နေအိမ်ဝင်းအတွင်း ပေါက်နေသော မှိုငါးပွင့်နှင့်ကန်စွန်းရွက်ရော၍ချက်စားရာ ကျူရှင်ဆရာအပါအဝင် တက္ကသိုလ်ဝင်တန်းခြောက်ဦး၊ ဂျီတီစီပထမနှစ်ကျောင်းသားတစ်ဦး၊ နဝမတန်းကျောင်းသားတစ်ဦး စုစုပေါင်းကိုးဦး အော့အန်ခဲ့ရာ ညနေ ၅ နာရီခန့်တွင် ပုသိမ်ကြီးမြို့ ပြည်သူ့ဆေးရုံသို့ တက်ရောက်ကုသခဲ့ကြသည်။ အဆိုပါ လူနာများကို မြို့နယ်ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူများက အခမဲ့ဆေးဝါးများနှင့် ကြီးကြပ်ကုသပေးခဲ့ရာ သက်သာပျောက်ကင်းပြီး သြဂုတ် ၂၇ ရက် ညနေပိုင်းက ဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

မေတ္တာလူငယ် လူမှုပရဟိတ စုပေါင်းလှူဒါန်းရေးအသင်း (၂၂)ကြိမ်မြောက် လှူဒါန်း

မန္တလေး သြဂုတ် ၂၈

မန္တလေးတိုင်းဒေသကြီး ဝက်လက်မြို့နယ် ကော်တုန်ရွာအနီးရှိ တံတားဦးကျေးရွာ မြဝတီဘုန်းကြီးကျောင်း သုတအလင်းစာကြည့်တိုက်သို့ လျှပ်စစ်မီးရရှိရန်အတွက် ဆိုလာပြား၊ အင်ဗာတာနှင့်ဘက်ထရီအိုးများကို မေတ္တာလူငယ် လူမှုပရဟိတ စုပေါင်းလှူဒါန်းရေးအသင်းမှ သြဂုတ် ၂၅ ရက်က (၂၂) ကြိမ်မြောက်အဖြစ် လှူဒါန်းခဲ့သည်။

အဆိုပါ အသင်းကို မန္တလေးမြို့ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များက စေတနာ့ဝန်ထမ်းများအဖြစ် လုပ်အားနှင့် ငွေကြေးလှူဒါန်း၍ စုပေါင်းဆောင်ရွက်နေသော အသင်းကြီးဖြစ်သည်ဟု သိရသည်။

၎င်းအသင်းမှ သြဂုတ် ၂၄ ရက်ကလည်း မန္တလေးခုတင် ၅၅၀ ဆံ့ခွဲစိတ်ဆောင်(၁)တွင် ဆေးကုသမှုခံယူနေသော စအိုကြီးရောဂါဝေဒနာရှင်ကလေးငယ်တစ်ဦးကို အလှူငွေကျပ် ၅၀၀၀၀ လှူဒါန်းခဲ့ကြောင်းနှင့် ယနေ့အချိန်အထိ အသင်းကြီး၏ ကောက်ခံရရှိငွေများထဲမှ စုစုပေါင်းကျန်ငွေမှာ ငွေကျပ် ၁၂၆၈၈၀၀ ဖြစ်ပြီး ၂၀၁၂ ခုနှစ်အတွင်း လှူဒါန်းငွေစုစုပေါင်း ငွေကျပ် ၂၂၃၄၈၀၀ ဖြစ်ကြောင်း သိရသည်။ (ဝ၄၀)

မြန်မာ-ထိုင်းစီးပွားရေးလုပ်ငန်းရှင်များဆွေးနွေး

မန္တလေး သြဂုတ် ၂၈

ထိုင်းနိုင်ငံ Thailand Convention and Exhibition Bureau (TCEB),MICE Capabilities မှ ဒါရိုက်တာ Ms.Nichaya Yoswee ဦးဆောင်သည့် ထိုင်းစီးပွားရေးလုပ်ငန်းရှင် ၂၀ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်နှင့် Venue, Organizer, Intrastructure နှင့် ဒီဇိုင်း၊ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာများ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေးပွဲကို သြဂုတ် ၂၄ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့ Mandalay Hill Resort ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ MRCCI ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးစိုးမြင့်၊ ဦးကျော်ဝင်းတို့က အမှာစကားပြောကြားကြပြီး ထိုင်းနိုင်ငံမှ ဒါရိုက်တာ Ms.Nichaya Yoswee က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကာ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များက အပြန်အလှန်လုပ်ငန်းဆိုင်ရာများ မိတ်ဆက်၍ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များက စီးပွားရေးအခွင့်အလမ်း Business Opportunities များ ဆွေးနွေးကြသည်။ (ဝ၄၀)

စစ်ကိုင်း၌ အသိပညာပေးဟောပြော

စစ်ကိုင်း သြဂုတ် ၂၈

စစ်ကိုင်းမြို့နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး မြို့မိမြို့ဖအဖွဲ့မှ ဦးဆောင်ကျင်းပသော အသိပညာပေးဟောပြောပွဲကို သြဂုတ် ၂၅ ရက် နံနက် ၉ နာရီက စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ကျင်းပရာ တက်ရောက်လာသူများကို မြန်မာလူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုသင်တန်း ကျောင်းအုပ်ကြီး (ရန်ကုန်) MHR ဦးအေးကျော်က အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် စွန့်ဦးတီထွင်မှုနည်းပညာနှင့်ပတ်သက်၍ နည်းပညာပေါ်တွင် တည်မှီလျက်ရှိခြင်းကြောင့် အရည်အချင်းပြည့် လူ့စွမ်းအားအရင်းအမြစ်နှင့် ပတ်သက်၍ ဟောပြောခဲ့သည်။ (၁၃၇)

တအုပ် တပေ လူ့မိတ်ဆွေ

မြန်မာ့ရုပ်မြင်သံကြား

၂၉-၈-၂၀၁၃ (ကြာသပတေးနေ့)
(၁၃၇၅ခုနှစ်၊
ဝါခေါင်လပြည့်ကျော် ၈ ရက်၊ ဥပုသ်နေ့)

နံနက်ပိုင်း

၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၀၀ ပြည်တွင်းသတင်း
၈း၂၅ My Mind Game
My SEA Games

နေ့လယ်ပိုင်း

၁၁း၁၅ ဆိုကြမယ်၊ ပျော်ကြမယ်
၁၂း၀၀ ပြည်တွင်းသတင်း
၁၄း၃၀ မှီခိုရာ (ဘာဝနာ)

ညပိုင်း

၁၆း၃၀ မြန်မာစာ၊ မြန်မာစကား
၁၇း၀၀ ပြည်တွင်းသတင်း
၁၇း၃၀ အိန္ဒိယရုပ်ရှင် "ဖြူစင်မေတ္တာ" (အပိုင်း-၉၇)
၁၉း၀၀ ပြည်တွင်းသတင်း
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၄၅ ပြည်သူ့အတွက် ကြိုးပမ်းမှုပုံရိပ်များ
၂၁း၀၀ ပြည်တွင်းသတင်း
- ညဏ်ရည်ချင်းပြိုင်ဘယ်သူနိုင်
- နိုင်ငံခြားဇာတ်လမ်းတွဲ

နိမိတ်ပုံရိပ်
(အပိုင်း-၂၈)

မွေးမြူရေးနှင့် သားငါးကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီစည်းဝေး

နေပြည်တော် ဩဂုတ် ၂၈

မိမိတို့ဝန်ကြီးဌာန တိုးချဲ့ဖွဲ့စည်းမှုနှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်အား Focal Ministry အဖြစ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဩဂုတ် ၂၆ ရက် မွန်းလွဲပိုင်းက အဆိုပါ ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပသော မွေးမြူရေးနှင့် သားငါးကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ (၈/၂၀၁၃) အစည်းအဝေးတွင် ပြောကြားသည်။

ပြောကြား

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ပါမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေရေး၊ သောက်သုံးရေရရှိရေး၊ အိမ်တိုင်းစေ့လျှပ်စစ်မီးရရှိရေး၊ ဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်ပြီး လူတိုင်းစေ့ ဖုန်းသုံးစွဲနိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်သွားကြရမှာဖြစ်ကြောင်း၊ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်ရာ၌ အားလုံးတွင်တာဝန်ရှိပြီး အားလုံးက တာဝန်ယူတတ်သည့် စိတ်ဓာတ်များ မွေးမြူသွားကြရမည်ဖြစ်ကြောင်း၊ ရှေ့ပြေးစီမံကိန်း (Pilot Project) အနေဖြင့် နိုင်ငံအတွင်းရှိ မြို့နယ်ပေါင်း ၃၃၀ မှ ၃၃ မြို့နယ်ရှိ ဖွံ့ဖြိုးရေးအမှန်တကယ်လိုအပ်နေသော ကျေးရွာများတွင် ကျေးလက်နေပြည်သူများ၏ အဓိကလိုအပ်ချက်များအား ကွင်းဆင်းတွေ့ဆုံပြီး အရေးကြီး လုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်ရမှာ ဖြစ်ကြောင်း၊ မြို့နယ် ၃၃ ခုကို အခြေခံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာအစီအစဉ်ဖြင့် အလှူရှင်များ၊ NGO များ၊ INGO များနှင့် ပူးပေါင်း၍အကောင်အထည်ဖော်သွားရမည်ဖြစ်ကြောင်း၊ ဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးခင်မောင်အေးက နို့စားနွားနှင့် ဝက်မျိုးများ ဖြန့်ဖြူးရေး၊ ပညာပေးသင်တန်းများ စနစ်တကျ ဖွင့်လှစ်ရေးနှင့် သားငါးကဏ္ဍဖွံ့ဖြိုးရေးကိစ္စများကို ရှင်းလင်းပြောကြားသည်။

တင်ပြ

ယင်းနောက် အထောက်အကူပြုလုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နယ်စပ်ဂိတ်များမှတစ်ဆင့် ပြည်တွင်းသို့ဝင်ရောက်နိုင်ပြီ

တာချီလိတ် ဩဂုတ် ၂၈

မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံအကြား နယ်နိမိတ်ထိစပ်နေသည့် နယ်စပ်စခန်းများဖြစ်သော တာချီလိတ်-မယ်ဆိုင်၊ မြဝတီ-မဲဆောက်၊ ကော့သောင်း-ရနောင်း၊ ထီးခီး-နာဖူရွန်နယ်စပ်ဂိတ်များမှတစ်ဆင့် Passport, Visa ဖြင့် ပြည်တွင်းသို့ ဝင်ထွက်ခွင့်ပြုခြင်းအခမ်းအနားကို ဩဂုတ် ၂၈ ရက် နံနက် ၈ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားအမှတ်(၁) တွင်ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူဦးဆောင်သည့် မြန်မာနိုင်ငံမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ အမှတ် (၃)လှုပ်ရှားယန္တရားတပ်မှ CoL. Yongyuth Laoke Harn ဦးဆောင်သည့် ထိုင်းနိုင်ငံမှ တာဝန်ရှိသူများနှင့် အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။

ပြည်နယ်ဝန်ကြီး ဗိုလ်မှူးကြီးအောင်သူက အမှာစကားပြောကြားပြီး အမှတ်(၁) ချစ်ကြည်ရေးတံတားဝင်ပေါက်ကို ပြည်နယ်ဝန်ကြီး ဗိုလ်မှူးကြီး အောင်သူ၊ ရှမ်းပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင်မောင်ဆွေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တွဲဖက်ပြည်နယ်ဦးစီးဌာနမှူး ဦးစိုင်းဘုန်းတင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးတို့အတွက် နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ စာချုပ်အရ တာချီလိတ်မြို့ မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားအမှတ်(၁) ကို ၁၉၆၁ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် Border Pass (BP)၊ ယာယီနယ်စပ် ဖြတ်သန်းခွင့်လက်မှတ် Temporary Border Pass(TBP)တို့ဖြင့် နှစ်နိုင်ငံပြည်သူများသွားလာခွင့်ကို ၁၉၉၇ ခုနှစ် နိုဝင်ဘာ ၁၄ ရက်မှ စတင်ခွင့်ပြုခဲ့ရာ ယခုအခါ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံသားများသာမက တတိယနိုင်ငံသားများပါ Passport,Visa တို့ဖြင့် နယ်စပ်စခန်းများမှ ဖြတ်သန်းသွားလာခွင့်ပြုလိုက်ခြင်းဖြစ်ရာ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံနှစ်နိုင်ငံစလုံးအတွက် ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရှိရသည်။ **မောင်ယဉ်ကျေး**



ဓာပေမြင့်မှ လူမျိုးတင့်မည်

(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) အောင်ဆန်းဆရာတော် ပြည်ပသာသနာပြုခရီးမှ ပြန်လည်ရောက်ရှိ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းမိုးကုတ်ရိပ်သာအဖွဲ့ခွဲ (၇၇) တောရတပ်ဦးကျောင်းတိုက်၏ ပဓာန နာယက မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏နာယက ပြည်တွင်းပြည်ပသာသနာပြု (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)အောင်ဆန်းဆရာတော်ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ ထေရ်ရှင်မြတ်သည် ကပ္ပိယ ဦးစိုးအောင်လိုက်ပါလျက် အမေရိကန်နိုင်ငံသို့ ၁-၇-၂၀၁၃ရက်တွင် လေကြောင်းခရီးဖြင့် သာသနာပြုခရီးကြွရောက်တော်မူပြီး အမေရိကန်နိုင်ငံတွင် 3rd Jul မှ 6th Jul 2013 ထိ ပင်စမေးရီးယားပြည်နယ် ဦးအေးမောင်မောင်-ဒေါ်မြမြစန်းနေအိမ်ရိပ်သာတွင်လည်းကောင်း၊ နယူးဂျာစီပြည်နယ် ဒေါက်တာမြင့်စွမ်း-ဒေါ်သန်းသန်းရီ နေအိမ်ရိပ်သာတွင်လည်းကောင်း၊ 7th Jul မှ 14th Jul 2013 ထိ ကာလီဖိုးနီးယားပြည်နယ်လပွန်းတီးမြို့ ဗုဒ္ဓဝိဟာရ ပါရမီရိပ်သာကျောင်းတွင်လည်းကောင်း၊ 15th Jul မှ 22nd Jul 2013 ထိအရိုဇာမြို့ သုန္ဒရာ ဗြဟ္မဝိဟာရကျောင်းတွင်လည်းကောင်း၊ 23rd Jul မှ 29th Jul 2013 ထိဗိုက်စလီးယားမြို့၊ မာဆပ်မြို့၊ ရီနိုမြို့၊ စခရက်မင်းနိုမြို့များနှင့် ဖရက်စနိုမြို့ ကိုဘသန့်စင်-ဒေါက်တာဆွေဆွေလွင် နေအိမ်ရိပ်သာတွင်လည်းကောင်း၊ 30th Jul မှ 5th Aug 2013 ထိဖလော်ရေဒါပြည်နယ်၊ ပလန့်ထေးရှင်းမြို့ ကိုကျော်ကျော်-မမိုးဖြူ နေအိမ်ရိပ်သာတွင်လည်းကောင်း၊ ဝက်စ်ပန်ဘီချ်မြို့ သီတဂူသံ ဃဝိဟာရကျောင်းတွင်လည်းကောင်း၊ 6th Aug မှ 14th Aug 2013 ထိ အော်လန်ဒိုးမြို့၊ တောင်ကရိုလိုင်းနားနှင့် လိတ်လန်းမြို့ ဇောဓိမဏ္ဍိုင်ဘုန်းတော်ကြီးကျောင်းတွင်လည်းကောင်း၊ 14th Aug မှ 18th Aug 2013 ထိ နယူးယောက်မြို့ ABBA လောကချမ်းသာဘုန်းတော်ကြီးကျောင်းနှင့် လောင်းအိုင်လန်းမြို့တို့တွင် တရားစခန်းပွဲများကျင်းပပြီး 19th Aug 2013 ရက်တွင် မြန်မာနိုင်ငံသို့ ကိုရီးယားလေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ရောက်ရှိပြီး ဆရာတော်သည် ဝါခေါင်လပြည့်ကျော် ၂ရက်၊ (၂၃-၈-၂၀၁၃ရက်မှ ၂-၉-၂၀၁၃ရက်)အထိ ဆယ်ရက်စခန်းပွဲဖွင့်လှစ်ပြီး ပဋိစ္စသမုပ္ပါဒ်သင်တန်းတရားတော်များကိုဟောကြားပြသမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

အကျိုးဆောင်အဖွဲ့
မိုးကုတ်ဝိပဿနာမေ္မရိပ်သာအဖွဲ့ခွဲ (၇၇)
အောင်ဆန်းမြို့၊ အင်းစိန်မြို့နယ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံဆေးကောင်စီ
ကြေညာချက်

မြန်မာနိုင်ငံရှိဆေးတက္ကသိုလ်များမှ ၂၀၁၃ ခုနှစ်အတွင်း M.B.,B.S ဘွဲ့ရပြီးသူ ဆရာဝန်များအား ဆရာဝန်မှတ်ပုံတင်နှင့် ဆေးကုသခွင့်လိုင်စင်(ဆမ)လျှောက်ထားနိုင်ပါကြောင်း မြန်မာနိုင်ငံဆေးကောင်စီမှ လျှောက်လွှာခေါ်ယူပြီးဖြစ်ပါသည်။ ဆေးကုသခွင့်လိုင်စင်(ဆမ) လျှောက်ထားသူများအနက် မြန်မာနိုင်ငံဆေးကောင်စီမှ လျှောက်လွှာခေါ်ယူရာတွင် ပူးတွဲတင်ပြရမည့် အချက်အလက်များပြည့်စုံစွာ တင်ပြနိုင်သူဆရာဝန်များအတွက် ဆေးကုသခွင့်လိုင်စင်ကို အောက်ပါအစီအစဉ်အတိုင်း မြန်မာနိုင်ငံဆေးကောင်စီရုံးအမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်တွင် နေ့စဉ် နံနက် ၁၀:၀၀ နာရီမှ ညနေ ၃:၀၀ နာရီအတွင်း သက်ဆိုင်ရာ ဆရာဝန် ကိုယ်တိုင်လာရောက် ထုတ်ယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မှတ်ချက်(၁)။ ဆေးကုသခွင့်လိုင်စင်(ဆမ)နံပါတ်များကို မိမိတို့၏ အမည်ပထမစာလုံး၏ အင်္ဂလိပ်အက္ခရာစဉ်အတိုင်း စီစဉ်ထားပါ၍ အောက်ပါအုပ်စုသတ်မှတ်ထားသည့်နေ့ရက်အတိုင်း လာရောက်ထုတ်ယူနိုင်ပါသည်။

(၂) ဆေးကုသခွင့်လိုင်စင်(ဆမ)လာရောက်ထုတ်ယူရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းတင်ပြမှသာ ထုတ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

(၃) သတ်မှတ်ထားသောနေ့ရက်အတွင်း လာရောက်မထုတ်ယူနိုင်သူများအား ၂၀-၉-၂၀၁၃ ရက် နောက်ပိုင်းမှသာ ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

နေ့ရက်	အမည်ပထမစာလုံး၏အင်္ဂလိပ်အက္ခရာစဉ်
၉-၉-၂၀၁၃ ရက် (တနင်္လာနေ့)	A, B, C, D
၁၀-၉-၂၀၁၃ ရက် (အင်္ဂါနေ့)	E, G, H, I
၁၁-၉-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)	K
၁၂-၉-၂၀၁၃ ရက် (ကြာသပတေးနေ့)	J, L, N, O
၁၃-၉-၂၀၁၃ ရက် (သောကြာနေ့)	M
၁၆-၉-၂၀၁၃ ရက် (တနင်္လာနေ့)	P, R
၁၇-၉-၂၀၁၃ ရက် (အင်္ဂါနေ့)	S
၁၈-၉-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)	T
၁၉-၉-၂၀၁၃ ရက် (ကြာသပတေးနေ့)	V, W, Y
၂၀-၉-၂၀၁၃ ရက် (သောကြာနေ့)	Z

မြန်မာနိုင်ငံဆေးကောင်စီ

TRADEMARK CAUTION NOTICE

TELENOR ASA, a company organized under the laws of **NORWAY**, carrying on business as producer and having its principal office at Snaroyveien 30, 1331 Fornebu, Norway is the owner and sole proprietor of the following Trademark:-

telenor

Reg. No. 4/7201/2013

Used in respect of:- Telecommunication services; computer communication services and radio communication services; information services and advisory services relating to broadcasting, telecommunication, computer communication and radio communication; multimedia messaging services; computer aided sending, transmission and receiving of voice, text, sound, images and data; transmission of messages via electronic media; services relating to electronic mail; sending, transmission and receiving of database information via the telecom network; rental of telephone, computer and radio communication systems and equipment; online communication and communication activities via a global computer network; services relating to providing user access to computer networks; computer communication and telecommunication services via fibre optic networks; operation of data packet network transmission; satellite transmission services; transmission of online computer based information; rental of user access time to databases. (International Class 38)

Any unauthorised use, imitation, infringements or fraudulent intentions of the above mark will be dealt with according to law.

Tin Ohnmar Tun & The Law Chambers
Ph: 0973150632
Email:law_chambers@seasiren.com.mm
(For. Allen & Overy LLP, Thailand)
Dated 29 August,2013.

'ကံကောင်း'
အိမ်၊ ခြံ၊ မြေ အကျိုးဆောင်
သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ(၃)၊ (၂)၊ (၁)
အောင်ချမ်းသာတိုးချဲ့၊ V.I.P အကွက်များ၊ လုံးချင်းတိုက်များ
သန်လျင်၊ ကျောက်တန်းမြေကွက်များရောင်းဝယ်ရန်ရှိသည်။
(သန်လျင်၊ ကျောက်တန်း၊ သီလဝါသီးသန့်)
ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉၊ ၀၉-၄၂၀၁၈၅၅၇၇
၀၉-၄၄၀၀၀၅၀၁၈၊ ၀၉-၇၃၂၂၇၅၅၆

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၀/၁၅၉၆၊ HONDA FITGD.11,S/W(4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်ဦး ၁၂/ဥကမ(နိုင်)၀၉၄၉၃၂၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ပြည်တွင်းသတင်း

ပုဏ္ဏားကျွန်းမြို့မှ အကောက်ခွန်နှုန်းထားများ တရားဝင်သတ်မှတ်ချက်ထက် ပိုပေးနေရ

ပုဏ္ဏားကျွန်း ဩဂုတ် ၂၈

ရန်ကုန်-စစ်တွေ ကားလမ်း ဖောက်ပြီးနောက်ပိုင်း ကုန်သွယ်မှု အားပိုကောင်းလာရာ ပုဏ္ဏားကျွန်းမြို့၏ အခွန်အခအများစုကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့က စည်းကြပ်ပြီး လေလံရရှိသူများက ကောက်ခံကြောင်း သိရသည်။

မိုးရာသီတွင် စစ်တွေသို့ တင်ပို့သော ကုန်မျိုးစုံကို ပုဏ္ဏားကျွန်းမြို့မှတစ်ဆင့်ပို့ကြရာတွင် မြောက်ဦးမြို့နယ်ဒေသများမှ ကုန်များလည်းပါသည်။

ပြောပြ

ပုဏ္ဏားကျွန်းဆိပ်ကမ်း၌ ဆန်တစ်အိတ်ကို ကမ်းကပ်ခ ငွေကျပ် ၅၀ ကောက်ခံကြောင်း၊ စည်ပင်သာယာက ငွေကျပ် ၂၅ ကျပ်သာ သတ်မှတ်ပေးထားသည်ဟုသိရကြောင်း၊ ထို့အပြင် လှေတစ်စင်းအတွက် ငွေကျပ် ၅၀၀ သီးခြားပေးရကြောင်း၊ အခြားကုန်ပစ္စည်းများကိုလည်း သတ်မှတ်ချက်ထက် ပိုမိုကောက်ခံနေသည်ကို သိရကြောင်း ပုဏ္ဏားကျွန်းမြို့နယ်မှ ဆန်စပါးကုန်သည်တစ်ဦးက ပြောပြသည်။

ထို့ပြင် ၎င်းက "ဒီလောက်အခွန်များတော့ ကျွန်တော်တို့တွေ အဆင်မပြေပါဘူး၊ ဒါဆို သူက မင်းတို့ဆန်တွေကိုထားခဲ့ချင်သလား၊ ငါတို့တွေ အဖွဲ့အစည်းနဲ့လုပ်နေတာ၊ နောက်ခံနဲ့လုပ်နေတာလို့ပြောပါတယ်၊ ဒါက ဆိပ်ကမ်းမှာ စုပုံခမဟုတ်ပါဘူး၊ ဆိပ်ကမ်းမှာကပ်ပြီး ကားကိုတင်တဲ့အတွက်ပါ"ဟု ကုန်သည်တစ်ဦးက ပြောသည်။

လိုလားလျက်ရှိ

ပုဏ္ဏားကျွန်းမှ စစ်တွေပွဲရုံများအထိ ဆန်တစ်အိတ်သယ်ယူခ ငွေကျပ် ၃၅၀၊ ကမ်းကပ်ခ ငွေကျပ် ၅၀ ပေးနေရခြင်းသည် များလွန်းသည်ဟုဆိုသည်။ အခြားကုန်ပစ္စည်းများကိုလည်း စည်ပင်၏ တရားဝင်သတ်မှတ်ချက်အတိုင်းကောက်ရန် ပြည်သူများ လိုလားလျက်ရှိသည်။

(လ/၀၀၃)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၈-၈-၂၀၁၃ | **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၇၃၁၀၀၀-၆၈၈၀၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၇၃၀၈၀၀-၆၈၇၈၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၆၅ - ၉၇၄	ကျပ်
ဥရောပ	တစ်ယူရို	၁၂၉၃ - ၁၃၁၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၅၁ - ၇၆၁	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၂ - ၃၀. ၄	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၄ - ၁၄. ၆၉	ကျပ်
တရုတ်	တစ်ယွမ်	၁၅၅ - ၁၅၇	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၈၆ - ၂၉၁	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၀၀၀-၅၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၀၀၀-၃၅၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၅၀၀-၆၈၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၃၅၀၀-၆၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၁၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၈၀၀၀-၂၇၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၀၀-၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နှမ်းဆန်	တစ်အိတ်	၁၈၃၀၀
၂။ ပေါ်ကွဲ	တစ်အိတ်	၂၃၀၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၅၀၀၀-၃၀၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၇၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၂၂
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၆၀-၇၈၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၇၇၅
၈။ ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၂၅-၁၀၅၀
၉။ အာလူး(အောင်ပန်း)	တစ်ပိဿာ	၃၅၀-၄၃၀
၁၀။ ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၂၅၀၀
၁၁။ ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀
၁၂။ သကြား	တစ်ပိဿာ	၉၇၅-၁၁၆၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

အရှေ့ရိုးမထွက် ဒူးရင်းသီးများ အရောင်းအဝယ်ဖြစ်

ဖြူး ဩဂုတ် ၂၈

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ မိုးရာသီ မိုးစပါးများကို စိုက်ဧက ၁၅၀၀၀၀ ကျော် စိုက်ပျိုးခဲ့ကြရာ ယခုအချိန်တွင် လယ်ယာစိုက်ပျိုးမှုလုပ်ငန်းအများအပြား ပြီးစီးသွားပြီဖြစ်၍ လယ်ယာလုပ်ငန်းရပ်နားချိန် အပိုဝင်ငွေရရှိရေးအတွက် ဖြူးမြို့အရှေ့ဘက် မိုင် ၃၀ ခန့် အရှေ့ရိုးမတောင်ခြေသို့ စစ်တောင်းမြစ်ကို ဖောင်ဖြင့်ဖြတ်ကူး၍ အရှေ့ရိုးမတောင်ခြေ ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် သပြေညွန့်ရွာမှ ဒူးရင်းသီးပွဲရုံသို့ လည်းကောင်း၊ ထန်းတပင်မြို့နယ် ကျောက်ကြီးပေါက်ရွာရှိ ဒူးရင်းသီးပွဲရုံများသို့ လည်းကောင်း လက်လီလက်ကား သွားရောက်ဝယ်ယူကြပြီး ဆိုင်ကယ်နောက်ဘေးခြင်းများဖြင့် သယ်ယူကာ ဖြူးမြို့ပေါ်ရှိ သစ်သီးဆိုင်တန်းနှင့် ရန်ကုန်-မန္တလေးအမြန်လမ်း ၁၁၅မိုင်စခန်းသို့ သွားရောက်ရောင်းချကြရာ ဝင်ငွေကောင်းလျက်ရှိကြသည်။

ဒူးရင်းသီးဝယ်ရောင်းလုပ်သူ ဖြူးမြို့နယ် ဇီးကုန်မြောက်ကမ်း ဦးရုံးစုရွာနေ လယ်ယာလုပ်သား ကိုကျော်ဝင်းကိုမေးမြန်းကြည့်ရာ "ဒူးရင်းသီးရာသီက ဇွန်လမှာ ဖြိုင်ဖြိုင်ပေါ်ပြီး စက်တင်ဘာလကုန်လောက်ထိ ထွက်ရှိပါတယ်။

အရှေ့ရိုးမတောင်ပေါ်မှာ ဒူးရင်းခြံအများအပြားရှိပြီး တစ်နှစ်တစ်နှစ် ဒူးရင်းသီးရာသီချိန်မှာ အလုံးရေ သိန်းချီထွက်ပါတယ်။ ဝယ်ရောင်းလုပ်သူတွေက ဆိုင်ကယ်နဲ့သွားပြီး တောင်ခြေပွဲရုံတွေကနေ တစ်လုံးကိုငွေကျပ် ၇၀၀ မှ ၁၀၀၀ အထိပေးဝယ်ခဲ့ကြပြီး ဖြူးမြို့ပေါ်ရောက်တော့ အလုံးအကြီးအသေးအပေါ်မူတည်ပြီး တစ်လုံးကို ငွေကျပ် ၁၂၀၀ ကနေ ၂၀၀၀ အထိ ရောင်းချလို့ရပါတယ်။ တစ်နေ့ကို စရိတ်နုတ်ပြီး အသားတင် ငွေကျပ် ၁၂၀၀၀ ကနေ ၁၅၀၀၀ အထိ ဝင်ငွေရကြပါတယ်" ဟု ပြောပြသည်။ **(ဖြူး-မြင့်ဦး)**

အမည်မှန်

ဦးယုအောင်၏သမီး မော်လမြိုင်မြို့၊ အထက ၈၊ တက္ကသိုလ်ဝင်တန်း(က)မှ မအေးချမ်းမြင့်မိုရ်၏ အမည်မှန်မှာ မယုနန္ဒာအောင် ၁၀/မလမ(နိုင်)၂၃၆၂၈၆ ဖြစ်ပါကြောင်း။

မယုနန္ဒာအောင်



ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံအရှေ့စက်မှုဇုန် (၂)၊ ဒဂုံတောင်တိုးချဲ့၊ မြေတိုင်းရပ်ကွက် အမှတ် ၁၄၄၊ အသေးစားစက်မှုမြေကွက် အမှတ် ၁၈၀ ကို မူလဝယ်ယူခွင့်ရရှိသူ ဦးလှဝေ ၁၂/မရက(နိုင်)၀၇၈၈၃၅ ထံမှ ဦးဇင်ဖြိုးကျော် ၁၂/သဃက(နိုင်)၁၆၇၄၀၂ က စာချုပ်စာတမ်းဖြင့်လည်းကောင်း၊ ဦးဇင်ဖြိုးကျော်ထံမှ ဦးမောင်မောင်မြင့် ၁၂/မဂတ(နိုင်)၀၀၅၁၂၈ က စာချုပ်စာတမ်းဖြင့်လည်းကောင်း ဝယ်ယူပြီး ဦးမောင်မောင်မြင့်ထံမှ ဒေါ်သီရိထက် ၁၂/ဒဂတ(နိုင်)၀၄၅၈၈၇ က စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ထပ်မံဝယ်ယူကာ ပိုင်ရှင်အမည်ပြောင်းလဲ၍ မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြေညာသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံအရှေ့စက်မှုဇုန်(၂)၊ ဒဂုံတောင်တိုးချဲ့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၄၊ အသေးစားစက်မှု မြေကွက်အမှတ် ၁၈၁ ကို မူလဝယ်ယူခွင့်ရရှိသူ ဦးလှဝေ ၁၂/မရက(နိုင်)၀၇၈၈၃၅ ထံမှ ဦးဇင်ဖြိုးကျော် ၁၂/သဃက(နိုင်)၁၆၇၄၀၂ က စာချုပ်စာတမ်းဖြင့်လည်းကောင်း၊ ဦးဇင်ဖြိုးကျော်ထံမှ ဦးမောင်မောင်မြင့် ၁၂/မဂတ(နိုင်)၀၀၅၁၂၈ က စာချုပ်စာတမ်းဖြင့်လည်းကောင်း ဝယ်ယူပြီး ဦးမောင်မောင်မြင့်ထံမှ ဒေါ်သီရိထက် ၁၂/ဒဂတ(နိုင်)၀၄၅၈၈၇ က စာချုပ် စာတမ်းအဆင့်ဆင့်ဖြင့် ထပ်မံဝယ်ယူကာ ပိုင်ရှင်အမည်ပြောင်းလဲ၍ မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြေညာသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ချန်ပီယံဟောင်း ဆမ်စတိုဆာ စတင်အနိုင်ရရှိ

ယူအက်စ်အိုးပင်း တင်းနစ်ပြိုင်ပွဲကို နယူးယောက်မြို့ Flushing Meadows တင်းနစ်ကွင်း၌ ဩဂုတ် ၂၆ ရက်မှ စတင်ပြီး ယှဉ်ပြိုင်ကစားလျက်ရှိရာ ချန်ပီယံဟောင်း ဆမ်စတိုဆာသည် အဖွင့်ပွဲစဉ်တွင် အမေရိကန် ဆယ်ကျော်သက် ဗစ်တိုးရီးယား ဒူဗယ်ကိုအနိုင်ရလိုက်သဖြင့် ဗိုလ်စွဲရန်ရေပန်းအစားဆုံး တင်းနစ်မယ် ဖြစ်လာသည်။ သူမသည် ၂၀၁၁ ခုနှစ်က ယူအက်စ်အိုးပင်းဖလားကို ဆွတ်ခူးခဲ့သည်။ ထို့အတူ ၂၀၁၀ ခုနှစ်ချန်ပီယံ စပိန်သား ရာဖေးလ်နာဒယ်က အမေရိကန်မှ ရှိုင်ရယ်ဟာရစ်ဆင်ကို ၆-၄၊ ၆-၂၊ ၆-၂ ဖြင့်နိုင်ပြီး နောက်တစ်ဆင့်တက်ခဲ့သည်။ ရာဖေးလ်နာဒယ်သည် ပြီးခဲ့သည့်နှစ်က ဒူးခေါင်းဒဏ်ရာကြောင့် ပြိုင်ပွဲနှင့် လွဲချော်ခဲ့ရသည်။ ၎င်းသည် ၂၀၁၂ ခုနှစ်က ဂျိုကိုဗစ်ကို ရှုံးနိမ့်ခဲ့ပြီးနောက် ပထမဆုံး ယူအက်စ်အိုးပင်းကို ယှဉ်ပြိုင်ခြင်းဖြစ်သည်။

• •

ရွှန်းနေ ချယ်လ်ဆီးပြောင်းရန် စီစဉ်ထားခြင်းမရှိ

မန်ယူတိုက်စစ်မှူးရွှန်းနေ ချယ်လ်ဆီးသို့ ပြောင်းရွှေ့ရန် မေတ္တာရပ်ခံလာခြင်းအပေါ် စီစဉ်ထားခြင်းမရှိကြောင်း ရွှန်းနေက ပြောကြားသည်။ ချယ်လ်ဆီးနည်းပြမော်ရင်ဟိုက ရွှန်းနေအား ချယ်လ်ဆီးသို့ ပြောင်းရွှေ့ရန် အချိန် ၄၈ နာရီသာပေးမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ မန်ယူမှထွက်ခွာရန် ဆန္ဒပြင်းပြနေသော ရွှန်းနေအား ချယ်လ်ဆီးက နှစ်ကြိမ်တိုင် ကမ်းလှမ်းခေါ်ယူခဲ့ပြီး ဖြစ်သည်။ •

အာဆင်နယ်ချန်ပီယံလိဂ်အုပ်စု ခြေစစ်ပွဲအောင်ပြီ

အာဆင်နယ်နှင့်တူရကီကလပ် ဖီနာဘာချီတို့သည် ဩဂုတ် ၂၇ ရက် ညပိုင်းက ချန်ပီယံလိဂ်အုပ်စု ခြေစစ်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြရာ အာဆင်နယ်က နှစ်ဂိုးပြတ်ဖြင့်နိုင်ပြီး ၁၆ ကြိမ်ဆက်တိုက် ခြေစစ်ပွဲအောင်အသင်း ဖြစ်လာသည်။

အာဆင်နယ်အတွက် နှစ်ဂိုးစလုံးကို ရမ်ဆေးက သွင်းယူပေးခဲ့သည်။ တူရကီကလပ် ဖီနာဘာချီအသင်းသည် ပထမအကျော့တွင်လည်း အာဆင်နယ်ကို သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

နိုင်ငံတကာအားကစားသတင်း

မန်ယူတို့ လက်ရှိအင်အားနဲ့ လုံလောက်ပါ့မလား

ဒီနှစ်နွေရာသီ ဘောလုံးသမား အပြောင်းအရွှေ့ကာလက လာမယ့်စက်တင်ဘာ ၂ ရက်မှာ ပြီးဆုံးတော့မှာဖြစ်ပါတယ်။ အပြောင်းအရွှေ့ကာလအတွင်းမှာ ဘောလုံးသမားအသစ်တွေ ခေါ်ယူဖို့ လက်ရှိချန်ပီယံမန်ယူတို့ သတင်းအလှုပ်အခတ်တွေဖြစ်ပေါ်ခဲ့ပေမယ့် ထုံးစံအတိုင်း ထူးထူးခြားခြားခေါ်ယူမှုမပြုလုပ်နိုင်ခဲ့ပါဘူး။ ကစားသမားသစ်ခေါ်ယူမှုကို ချင့်ချိန်တတ်တာဟာ ဖာဂူဆန်ရဲ့ နည်းလမ်းတစ်ခုဖြစ်ပြီး နည်းပြသစ် မိုယက်စ်လည်း လိုက်နာကျင့်သုံးနေပြီလားဆိုတာ ဝေဖန်နေကြပါတယ်။

ပရီမီယာလိဂ်နှစ်ပွဲကစားခဲ့ပြီးတဲ့ အချိန်မှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ ရလဒ်ထိန်းထားနိုင်တဲ့ မန်ယူဟာ ကျန်တဲ့ပွဲစဉ်တွေကို ဖြတ်သန်းဖို့ဆိုတာ လက်ရှိကစားသမားအင်အားနဲ့ မလုံလောက်နိုင်တာတော့ အမှန်ပါပဲ။ လက်ရှိတိုက်စစ်ပိုင်းမှာ ရွှန်းနေက စိတ်ခုတ်ယိမ်းယိုင်နေပြီး နိုင်လိုစိတ်ကင်းမဲ့နေတာမို့ အရင်လိုပေါက်ကွဲမှုပြင်းထန်တဲ့အားထုတ်မှုတွေ တွေ့မြင်ရဖို့ ခက်ခဲတော့မှာ ဖြစ်ပါတယ်။

မန်ယူကွင်းလယ်မှာ ကာရစ်ကလည်း ကြံ့ခိုင်မှုမပြည့်ဝတာမို့ ဖြည့်ဆည်းဖို့လိုအပ်နေတာ ကြာခဲ့ပြီဖြစ်ပေမယ့် မိုယက်စ်က ဘာစီလိုနာက ဖာဘရီဂတ်စ်ကို ခေါ်ယူလို့မရ၊ အဲဗာတန်ကွင်းလယ်ကစားသမား ဖယ်လိုင်နီကို ခေါ်ယူရေးလည်း မအောင်မြင်တာမို့ မန်ယူကွင်းလယ်အင်အားက ဒီအတိုင်း ခရီးနှင်ရဖို့ရှိနေပါတယ်။

ဒါပေမယ့် မိုယက်စ်ကတော့ အဲဗာတန်အသင်းရဲ့ နောက်ခံလူ လေတန်ဘိန်းနဲ့ ဖယ်လိုင်နီတို့ကို အပြောင်းအရွှေ့နောက်ဆုံးရက်အထိ အားမလျှော့ဘဲ ကြိုးစားသွားမယ်လို့ ဆိုပါတယ်။ မန်ယူဟာ နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလမှာ ဥရုဂွေးလူငယ်ကစားသမား ဗာရီလာကိုပဲ ပြောင်းရွှေ့ကြေး ပေါင် ၂ ဒသမ ၅ သန်းနဲ့ သက်သက်သာသာ ခေါ်ယူခဲ့တာပဲရှိပါတယ်။

တကယ်တော့ မန်ယူဟာ နွေရာသီ ဘောလုံးသမား အပြောင်းအရွှေ့ကာလ ဘောလုံးသမားခေါ်ယူမှုအပိုင်းမှာ ငွေကြေးကို ချင့်ချိန်သုံးစွဲမှုပြုလုပ်ခဲ့ပြီး ပေါင်သန်း ၄၀ အောက်ပဲသုံးစွဲခဲ့တာ ၁၀ နှစ်တာကာလခန့်ရှိပါတော့မယ်။ မန်ယူဟာ နွေရာသီကာလမှာ ပြောင်းရွှေ့ကြေးအများဆုံး သုံးစွဲခဲ့တဲ့ ကစားသမားတွေက လက်ချိုးရေတွက်လို့ရပါတယ်။

၂၀၀၇ ခုနှစ်က နာနီအတွက် ပေါင် ၂၀ သန်း၊ ၂၀၀၈ ခုနှစ်က ဘာဘာတော့ဗ်ကို ပေါင် ၃၀ ဒသမ ၇၅ သန်း၊ ၂၀၀၉ ခုနှစ်က ဗလင်စီယာကို ပေါင် ၁၆ သန်း၊ ၂၀၁၁ ခုနှစ်က ဒီဂီယာကို ပေါင် ၁၇ ဒသမ ၈ သန်း၊ ၂၀၁၂ ခုနှစ်က ဗန်ပါစီကို ပေါင် ၂၄ သန်းတို့ဖြစ်ပါတယ်။ ဒီနှစ်အတွက်က အခုအချိန်အထိ ထူးထူးခြားခြား စျေးကြီးပေးခေါ်ယူတဲ့ ဘောလုံးသမား မရှိသေးပါဘူး။

လက်ရှိ ကစားသမားအင်အားဟာ မန်ယူရဲ့ လက်ရှိပရီမီယာလိဂ်ဖလားကို ကာကွယ်နိုင်ပါတယ်လို့ နည်းပြမိုယက်စ်က ပြောနေပါတယ်။

မန်ယူ ပိုင်ရှင်တွေကတော့ ကစားသမားအသစ်ခေါ်ယူဖို့ ငွေကြေးလုံလုံလောက်လောက် ခွင့်ပြုပေးထားတယ်လို့ ဆိုနေပေမယ့် အခုအချိန်အထိတော့ မန်ယူပိုင်ရှင်တွေရဲ့ ငွေထုပ်က မလျှော့သေးပါဘူး။

မိုယက်စ်ကတော့ ခြေစွမ်းထက်မြက်တဲ့ ကစားသမားတွေသာ ခေါ်ယူလိုပါတယ်လို့ ပြောကြားနေတာမို့ မန်ယူရဲ့ လက်ရှိစုဖွဲ့အင်အားနဲ့ ဖလားတွေရယူနိုင်မလားဆိုတာ မေးခွန်းထုတ်စရာတော့ ရှိနေပါတယ်။ ။

မိုးမြင့်လင်းလက်

ဘောလုံးသတင်းအတိုအထွာ **မောင်ချစ်ကြည်**

- ❑ ရီးရဲမက်ဒရစ်သည် ဘင်ဇီမာ၊ အိုဇေးလ်၊ ဒီမာရီယာတို့ကို ပရီမီယာလိဂ်ကလပ်များသို့ ရောင်းချမည်ဖြစ်ကြောင်း ရီးရဲမက်ဒရစ်တာဝန်ရှိသူများက ပြောကြားသည်။
- ❑ မန်ယူအသင်းသည် အဲဗာတန်ကွင်းလယ်ကစားသမား ဖယ်လိုင်နီကို ပေါင်သန်း ၂၀ဖြင့် ခေါ်ယူရန် စီစဉ်နေသည်။
- ❑ နယူးကာဆယ်ကွင်းလယ်ကစားသမား အသက် ၂၇ နှစ်အရွယ်ရှိ ကာဘာယီသည် အာဆင်နယ်သို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်လိုက်သည်။
- ❑ ရိုးမားတိုက်စစ်မှူး အသက် ၂၁ နှစ်အရွယ်ရှိ လာဖီရာအား စပါးသို့ ပေါင်သန်း ၃၀ ဖြင့် ရောင်းချမည်ဖြစ်သည်။
- ❑ နယူးကာဆယ်အသင်းက ဝီဂန်မှ ကွင်းလယ်ကစားသမား မက်ကာသေးကို ခေါ်ယူရန် ပေါင် ၈ သန်း ပေးမည်ဟု ကမ်းလှမ်းထားသည်။
- ❑ ခရစ္စတယ်ပဲလေ့စ်အသင်းသည် ရီဒင်းတောင်ပံကစားသမား အသက် ၂၉ နှစ်အရွယ်ရှိ ကီဘီအား စာချုပ်တော့မည်ဖြစ်သည်။

ဂျိုးဖြူသာသနာ ရေးဟောင်းရုပ်ပွားတော်များ အပူဇော်ခံခြင်း

မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ မေဓာဝီလမ်း၊ ဓမ္မရက္ခိတဓမ္မာရုံတွင် ၂၇-၈-၂၀၁၃ ရက်မှ ၃၁-၈-၂၀၁၃ ရက်အထိ ငါးရက်၊ ဂျိုးဖြူဆရာတော်အရှင်အဂ္ဂသာရ(အဖေကြီးဦးအေးဖေ)သည် ၃၁-၈-၂၀၁၃ ရက် နံနက် ၉ နာရီမှ ည ၈ နာရီအထိ အဖူးမြော်ခံ၊ အကြည်ညိုခံ ကြွရောက်မည်ဖြစ်ပါ၍ လာရောက် ဖူးမြော်ကြည်ညိုနိုင်ကြပါရန် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၅၁/တိုးချဲ့)၊ မြေကွက်အမှတ် ၃၈၀၊ ခေါင်းရင်းခြမ်း(ပေ၂၀×ပေ ၆၀)အကျယ်၊ ဒေါ်သန်းသန်းအေး အမည်ပေါက် ပါမစ်မြေအား စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူလက်ရှိထားသူ ဒေါ်ယဉ်ကြည် ၁၄/ကကန(နိုင်) ၀၇၈၉၀၁ က ရောင်းချခွင့်ရှိကြောင်းဝန်ခံ၍ ဒေါ်သင်းသင်း ၁၂/မဂတ(နိုင်) ၀၅၀၂၀၀ အမှတ် ၁၅၀၊ ဗိုလ်နက်ကျော်လမ်း၊ ၄၉ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေသူက ဝယ်ယူရန် တန်ဖိုးတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ၇ ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ ၇ ရက်ကျော်ပါက အရောင်းအဝယ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးစိုးမြင့်အောင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ် ၅၅၀၄)
၁၂၉၂၊ ပဒုမ္မာ ၅ လမ်း၊ ၄၉ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်

ဇနီးအဖြစ်မှ ပြတ်စဲကြောင်း ကြေညာခြင်း

ကျွန်တော်၏ဇနီး မမေနှင်းယု ၁၂/တမန(နိုင်)၁၀၆၂၁၅ သည် ကျွန်တော် ခွင့်မလွှတ်နိုင်သည့်ကိစ္စများကို ကျူးလွန်ပြီး အိမ်ရှိပစ္စည်းများကို ယူဆောင်၍ သူ၏သဘောဆန္ဒအလျောက် ၆-၈-၂၀၁၃ ရက်တွင် အိမ်မှ ဆင်းသွားပြီးဖြစ်ပါ၍ ဤနေ့မှစ၍ ဇနီးအဖြစ်မှ ပြတ်စဲကြောင်း ကျွန်တော် ကျော်ကျော်မောင်က ကြေညာအပ်ပါသည်။

ကျော်ကျော်မောင် ၁၂/ဗဟန(နိုင်)၀၂၄၃၉၁

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ရူပမြောက်ရပ်ကွက်၊ ဦးဥတ္တမလမ်း၊ အိမ်အမှတ် (၃၈/၆၃)နေ ဦးစိန်ထွန်းချေ ၁၁/သတန(နိုင်)၀၀၇၄၉၉ နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

စစ်တွေမြို့၊ မင်းဂံရပ်ကွက်၊ အကွက်(၁)(ခ)တန်းလမ်း၊ အိမ်အမှတ် ၂၅၉နေ ဦးစောထွန်းဦး ၁၁/မတန(နိုင်)၀၁၃၈၈၀ ဥက္ကဋ္ဌ၊ ရခိုင်ငြိမ်းချမ်းရေးအဖွဲ့၊ (ဗမာပြည်ကွန်မြူနစ်ပါတီ၊ ရခိုင်ပြည်)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည် သည် အဖွဲ့၏ စည်းကမ်း၊ စည်းမျဉ်းညွှန်ကြားချက်များကို ရှင်းပြပြီးနောက် သိရှိသဘောပေါက်လိုက်နာပါမည်ဟု ကတိပြုလာသော ဦးစိန်ထွန်းချေအား ၂၀၁၁ ခုနှစ် ဇွန် ၁၅ ရက်မှစ၍ ရခိုင်ငြိမ်းချမ်းရေးအဖွဲ့၏ စီးပွားရေးကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားရှိခဲ့ပါသည်။

သို့သော် ဦးစိန်ထွန်းချေသည် ကျွန်ုပ်အမှုသည်၏ ခွင့်ပြုညွှန်ကြားချက်မရဘဲ ရခိုင်ငြိမ်းချမ်းရေးအဖွဲ့၏ ခေါင်းစီးစာရွက်နှင့် ရုံးတံဆိပ်အတု၊ ကျွန်ုပ်အမှုသည်၏ လက်မှတ်အတုတို့ကို အသုံးပြုကာ ဘွဲ့ရ၊ ဆယ်တန်းအောင်တို့အား နိုင်ငံ့ဝန်ထမ်းခန့်ပေးမည်ဟု လိမ်ညာငွေတောင်းယူထားခြင်းများရှိလာခဲ့ကြောင်း စစ်တွေမြို့၊ မြို့မဈေးကြီးအတွင်းရှိ ဆိုင်ခန်း ၁၁ ခုမှာ မိမိတို့အဖွဲ့ပိုင်ဖြစ်သည်ဟု လိမ်ညာပြောဆိုကာ ငွေရယူပြီး ရောင်းစားခဲ့ကြောင်း စသည်ဖြင့် သိရှိရ၍ ဦးစိန်ထွန်းချေအား ကျွန်ုပ်အမှုသည်က ရခိုင်ငြိမ်းချမ်းရေးအဖွဲ့၏ စီးပွားရေးကိုယ်စားလှယ်အဖြစ်ပေးအပ်ထားသည့်အခွင့်အာဏာကို ၉-၈-၂၀၁၃ရက် နေ့စွဲပါစာဖြင့် အကြောင်းကြားရုပ်သိမ်းပြီးဖြစ်ပါသည်။ ထို့အပြင်၂၀၁၃ခုနှစ် ဩဂုတ်၂၆ရက် ရက်စွဲပါ အကြောင်းကြားစာဖြင့် ရှေ့နေမှတစ်ဆင့်လည်း ရခိုင်ငြိမ်းချမ်းရေးအဖွဲ့၏ အမည်ကို အသုံးချပြီး ဆက်လက်မလုပ်ဆောင်ရန်နှင့် ထိုသို့လုပ်ဆောင်ပါက တရားဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးစိန်ထွန်းချေအား အသိပေးအကြောင်းကြားထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်အမှုသည်နှင့် ရခိုင်ငြိမ်းချမ်းရေးအဖွဲ့(ဗကပ-ရခိုင်)၏ အမည်အား ၎င်းတို့၏ လွှဲအပ်ညွှန်ကြားထားရှိမှုအရမဟုတ်ဘဲ ဦးစိန်ထွန်းချေ၏ မိမိဆန္ဒအလျောက် ဆောင်ရွက်ထားခြင်းအပေါ် လုံး၀(လုံး၀)တာဝန်မယူပါကြောင်းနှင့် ထိုသို့ဆောင်ရွက်မှုမှာ ကျွန်ုပ်အမှုသည် အပါအဝင် ရခိုင်ငြိမ်းချမ်းရေးအဖွဲ့(ဗကပ-ရခိုင်)နှင့် လုံး၀(လုံး၀) မသက်ဆိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးမြတ်ဟိန်(ခ)ဦးငြိမ်းချမ်း
အထက်တန်းရှေ့နေ(စဉ်-၂၈၆၄၂)
အမှတ် ၁၇၄၊ မင်းသားကြီးလမ်း၊ ဘောက်သီးစုရပ်ကွက်၊ စစ်တွေမြို့
ဖုန်း-၀၉-၄၂၁၇၄၆၂၂၈

တစ်ဦးတည်း ဖြစ်ပါကြောင်း

မောင်ငင့်ချင်းမုန် ၁၂/ရကန(နိုင်)၀၈၅၈၈၅ ၏ ဖခင် ဦးတွောင်ဇထန်(ခ)ဦးတွမ်ဇထန်း ၄/တတန(နိုင်)၀၃၀၃၀၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးတွောင်ဇတန်(ခ)ဦးတွမ်ဇထန်း



ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ တိုက်အမှတ် ၂၆/စီ၊ အခန်းအမှတ် (စီ)၊ အကျယ်အဝန်း (၁၅ ပေ×ပေ ၅၀)ရှိ မြေညီ+ပထမထပ်(ဟောင်ကောင်၊ နှစ်လွှာ)တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိ ပိုင်ဆိုင်စီမံရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မာဂရက်စိန် ၁၂/သဃက(နိုင်)၁၂၈၂၃၃ (F/RGN-019814) ထံမှ ကျွန်ုပ်တို့ မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ပိုင်းပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို	**ဒေါ်အိမ့်ဖြူနိုင်**
LL.B	**LL.B,D.B.L,DML**
(စဉ်-၂၃၂၉၉)	**(စဉ်-၂၉၇၄၆)**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**

အာရှမြေ အိမ်-ခြံ-မြေ အကျိုးဆောင်ကုမ္ပဏီ၊ အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၉၄၄၁၅၊ ၃၉၄၄၁၆၊ ၃၉၄၁၆၀

ကြော်ငြာ

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ (၉) ရက်၊ ရုရှားနိုင်ငံ မော်စကိုမြို့တွင် ပြုလုပ်မည့် MISS UNIVERSE ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်နိုင်မည့် အခွင့်အရေး

Organized by HELLO MADAM

MISS UNIVERSE MYANMAR 2013

MISS UNIVERSE MYANMAR	၁၀၀ သိန်း
1st RUNNER UP	၅၀ သိန်း
2nd RUNNER UP	၂၅ သိန်း
ဆန်ခါတင် (၁၅)ဦး	၃ သိန်း

OUR MOTTO :
- HEALTHY BODY
- BEAUTIFUL MIND
- MYANMAR HEART

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြို့နယ်အကောက်ခွန်ဦးစီးဌာန၊ မုံရွာမြို့ ရုံးဝန်ထမ်းအိမ်ရာ နှစ်ခန်းတွဲ၊ ပေ(၄၀×၃၃×၉)၊ ရေ၊ မီး၊ ဆေး အပါအဝင် သံကူကွန်ကရစ် ဝန်ထမ်းအိမ်ရာ နှစ်ခန်းတွဲ ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါပုံစံရယူရမည့်ရက်** - ၂၇-၈-၂၀၁၃ရက်မှ ၂၇-၉-၂၀၁၃ရက်အထိ
တင်ဒါတင်သွင်းရမည့်ရက်/အချိန် - ၃၀-၉-၂၀၁၃ရက် ၁၆း၀၀နာရီ
တင်ဒါတင်သွင်းရမည့်နေရာ - စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၁-၂၂၅၃၄၊ ၀၇၁-၂၄၃၁၅၊ ၀၇၁-၂၁၁၆၁ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာနသည် တစ်နိုင်ငံလုံးရှိ ဆေးရုံများသို့ ဆေးပစ္စည်းများပို့ဆောင်ရန် မော်တော်ယာဉ်ငှားရမ်းလိုပါသဖြင့် (က)စင်းလုံးငှားစနစ်၊ (ခ)လုံးကောက်စနစ်ဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များကို ဒုတိယညွှန်ကြားရေးမှူး(ဆေးပစ္စည်း)၊ ဗဟိုဆေးသိုလှောင်ရေးဌာနရုံးခန်း၊ အမှတ် ၅၇၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက် - ၂၈-၈-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၇-၉-၂၀၁၃ရက် မွန်းလွဲ ၂း၀၀နာရီ
ဆက်သွယ်ရန်ဖုန်း-၃၇၁၂၈၄၊ ၃၇၂၃၆၂

ဗဟိုဆေးသိုလှောင်ရေးဌာန
ကျန်းမာရေးဦးစီးဌာန

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(ကလေး)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(ကလေး)အတွက် အောက်ဖော်ပြပါပရိဘောဂပစ္စည်း (၆)မျိုးအား ဌာနအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	Aluminium Ladder 14-feet, 2.way combination	၁
၂။	Bench with table (4-seat)	၅၀
၃။	ဓာတ်ခွဲခန်းသုံးစားပွဲ (8' x 4' x3.5')	၁၅
၄။	ပလတ်စတစ်ထိုင်ခုံ (လက်တန်းပါ)	၃၀၀
၅။	ပလတ်စတစ်ထိုင်ခုံ (လက်တန်းမပါ)	၅၀
၆။	အရာရှိစားပွဲ (6' x 4' x 2.5')	၇

(က) တင်ဒါတင်သွင်းရမည့်ရက် - ၃၀-၈-၂၀၁၃ရက်
(ခ) တင်ဒါပိတ်မည့်ရက် - ၇-၉-၂၀၁၃ရက်
(ဂ) တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံ စည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များအား နည်းပညာတက္ကသိုလ်(ကလေး) ရုံးဖုန်း-၀၉-၆၄၇၂၅၆၅ နှင့် ငွေစာရင်းဌာန ဖုန်း-၀၉-၄၀၀၄၅၈၂၅၂ တို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါရွေးချယ်ရေးအဖွဲ့
နည်းပညာတက္ကသိုလ်(ကလေး)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဟသ္သာတမြို့နယ်တရားရုံးတော် ၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၇၄

မောင်ရဲမွန်ကျော်	နှင့်	မမေဖြိုးသွယ်
အမှတ်(၃၀)၊ နတ်မော်လမ်း၊		ဦးပုညလမ်း၊ ညောင်ပင်ဈေးရပ်ကွက်၊
ပန်းဘဲတန်းရပ်ကွက်၊ ဟသ္သာတမြို့။		(မြို့သစ်)၊ ဇလွန်မြို့။
တရားလို		**တရားပြိုင်**

ဇလွန်မြို့၊ ညောင်ပင်ဈေးရပ်(မြို့သစ်)၊ ဦးပုညလမ်းနေ မမေဖြိုးသွယ်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မောင်ရဲမွန်ကျော်က လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် စက်တင်ဘာ ၂၀ရက် (၁၃၇၅ခုနှစ် တော်သလင်းလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဩဂုတ် ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်စိုးညွန့်)
တွဲဖက်မြို့နယ်တရားသူကြီး
ဟသ္သာတမြို့နယ်တရားရုံး

စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ်(၁၅၅)၊ (ပထမထပ်၊ နှစ်လွှာ)A၊ (ခေါင်းရင်းခန်း)၊ (၁၂½×၅၀)ပေရှိ တိုက်ခန်းဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ကွယ်လွန်သူ ဒေါ်တင်မာလွင် ၆/ထဝန(နိုင်)၀၀၈၃၂၆၏ သမီးများဖြစ်သူ ဆုဝေအောင် ၁၂/ဗဟန(နိုင်)၀၉၃၈၅၃၊ ဖူးဝေအောင် ၁၂/စခန(နိုင်)၀၇၃၄၄၈၊ ငြိမ်းမွန်အောင် ၁၂/စခန(နိုင်)၀၇၃၄၄၁တို့ထံမှ အပြောက်စနစ်ဖြင့် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးဘုန်းမြင့် (ငါးသိုင်းချောင်း) LL.B
တရားလွှတ်တော်ရှေ့နေ(၁၁၄၈/၈၅)၊ Japan Tokyo 4 years,Legal Consultant
အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်၊
ဖုန်း-၀၉-၄၂၀၇၁၀၈၈၈၊ ၀၉-၄၂၀၇၂၆၉၉၉၊ ၀၉-၄၂၀၇၃၀၃၁၁
Email: hponemyint007@gmail.com

မူလကမ္ဘာအေးကျောင်း မိုးကုတ်ရိပ်သာ လစဉ် နေ့(၅)ရက် အထူးတရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီး မူလကမ္ဘာအေးကျောင်းတိုက်၊ ပဓာနနာယကဆရာတော်ဦးဝိမလကို ဦးထိပ်ထား၍ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယ မိုးကုတ်နယ်လှည့် ဓမ္မကထိက အရှင်နန္ဒာစရိယ(ဝမ်းတွင်း)ဆရာတော်မှ ၅-၉-၂၀၁၃ရက်မှ ၉-၉-၂၀၁၃ရက်အထိ မွန်းတည့်၁၂း၃၀နာရီမှ ညနေ ၄း၃၀နာရီအထိ ပဋိစ္စသမုပ္ပါဒ်တရားတော်နှင့် သစ္စာလေးပါး မြတ်တရားတော်တို့ကို အကျယ်တဝင့် ခန္ဓာဉာဏ်ရောက်သဘောပေါက်အောင် ဟောကြားမည်ဖြစ်ပါ၍ ဓမ္မမိတ်ဆွေယောဂီအပေါင်း သူတော်ကောင်းတို့အား နိဗ္ဗာန်အကျိုးမျှော်၍ လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။ **တရားစခန်းဖြစ်မြောက်ရေးအကျိုးတော်ဆောင်အဖွဲ့**
ဖုန်း-၀၁-၃၈၂၂၈၆၊ ၀၉-၄၉၂၇၆၈၇၁

မိုးကုတ်ဝိပဿနာ တရားစခန်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ လိပ်ပြာကန်တိုက်အတွင်းရှိ မြတ်တံခွန်စာသင်တိုက်တွင် ၁၃၇၅ခုနှစ် တော်သလင်းလဆန်း ၁ရက်မှ လဆန်း ၇ရက်နေ့ (၅-၉-၂၀၁၃ရက်မှ ၁၁-၉-၂၀၁၃ရက်) အထိ ခုနစ်ရက်တရား စခန်းဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသော ယောဂီများသည် မြတ်တံခွန်စာသင်တိုက်သို့ စာရင်းပေးသွင်းနိုင်ကြပါသည်။ (နေ့ယောဂီလက်ခံပါသည်)

မြတ်တံခွန်စာသင်တိုက်တွင် ခြောက်ထပ်သိမ်ကျောင်းနှင့် ဓမ္မာရုံတော်ကြီး ဆောက်လုပ်ပါမည်။ စတုရန်းပေ ၃၁၅၇၃ ရှိပါမည်။ တစ်စတုရန်းပေလျှင် ကျပ်(၂၅၀၀၀/-)နှုန်းဖြင့် အလှူရှင်များ ကမ္ပည်းတင်၍ လှူဒါန်းနိုင်ပါသည်။
မြတ်တံခွန်စာသင်တိုက်၊ ဖုန်း-၀၉-၅၁၁၉၉၇၀၊ ၀၉-၇၃၁၄၇၁၄၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် (၃၆၀/ခ)၊ ဧရိယာပေ(၂၀×၆၀)၊ စတုရန်းပေ ၁၂၀၀ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ၈ လမ်း၊ အမှတ် (၃၆၀-ခ)ဟုခေါ်တွင်သည့် ရေ၊ မီး၊ အစုံ အာစီနှစ်ထပ် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စိုးစန္ဒာအောင် ၁၂/ဥကတ(နိုင်)၀၁၃၈၂၂ ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူခဲ့ပြီး ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသောရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား၊ မူရင်းစာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့်အတူ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစန်းငွေ(ဝင်းသစ္စာ၊ အိမ်ခြံမြေအကျိုးဆောင်)
ဗဟိုတရားလွှတ်တော်ရှေ့နေ (စဉ်-၃၀၇၃)
အမှတ် (၈၀)၊ လေးလွှာ/အေ၊ မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၃၀၃၈၈၀၀၊ ၀၉-၅၀၂၆၂၁၀၊ ၀၁-၅၁၆၈၆၃

ဖခင်အမည်မှန်

မုံရွာမြို့၊ အမက(၁)၊ လယ်တီရပ်၊ ပထမတန်း(က)မှ မအိအိမိုး၏ဖခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဦးအောင်ကိုကို ၅/မရန(နိုင်)၂၁၆၂၁၅ ဖြစ်ပါကြောင်း။
ဦးအောင်ကိုကို ၅/မရန(နိုင်)၂၁၆၂၁၅၊ မုံရွာမြို့

အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့၊ အလက(၃)မြို့မ ပဉ္စမတန်းမှ နန်းယမင်းအောင်(ခ)နန်းလောင်လျှန်း(ဘ)ဦးစန်းမြင့် ၈/မကန(နိုင်)၀၀၉၉၄၈အား ယနေ့မှစ၍ မနန်းယမင်းစံဟုပြောင်းလဲခေါ်ပါရန်။ **မနန်းယမင်းစံ**

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာ၊ မြေကွက် အမှတ်(၃၂၂) အမည်ပေါက် ဦးသန်းမောင်နှင့် မြေကွက်အမှတ် (၃၂၃)အမည်ပေါက် ဦးစိန်မြင့်-ဒေါ်မြင့်ကြည်၏မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်မင်းမင်းသွယ် ၇/တငန(နိုင်)၀၉၈၉၂၉ က မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန် (မူရင်း) နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များ တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဖခင်အမည်မှန်

ကန့်ဘလူ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မဝေဝေအောင်၏ ဖခင်အမည်မှာ ဦးဇော်မိုး(ခ)ဦးမင်းဇော်ဖြစ်ပါသည်။

အမည်မှန်

မုဒုံမြို့နယ်၊ ကွေ့ဝမ်းကျေးရွာအမှတ်(၃၅၉)နေ ဦးအောင်ဆန်းထွန်း-ဒေါ်ဝင်းဝင်းချို၏သမီး ၁၀/မဒန(နိုင်)၂၂၅၅၅၇၏ အမည်မှန်မှာ မမေရှုလိုင်မိုး ဖြစ်ပါကြောင်း။
မမေရှုလိုင်မိုး

ကားရောင်းမည်

Townace Light Truck
ပုဇင်းခေါင်း ၂၀၀၅ ဓာတ်ဆီ
Manual
ယာယီ၊ ၁တန်၊ ငွေကျပ် ၁၄၅ သိန်း
ဖုန်း-၀၉-၄၃၀၆၄၆၁၅

တစ်ဦးတည်းဖြစ်ကြောင်း

မုဒုံမြို့နယ်၊ မြို့မ(၄)ရပ်ကွက် ပိတောက်ရွှေဝါ ၁ လမ်း၊ အမှတ်-၈၀ နေ မသန်းဌေး(ခ)မသန်းသန်းဌေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

အထက(၁)မုဒုံ တက္ကသိုလ်ဝင်တန်း (F)မှ မအိအိဖြူ၏ဖခင်အမည်မှန်မှာ ဦးအောင်ဇေယျ ၁၀/မဒန(နိုင်)၀၇၀၁၃၁ ဖြစ်ပါကြောင်း။ **ဦးအောင်ဇေယျ**



ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကံဘဲ့ရပ်ကွက်၊ ဂီတမာလာလမ်း၊ အမှတ် ၉ ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၆)၊ မြေကွက်အမှတ် (၁ယ/၁A)၊ မြေဧရိယာ ၀ ဒသမ ၁၅၇ ဧကရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးသန်းနိုင် ၁၂/လမန(နိုင်)၀၀၂၄၇၂ က တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာ ယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ LL.B	ဒေါ်လှလှခိုင် LL.B
တရားလွှတ်တော်ရှေ့နေ(၄၃၇၃)	တရားလွှတ်တော်ရှေ့နေ(၅၄၁၀)

အမှတ် ၉/၁၁၊ အခန်းအမှတ် ၂၀၁(A)၊ ဒုတိယထပ်၊ ၃၆ လမ်း(အောက်ဆုံး)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ ဇေယျာသီရိ ၆လမ်း၊ အမှတ်(၁၂၄)၊ မြေအကျယ်အဝန်းပေ(၂၅×၅၀)ရှိ မြေကွက်ပေါ်တွင် နှစ်ခန်းတွဲ၊ သုံးထပ်ခွဲတိုက်ဟုခေါ်တွင်သော အဆောက်အအုံတည်ရှိရာ နေရာတွင် အမှတ်(၁၂၄)၊ ဒုတိယထပ်၊ ဒါဘာ၏အောက် ခေါင်းရင်းခန်း၊ ခြေရင်းခန်း(၂)ခန်းနှင့်ဒါဘာခေါင်းရင်း၊ ခြေရင်းခန်းပေါင်း(၄)ခန်းနှင့် ယင်းအခန်းတို့တွင် တပ်ဆင်ထားသော ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း။

အထက်ပါဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်လျက်ရှိသော ဒါဘာ(ခေါင်းရင်းခန်း၊ ခြေရင်းခန်း)၊ ဒါဘာ၏အောက် ဒုတိယထပ်(ခေါင်းရင်းခန်း၊ ခြေရင်းခန်း)၊ တိုက်ခန်း(၄)ခန်းတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ကန်ထရိုက်တာ၊ မြေရှင်ဖြစ်သူ ဦးဆဲလူး(ခ)ဦးမိုးဇက် ၁၀/ပမန(နိုင်)၀၉၁၉၈၉(Asia one Construction Co.,Ltd.)ထံမှ ကျွန်မ ဒေါ်လှဲ့လှဲ့အောင် ၁၂/စခန(နိုင်)၀၄၈၀၀၆က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ
ဒေါ်လှဲ့လှဲ့အောင် ၁၂/စခန(နိုင်)၀၄၈၀၀၆
ဖုန်း-၀၉-၄၂၈၁၈၃၉၈၈၊ ၀၁-၃၉၇၇၃၂

ကြော်ငြာ

စေတနာအထူးပြုနိုင်ဆုံးသော ခင်နန္ဒာ နှင့် သွားစိုးနော် (၂၀၁၃-၂၀၁၄ ဗုဒ္ဓဂယာခရီးစဉ်များအတွက် ဝန်ဆောင်မှုအသစ်များ)

သံဝေဇနီယလေးဌာန+သာဝတ္ထိ+ဝေသာလီ+ပတ္တနား+ရာဇဂြိုဟ် (အသက်ကြီးသူများ၊ ယခင်ရောက်ဖူးသူများ၊ အချိန်မရသူများ ပိုမိုသင့်တော်သည်။) (ရန်ကုန်-ဂယာ-ရန်ကုန်)

သံဝေဇနီယလေးဌာန+အဋ္ဌမဟာဌာန+တာဇ်မဟာ+နယူးဒေလီ+ဝေသာလီ+ပတ္တနား+ရာဇဂြိုဟ်+ကိုလ်ကတ္တား (နေရာစုံပို့ပေးသည်။) (ရန်ကုန်-ဂယာ-ကိုလ်ကတ္တား-ရန်ကုန်)

[illegible]

ခရီးစဉ်အားလုံး Air Bus A 320 လေယာဉ်အကြီးစားဖြင့်သာ

၁၀/၁၂ရက် - ၉ သိန်း } (ရေးထိုးပြီး) အောက်တိုဘာ ၇၊ ၂၁၊ နိုဝင်ဘာ ၄၊ ၁၈၊ ဒီဇင်ဘာ ၂၊ ၁၆၊ ဇန်နဝါရီ ၂၇၊ ဖေဖော်ဝါရီ ၁၀၊ ၂၄၊ မတ်လ ၁၀၊ ၂၄၊ ဧပြီ ၇၊

၁၄/၁၅ရက် - ၁၀ သိန်း } အောက်တိုဘာ ၄ (၉ဦးလို)၊ ၁၄ (၁၄ဦးလို)၊ ၁၈၊ ၂၁၊ နိုဝင်ဘာ ၁၊ ၄၊ ၁၅၊ ၁၈၊ ၂၉၊ ဒီဇင်ဘာ ၂၊ ၁၃၊ ၁၆၊ ၂၇၊

(စရံငွေချေ/ဦးရေလူစုံမှ) ဇန်နဝါရီ ၁၀၊ ၁၃၊ ၂၄၊ ၂၇၊ ဖေဖော်ဝါရီ ၇၊ ၁၀၊ ၂၁၊ ၂၄၊ မတ်လ ၇၊ ၁၀၊ ၂၁၊ ၂၄၊ ဧပြီ ၄၊ ၇၊

ကွန်ဒို(E)၊ မြေညီထပ်၊ ကမ္ဘာအေးဘုရားလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။ ၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၀၉-၅၆၀၀၁၂၇၊ ၀၉-၅၆၀၀၄၄၄

ပျောက်ဆုံးကြောင်း

ကျွန်မ မစန်းစန်းနု၏ Pass Port No-M-၆၄၂၉၁၉ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၉၇၈၀၇၉၆

ပျောက်ဆုံးကြောင်း

ကျွန်မ မဒေလီယာ ၁/ဝမန(နိုင်) ၀၅၆၈၄၄၏ Pass Port ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

မဒေလီယာ

ဖုန်း-၀၉-၂၄၀၁၉၅၇

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁၊ မြေကွက်အမှတ် ၂၀/H၊ မြေကွက်တည်နေရာအမှတ် ၁၄၉/A၊ မြကန်သာလမ်း၊ ၁၀ ရပ်ကွက်၊ လှိုင်မြို့နယ် ဒေါ်နီနီသိန်း အမည်ပေါက် တစ်နှစ်ယာယီလိုင်စင်မြေအား အမည်ပေါက် ဒေါ်နီနီသိန်း ၁၂/သလန(နိုင်) ၀၁၇၈၀၈ ကိုယ်တိုင်မှ တစ်နှစ်ယာယီမြေအသုံးပြုခွင့်လိုင်စင်တင်ပြ၍ နှစ် ၆၀မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း(၃)၊ မြေကွက်အမှတ် ၁၇၇၄၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ ဦးစရိမ်းဘို ပါ ၃ ဦးအမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား အမည် ဦးစရိမ်းဘို၊ ဦးဘရန်ရှောင် ၁၂/ဥကမ(နိုင်) ၀၅၈၂၀၃၊ ၁/ပတအ(နိုင်)၀၁၆၁၆၂ (ဘ) ဦးဖာရော၊ ဦးဂျိုင်ဝါလ ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြပြီး မြေငှားဂရန်စာချုပ်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

မဇ္ဈိမဒေသ၊ သာဝတ္ထိမြို့ မဟာသံဃိကဒါန ကျောင်းအလှူ နှီးဆော်ခြင်း

အိန္ဒိယနိုင်ငံ၊ သာဝတ္ထိမြို့ရှိ မြတ်စွာဘုရားရှင် (၂၅)ဝါ သီတင်းသုံးတော်မူခဲ့သည့် မူလဂန္ဓကုဋီ (အဝိဇယိတဌာန) နှင့် တာဝတိံသာနတ်ပြည်သို့ ကြွလမ်းတော်မူခဲ့သည့် သရက်ဖြူကုန်းအနီးတွင် မြန်မာနိုင်ငံမှ ပြည်ပသာသနာပြု ဆရာတော် ဘဒ္ဒန္တ ဒေါက်တာနန္ဒိန္ဒာဓိပတိ (မျှာစနိယ) သည် မြေဝယ်ယူပြီး၍ မဟာဓမ္မယျာသုခ သုံးထပ်ကျောင်းတိုက်ကြီး အား ဆောက်လုပ်လျက် ရှိရာ ဖောင်ဒေးရှင်းပြီးစီး၍ မြေညီထပ် တိုင်ထူပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ "ဝိဟာရဒါန သံဃသာသနာဗုဒ္ဓဝဏ္ဏိတံ" (ဝိဟာရဟူ ကျောင်းအလှူကို ဆုရေဖုဒ္ဓ ချီးမွမ်းကြ၏)ဟူသော ဒေသနာတော်မြတ်နှင့်အညီ ဘုရားရှင်တိုင်းချီးမွမ်းအပ်သော မဟာသံဃိကဒါန ကျောင်းအလှူ ကုသိုလ်ထူးကြီးကို တစ်စတုရန်းပေလျှင်(၂၀,၀၀၀)ကျပ်နှုန်းဖြင့် ဆောက်ပြီးအတိုင်း ဆက်သွယ်၍ ရက်ရောကြည်ဖြူစွာ ကုသိုလ်ယူနိုင်ကြပါပြီ -

၁။ ဆရာတော်ဘဒ္ဒန္တဒေါက်တာနန္ဒိန္ဒာဓိပတိ၊ မဟာဓမ္မယျာသုခကျောင်း၊ သာဝတ္ထိမြို့၊ ယူပီပြည်နယ်၊ အိန္ဒိယနိုင်ငံ။
ဖုန်း - ၀၀၉၁ - ၈၄၀၀ ၃၈၀ ၁၃၂၊ ၈၈၉၆ ၇၅၂၉၇၇၊ unarinda08@gmail.com

၂။	ဒေါ်တင်တင်ကြည်၊ ခင်နန္ဒာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ မရမ်းကုန်း။	၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၃၇၇၆၁၅၊ ၆၅၇၇၉၄
၃။	ဒေါ်သီတာ၊ မဇ္ဈိမဂုဏ်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ မင်္ဂလာတောင်ညွန့်။	၀၁-၂၉၆၄၄၆၊ ၀၉-၅၀၀၃၅၂၂
၄။	ဒေါ်မေသူမောင်၊ မေသူမောင်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ ကမာရွတ်။	၀၉-၅၁၃၉၂၄၄၈၊ ၀၉-၇၃၂၄၁၈၇၊ ၀၉-၅၀၁၂၄၇၀
၅။	ဒေါ်ကြည်ကြည်မြင့်၊ ရွှေမဟာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ စမ်းချောင်း။	၀၁-၅၃၂၀၈၆၊ ၀၉-၅၀၀၃၄၀၄၄၊ ၀၉-၅၁၈၈၃၇၆
၆။	ဒေါ်နီနီဝင်း၊ ရွှေဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ တာမွေ။	၀၁-၅၄၄၆၈၂၀၊ ၀၉-၅၀၂၁၃၉၂
၇။	တိုးတိုးဧရာဝတီဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ လှည်းတန်း၊ ကမာရွတ်။	၀၁-၅၁၃၉၂၅၊ ၀၁-၅၂၇၅၃၉
၈။	ဒေါ်တင်မိုးဒေဝီ၊ ကျော်ကျော်ကာသပစ္စည်းဆိုင်၊ ခင်နန္ဒာရုံးခွဲ(၁)၊ မန္တလေး။	၀၂-၅၁၅၄၀၅၀၊ ၀၉-၅၁၁၆၀၀၄

[illegible]

အသည်းဝေဒနာရှင်များ၊ ယမကာမှီဝဲနေသူများအတွက်

ရွှေအသည်း

အသည်းအားဆေး

FROM EXPERIENCE-BASED TRADITIONAL MEDICINE TO EVIDENCE-BASED TRADITIONAL MEDICINE.

- အသည်းပျက်စီးခြင်းအန္တရာယ်ကို အမြန်တကယ် ကာကွယ်တားဆီးပေးနိုင်ပါသည်။
- အသည်း၏ လုပ်ဆောင်ချက်များကို ပိုမိုကောင်းမွန်လာစေပါသည်။ အသည်းပျက်စီးခြင်းကြောင့် မြင့်တက်လာသော အသည်း အင်ဇိုင်းများ (ALT, ALP, AST), T.BIL တို့ကို ပုံမှန်သို့ လျော့နည်းကျဆင်းစေသည်။
- [illegible]
- [illegible]
- [illegible]

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၇)ရှိ မြေအကျယ်အဝန်းပေ (၄၀×၆၀)၊ နှစ် ၆၀ဂရန်မြေအမျိုးအစား မြေကွက်များဖြစ်ကြသော မြေကွက်အမှတ်(၁၅၀)နှင့်(၃၈၂)ဟု အသီးသီးခေါ်တွင်ကြသော မြေကွက်များနှင့်တကွ ယင်းမြေများပေါ်တွင်တည်ရှိကြသော နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားရှိ ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူများထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် နှစ်ဖက်သဘောတူညီချက်အရ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမြင့်အောင် LL.B	**ဦးအေးမင်းသူ LL.B**
(စဥ်-၂၅၁၆၅)	**(စဥ်-၂၆၁၉၉)**

ရှီးမဘဏ်ဥပဒေအကြံပေး အထက်တန်းရှေ့နေများ
မြန်မာခနောင် အကျိုးဆောင်လုပ်ငန်း
ရတနာမြိုင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆

[illegible]

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးတင်လှ
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ သစ်တောဦးစီးဌာန
အသက်(၈၀)

ဦးတင်လှ(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန)သည် ၂၄-၈-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးမောင်မောင်လွင်
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်

မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မေခင်ကြည် (ခ) ဒေါ်ဝင်းနီလှ
အသက် (၇၅)နှစ်

ဦးဆက်အောင် (ဗဟိုဘဏ်ဒုဥက္ကဋ္ဌ)နှင့် ဒေါ်မေသန်းလွင်တို့၏ ချစ်လှစွာသောမိခင် ဒေါ်မေခင်ကြည်(ခ)ဒေါ်ဝင်းနီလှ အသက် (၇၅)နှစ်သည် ၂၅-၈-၂၀၁၃ ရက် ညနေ ၅း၂၅ နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

FARMER MONEY CHANGER
Farmer Phoyarzar Co., Ltd. မိသားစု

(၆)လပြည့် လွမ်းဆွတ်သတိရခြင်း
ဒုတိယဗိုလ်မှူးကြီး [illegible]
[illegible] အသက်(၃၉)နှစ်
[illegible] B.A (History)
(၂၈. ၂. ၂၀၁၃ - ၂၈. ၈. ၂၀၁၃)

[illegible]

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မေခင်ကြည် (ခ) ဒေါ်ဝင်းနီလှ
အသက်(၇၅)နှစ်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင် နှင့် ဒေါ်မေသန်းလွင် တို့၏ ချစ်လှစွာသော မိခင်ကြီး ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၆၇/စီ) အခန်း(အေ) မြေညီထပ်နေ ဒေါ်မေခင်ကြည် (ခ) ဒေါ်ဝင်းနီလှသည် ၂၅-၈-၂၀၁၃ ရက်၊ ညနေ ၅း၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့်ဝန်ထမ်းမိသားစုများ
အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်သန်းရင် (ရမည်းသင်း)
အသက် (၉၆)နှစ်

ကျောက်ကုန်းစာသင်ဝိုင်းမှ ဆရာဦးတင်မောင်ချို (ရူပဗေဒ)၏မိခင် ဒေါ်သန်းရင်(ရမည်းသင်း) အသက် (၉၆)နှစ်သည် ၂၃-၈-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ကျောက်ကုန်းစာသင်ဝိုင်းမှ
ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ

ဝမ်းနည်းကြေကွဲခြင်း
ဦးတင်လှ
(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ သစ်တောဦးစီးဌာန)
ဂေဟစနစ်ထိန်းသိမ်းရေးနှင့် ပြည်သူ့အစုအဖွဲ့ ဖွံ့ဖြိုးရေးအသင်းနာယက
အသက် (၈၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅) ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ အမှတ် (၂/၉၅၀)နေ (ဒေါ်ခင်မာမာ)၏ခင်ပွန်း ဦးတင်လှ (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)သည် ၂၄-၈-၂၀၁၃ရက် ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဂေဟစနစ်ထိန်းသိမ်းရေးနှင့် ပြည်သူ့အစုအဖွဲ့ ဖွံ့ဖြိုးရေးအသင်း (ECCDI)

ဝမ်းနည်းကြေကွဲခြင်း
Mrs. Rosalind
အသက် (၇၈)နှစ်

Win Theingi Engineering Co.,Ltd. မှ Managing Director ဦးဝင်းမောင်ဦး (Mr. George) ၏ မိခင် Mrs. Rosalind အသက် (၇၈)နှစ်သည် ၂၅-၈-၂၀၁၃ ရက် ည ၇း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မန်နေဂျင်းဒါရိုက်တာနှင့်ဝန်ထမ်းများ
Myanmar Chemical Mart Co., Ltd.

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မေခင်ကြည်(ခ)ဒေါ်ဝင်းနီလှ
အသက်(၇၅)နှစ်

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်-ဒေါ်မေသန်းလွင်တို့၏မိခင် ဒေါ်မေခင်ကြည်(ခ)ဒေါ်ဝင်းနီလှ အသက် (၇၅) နှစ်သည် ၂၅-၈-၂၀၁၃ ရက် ညနေ ၅း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့
ရောဝတီဘဏ်လီမိတက်

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးညွှန့်ဦး (စန္ဒာညွှန့်စာပေတိုက်)
အသက် (၆၈)နှစ်

စန္ဒာညွှန့်စာပေတိုက်မှ ဦးညွှန့်ဦးသည် ၁၈-၈-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

လင်းစာပေမိသားစု (ကျောက်ပန်းတောင်းမြို့)

ဖခင်အမည်မှန်
မော်လမြိုင်မြို့၊ ရွှေနတ်တောင် အထက၊ န၀မတန်းမှ မောင်ကျော်ဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးတင်မျိုးဦး ၁၀/ရမန(နိုင်) ၁၁၄၂၇၈ ဖြစ်ပါကြောင်း။

ဦးတင်မျိုးဦး

ကျေးဇူးဆပ်ပါမည်
ကျွန်တော် လှအောင်ကြည်၏ နိုင်ငံကူးလက်မှတ် အမှတ်-၆၀၁၁၃၄ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၇၃၁၈၈

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မေခင်ကြည် (ခ) ဒေါ်ဝင်းနီလှ
အသက် (၇၅)နှစ်

ဦးဆက်အောင်-ဒေါ်မေသန်းလွင် တို့၏ ချစ်လှစွာသော မိခင်၊ [illegible] ၂၅-၈-၂၀၁၃ရက် ညနေ ၅း၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစု နှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ASIA Language & Business Academy
ဒါရိုက်တာအဖွဲ့
ဆရာ-ဆရာမများနှင့် ဝန်ထမ်းမိသားစုများ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မေခင်ကြည်(ခ)ဒေါ်ဝင်းနီလှ
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၆၇/စီ)၊ အခန်း(အေ)၊ မြေညီထပ်နေ (ဦးဆက်မောင်)၏ဇနီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့်ဇနီး ဒေါ်မေသန်းလွင်တို့၏မိခင် ဒေါ်မေခင်ကြည်(ခ) ဒေါ်ဝင်းနီလှ အသက်(၇၅)နှစ်သည် ၂၅-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင်ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့
ရိုးမဘဏ်လီမိတက်

ကန့်ကွက်နိုင်ပါကြောင်း
လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀/ခ၊ မြေကွက်အမှတ် ၂၂၊ ဧရိယာ ၀ ဒသမ ၁၁၃ ဧက၏ တစ်စိတ်တစ်ဒေသ ၀ ဒသမ ၀၆၃ ဧက၊ မြေကွက်တည်နေရာအမှတ် ၃၈၊ ဘုရားလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ် (ဦးဆိုင်)အမည်ပေါက် အိမ်ရာမြေ (၁-၁-၇၀အရ အိမ်ရာမြေဝန်ခံချက်ပေး) မြေအား လှိုင်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၅၇/၂၀၁၁ စီရင်ချက်နှင့်ဒီကရီ၊ လှိုင်မြို့နယ်တရားရုံး၊ တရားမဇာရီမှုအမှတ် ၂/၂၀၁၂ တွင် ကြားဖြတ်အမိန့်တို့တွင် ချမှတ်သော အမိန့်နှင့် အရောင်းအဝယ်စာချုပ်အမှတ် ၂၀၂၉/၂၀၁၃(၃-၆-၂၀၁၃)တို့တင်ပြ၍ ဒေါ်ရွှေ ၁၂/လမန(နိုင်)၀၂၄၈၅၅ က မြေကွက်ခွဲရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မေခင်ကြည်(ခ)ဒေါ်ဝင်းနီလှ
အသက်(၇၅)နှစ်

ဦးဆက်အောင်-ဒေါ်မေသန်းလွင်တို့၏ မိခင်ကြီးသည် ၂၅-၈-၂၀၁၃ ရက် ညနေ ၅း၂၅နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ
မြန်မာအရှေ့တိုင်းဘဏ်လီမိတက်

ကန့်ကွက်နိုင်ပါကြောင်း
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀၊ လူနေရပ်ကွက်အမှတ် ၃၀၊ ဆောင်းဟေမာန်အိမ်ရာ၊ တိုက်အမှတ် ၁၂၊ အခန်း ၃ အား ဒေါ်သက်သက်အောင် ၁၂/အစန(နိုင်) ၀၀၆၁၅၈ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးမြင့်ဆွေ ၁၂/ဥကတ(နိုင်)၀၀၃၁၃၀ က တိုက်ခန်းအမည်ပေါက်နှင့် နေထိုင်ခွင့်စာချုပ် ထုတ်ပေးပါရန် လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း
မညိုညိုအောင်
အသက်(၃၃)နှစ်

ကိုစည်သူထွန်း(Shwe Nay Chi Company-17 Stars LED)၏ ဇနီးဖြစ်သူ မညိုညိုအောင်သည် ၂၅-၈-၂၀၁၃ ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

Shwe Nay Chi Company Group

သမီးလေး ပန်းစုလှိုင်အေး သို့
နှစ်နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
(၂၉-၈-၂၀၁၁) မှ (၂၉-၈-၂၀၁၃)

သမီးလေး ပန်းစုလှိုင်အေး ရေ…

သမီးကွယ်လွန်ခဲ့တာ နှစ်နှစ်ပြည့်ခဲ့ပြီဆိုပေမယ့်…ဖေဖေတို့ မေမေတို့ မိသားစုအားလုံးရဲ့ရင်ထဲမှာတော့ မနေ့တစ်နေ့ကလိုပဲ နာကျင်စွာခံစားနေရဆဲပါ သမီးရယ်…

သမီးထားရစ်ခဲ့တဲ့ (၂၅ရက်သား) သားသားလေးကို ချစ်မြတ်နိုးစွာ ကျွေးမွေးပြုစုယုယ ထွေးပွေ့နေရင်းနဲ့အတူ…သမီးလေးကိုလည်း မိသားစုအားလုံးက ယနေ့ထိတိုင် တစ်နေ့တစ်ရက်မျှ မေ့လို့မရခဲ့ပါဘူးကွယ်…

ငယ်ငယ်ရွယ်ရွယ်လေးနဲ့ ဒီလင် ဒီသားကို လူ့လောကကြီးထဲက စောစောစီးစီး စွန့်ခွာသွားရလောက်အောင် သမီးလေးခံစားခဲ့ရတဲ့ ရောဂါဝေဒနာတွေနဲ့ ဒီလိုအဖြစ်မျိုးတွေအားလုံး နောင်ဘဝဆိုတာများရှိခဲ့ရင် မတွေ့ကြုံ မခံစားရပါစေနဲ့၊ ဝဋ်ကြွေးရှိခဲ့ရင်လည်း ဒီဘဝ ဒီမျှနဲ့ ကျေပါစေကြောင်း ဖေဖေတို့ မေမေတို့မိသားစုက ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်များအား နေ့စဉ် အလှူဒါနမျိုးစုံပြုလျက် သမီးလေးအတွက် ဆုတောင်းပေးနေပါတယ်ကွယ်…

ဖေဖေတို့ မေမေတို့ မိသားစုပြုပြုခဲ့သမျှ ကုသိုလ်ကောင်းမှုအစုစုရဲ့ အဖို့ဘာဂကို သမီးလေး မြင့်မြတ်တဲ့ ဘုံဘဝမှ သိနိုင် မြင်နိုင် ကြားနိုင်ပြီး သာဓုခေါ်ဆိုနိုင်ပါစေ သမီးရယ်…

သမီးလေး ပန်းစုလှိုင်အေး ရေ…

အမျှ အမျှ အမျှ ပါ သမီးရယ်…

(သာဓု သာဓု သာဓု)[၃]

ကျန်ရစ်သူမိသားစု

ဦးမန်းစိန်း-ဒေါ်စိန်စိန်ဝင်း
ကိုကြီး ဂျူး (ခေတ္တ စင်ကာပူ)
ချစ်ခင်ပွန်း ဗိုလ်ကြီးပြည့်ဖြိုးမောင် (ငြိမ်း)
ချစ်သားလေး ရွှေမုတ်သုန်(ခ)ရွှေပြည့်ဖြိုးမောင်

ဦးညွှန့်လှိုင်-ဒေါ်အေးစံ
(သံအမတ်ကြီး ကိုရီးယားသမ္မတနိုင်ငံ)

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မေခင်ကြည်(ခ)ဒေါ်ဝင်နီလှ

အသက်(၇၅)နှစ်

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် ဒေါ်မေသန်းလွင်တို့၏ ချစ်လှစွာသောမိခင် ဒေါ်မေခင်ကြည်(ခ)ဒေါ်ဝင်နီလှသည် ၂၅-၈-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယဝန်ကြီး ဦးရဲထွဋ်နှင့် ဇနီး ဒေါ်ခင်စန္ဒာထွန်း

ပြန်ကြားရေးဝန်ကြီးဌာန

ဒေါ်အေးအေး (ကုန်သွယ်/လယ်ယာ၊ ငြိမ်း)

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၈(ဘီ)၊ ကြားတောရလမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ပညာရေးဓမ္မာရုံနေ (ဦးသိန်း-ဒေါ်မြိုင်)တို့၏သမီး၊ (ဦးစောလွင်၊ ကုန်သွယ်/လယ်ယာ၊ ငြိမ်း)၏ဇနီး၊ ဦးမြင့်နိုင်(လ/ထညွှန်ကြားရေးမှူး၊ နိုင်ငံတော်သမ္မတရုံး၊ နေပြည်တော်)-ဒေါ်ဝေဝေလွင်(အထပြ၊အထက-၃၊ကလေး)၊ ဦးကြည်လင်းအောင်-ဒေါ်မူမူလွင် [အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ ရန်ကုန်မြို့]၊ ဒေါက်တာထားထားလွင် (လက်ထောက်ဆရာဝန်၊ ဖလမ်းပြည်သူ့ဆေးရုံကြီး)၊ ဦးသန်းလွင်(ရုံးအုပ်ကြီး၊ရွှေ့နေချုပ်ရုံး၊နေပြည်တော်)-ဒေါ်သင်းသင်းလွင်၊ဦးဘိုဘိုလွင်-(ဒေါ်ရွှေမာဇင်)တို့၏မိခင်၊ မောင်ဇေယျာလွင်မြင့်၊ မခင်ယမင်းနိုင်၊ မအေးချမ်းလင်းလင်းဘို၊ မရှင်းကြည်အောင်တို့၏အဘွားသည် ၂၇-၈-၂၀၁၃ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကျော်ကျော်ဝင်း (B.A, B.L)

တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်

အသက်(၇၀)

မန္တလေးမြို့၊ အမှတ် ၁၉၊ ၆၄လမ်း၊ ၂၅ × ၂၆လမ်းကြားနေ (ဦးနော်မန်-ဒေါ်ခင်ကြည်)တို့၏သား၊ (ဒေါ်ခင်ချို)၏ခင်ပွန်း၊ ဦးကျော်ဇေယျ-ဒေါ်စန်းနုဖေ၊ ဦးကျော်သီဟ-ဒေါ်ရီရီမြင့်၊ ဦးကျော်စွာလင်း-ဒေါ်မေသက်နှင်းတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၈-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒေါက်တာဦးလှမင်း

ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)

သွားရောဂါကုဆေးပညာဌာန

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)

အသက်(၆၇)နှစ်

ဆရာကြီး ဦးလှမင်း ၂၆-၈-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

17th Batch B.D.S မှ တပည့်များ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ညွန့်ရီ (ဖြူးမြို့)

အသက်(၈၀)

ရန်ကုန်မြို့၊ အမှတ် ၆၀၉၊ ချမ်းသာကွန်ဒို၊ သံသုမာလမ်း၊ တာမွေမြို့နယ်နေ [ဦးလှမောင်(ခ)ဦးကျူချတ်]၏ဇနီး၊ စိုင်းမျိုးမြင့် - Ms တန်စွေမီ (မလေးရှား)၊ စိုင်းမျိုးနိုင် - နန်းစန္ဒာဝင်းတို့၏မိခင်၊ စိုင်းဝေယံဟိန်းခန့်၏အဘွားသည် ၂၈-၈-၂၀၁၃ရက် နံနက် ၉း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃-၉-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ချမ်းသာကွန်ဒို နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

Pi Tha Kip Par

အသက်(၆၇)နှစ်

ချင်းပြည်နယ်၊ ဖလမ်းမြို့နေ (Pu Tawk Pum-Pi Vai Zing)တို့၏သမီး၊ Pu Phum Kip ၏ညီမ၊ Mai Far Har, Mai Caa Dim, Pu Phum Lung၊ ဒေါ်ခင်ဆန်းတို့၏အစ်မ၊ တပ်ကြပ်ကြီးဝမ်းလျန်ခွဲ (တပ်မတော်-ရေ၊ ငြိမ်း)၊ (တပ်သား ရဲရင့်သောင်း၊ ထပရ-၃၂၃)၊ မထန်သွဲ၊ မောင်ဝင်းထိုက်တို့၏မိခင်သည် ၂၇-၈-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၁၅နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀) တပ်မတော်ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၉-၈-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် နေပြည်တော် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဦးအေးဖေမြင့် B.Sc(Botany)

အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်းနေ [ဗိုလ်မှူးဖေမြင့်(ငြိမ်း)-ဒေါ်အေးကြည်] တို့၏သား၊ ရန်ကင်းမြို့နယ်နေ(ဦးအောင်ကြည်-ဒေါ်အေးဆွေ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ် ၇၂၊ B (ပထမထပ်)နေ ဒေါ်အေးမမ (အုပ်ချုပ်မှုဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ နေပြည်တော်)၏ခင်ပွန်း၊ ဦးလူတိုးမြင့် (Jelco Private Limited Singapore)၊ ဦးဟိန်းတိုးမြင့်-ဒေါ်စိုးယဉ်ဝေလွင် (အိုလံပစ် ဆိုင်ကယ်ပစ္စည်းရောင်းဝယ်ရေး၊ တောင်တွင်းကြီး)တို့၏ဖခင်၊ မောင်အုပ်ပြည်ဖြိုး၏အဘိုး၊ ဒေါက်တာနွယ်နွယ်မြင့် - ဒေါက်တာနေဝင်း(ဘရူနိုင်း)တို့၏မောင်၊ (ဦးကြီးဖေမြင့်)၊ ဒေါ်နီလာမြင့်-(ဦးကိုကိုနိုင်)၊ ဒေါ်မီမီမြင့်-ဦးဇင်ဦး၊ ဒေါ်ရူပါမြင့်-ဦးမြင့်စိုးမင်းတို့၏အစ်ကို၊ ဦးခင်မောင်ဦး-ဒေါ်ညွန့်ညွန့်မေတို့၏ညီသည် ၂၇-၈-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၃း၀၅ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၉-၈-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးအောင်ကျော်ဖုံ(ခ) ဦးကျော်အောင်

Bosun, C.D.C 21096

အသက်(၆၉)နှစ်

စစ်တွေမြို့နေ (ဦးသာနိုး-ဒေါ်အောင်မေ)တို့၏သားထွေး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျာလမ်း၊ အမှတ် ၅၁၃နေ ဒေါ်သန်းသန်းမြင့်(ခ)ဒေါ်ချိုချို၏ခင်ပွန်း၊ဦးညီညီအောင်(2/O F.G) - ဒေါ်ဆွေဆွေဝင်း၊ ဦးဇော်မိုးဦး(ကားဝပ်ရှော့) - ဒေါ်သီသီအောင်၊ ဦးထွန်းအောင်(2/E PIL CO:)၊ ဒေါ်လင်းလင်းအောင်တို့၏ဖခင်၊ မောင်ထူးအံ့ရှိန်(အထက-၁၊ တ/ဥ)၊ မောင်ဉာဏ်ပြည့်စုံလင်း၊ မအိရတီအောင်တို့၏ဘိုးဘိုးကြီးသည် ၂၈-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၃ရက် (သောကြာနေ့)မွန်းလွဲ ၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအောင်လွင်

ဒုတိယဥက္ကဋ္ဌ(ဟောင်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

အသက်(၇၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အမှတ် ၂၃(ဘီ)နေ ဦးအောင်လွင်သည် ၂၇-၈-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၄း၃၀နာရီတွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်မြင့်မြင့်သန်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအောင်လွင် အသက်(၇၇)နှစ်

ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)၊ (ကြည်း-၈၇၉၆)

အကြံပေးပုဂ္ဂိုလ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း နာယက

ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊မုံလှရွာနေ(ဦးရန်သွယ်-ဒေါ်ပိုက်ရှိ)တို့၏သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အမှတ်(၂၃/ဘီ)နေ ဒေါ်မြကြည်၏ခင်ပွန်း၊ ဦးဝင်းအောင်-ဒေါ်ဝင်းယုနွယ်တို့၏ဖခင်၊ မအင်ကြင်း (Grade-X, International School, Yangon)၊ မောင်နိုင်ဦး (Grade-VIII, Deplomatic School, Yangon)တို့၏အဘိုးသည် ၂၇-၈-၂၀၁၃ရက်(အင်္ဂါနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၉-၂၀၁၃ရက် (တနင်္လာနေ့) နံနက်ပိုင်းတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအောင်လွင် အသက်(၇၇)နှစ်

ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)၊ (ကြည်း-၈၇၉၆)

အကြံပေးပုဂ္ဂိုလ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း နာယက

ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ မုံလှရွာနေ (ဦးရန်သွယ်-ဒေါ်ပိုက်ရှိ)တို့၏သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အမှတ် ၂၃/ဘီနေ ဒေါ်မြကြည်၏ခင်ပွန်း၊ (ဦးအံ့ကြီး-ဒေါ်ကြွယ်)၊ [ဦးညီလေး-ဒေါ်ဝက်(ခ)ဒေါ်ခင်စိန်]၊ (ဦးမော်-ဒေါ်လှရှိန်)၊ (ဦးအောင်ခင်-ဒေါ်ရွှေ)တို့၏ညီ/မောင်၊ ရန်ကုန်မြို့နေ (ဦးမြင့်လွင်)-ဒေါ်လှစိန်တို့၏အစ်ကိုသည် ၂၇-၈-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သန်းသန်း (ကြို့ပင်ကောက်)

အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ဗန္ဓုလလမ်း (မန္တလေးလမ်း)၊ အမှတ် ၆၅၂နေ (ဦးမျိုးခင်၊ တိုင်းဦးစီးမှူး၊ ငြိမ်း၊ ရန်ကုန်တိုင်းဒေသကြီး၊ လဝက)၏ဇနီး၊ ဦးကျော်ဝင်းစိန်-ဒေါ်နီနီမျိုးခင်၊ ဦးသန့်စင်၊ (ဦးဇော်ဝင်းဦး)၊ (ဦးရွှေသန်း)-ဒေါ်ကေသီမျိုးခင်၊ ဗိုလ်မှူးမိုးကျော်ဆွေ(ရေ၊ ငြိမ်း)-ဒေါက်တာခင်စန္ဒာ(ခင်စန္ဒာမိုးဆေးခန်း)၊ ဒေါက်တာမောင်မောင်အောင်-ဒေါ်မိုးသီတာမျိုးခင်တို့၏မိခင်၊ မြေး ၁၇ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၇-၈-၂၀၁၃ရက်(အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂-၉-၂၀၁၃ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမြင့်လွင်

(ကညင်ချောင်း၊ ငန်းချောင်း)

အသက်(၅၄)နှစ်

ပုသိမ်မြို့၊ အမှတ် ၁၃၊ ဘူတာလမ်းနေ ဦးအောင်ထွန်းညို-ဒေါ်အေးကျော့တို့၏ သားကြီး၊ မမြင့်မြင်ခင်၊ကိုမြင့်ဝေ၊ မခင်စန်းလွင်၊ ကိုလေးလွင်၊ မခင်မျိုးလွင်၊ ကိုလေးမြင့်တို့၏အစ်ကိုကြီး၊ ဒေါ်သန်းသန်းဝင်း၏ခင်ပွန်း၊ မောင်တေဇာထွန်း၊ မောင်အောင်ပြည်စိုးတို့၏ ဖခင်သည် ၂၈-၈-၂၀၁၃ရက် နံနက် ၄း၂၃နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃၀-၈-၂၀၁၃ရက် ညနေ ၃နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။

ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)

မစန္ဒာဝင်း(ခ)ဝိုဝို

အသက်(၃၆)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ် ၆၀၄၊ ဒုတိယထပ်နေ ဦးအောင်ကျော်ထွန်း(အသင်းဝင်အမှတ်-၄၈၀၈)၏ဇနီးသည် ၂၇-၈-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၅း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၈-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ခရစ်ယာန်ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (မြိတ်အသင်းနှင့် နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးစန်းမြင့် (မြင်းခြံ၊ ဆီမီးခုံ)

စား/ထွေ(ငြိမ်း)

အသက်(၇၈)နှစ်

မြင်းခြံခရိုင်၊ ဆီမီးခုံမြို့နေ (ဦးလူလေး-ဒေါ်လုံးတင်)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ အမှတ် ၉၇၇နေ ဒေါ်လှစိန်၏ခင်ပွန်း၊ မမြင့်မြင့်ဦး၊ ကိုအောင်ကျော်မြင့်(ခ)အဘိုးကြီး၊ ကိုခင်မောင်အေး၊ မအေးအေးမော်-ကိုထွန်းနိုင်ဦး၊ မောင်လှမြင့်ထွေး (ခေတ္တ-ကိုရီးယား) တို့၏ဖခင်၊ မောင်ကျော်လင်းဦး၏အဘိုးသည် ၂၆-၈-၂၀၁၃ရက် (တနင်္လာနေ့) ည ၈း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၈-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးလှမြင့်

(ရဲရင့်အောင်ပွဲရုံ၊ ဟင်္သာတမြို့)

အသက်(၅၆)နှစ်

ဟင်္သာတမြို့၊ ကနောင်စုရွာမလမ်း၊ အမှတ် ၇၉နေ ဒေါ်ထွေးသိန်း၏ခင်ပွန်း၊ မအေးအေးမော်၊ မကြည်ကြည်မော်၊ မအိအိမွန်တို့၏ဖခင်သည် ၂၇-၈-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၂၆နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၈-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် မီးသင်္ဂြိုဟ်စက်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးစောကော့လျောင်

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ BL. 65/2 နေ (ဦးစောဘန်ဟုတ် - ဒေါ်ကျင်ရင်)တို့၏ သားကြီး၊ (ဦးရီရှန်)-ဒေါ်ကျင်၊ ဦးစောကော့ထင် - ဒေါ်ကျင်မွေးတို့၏အစ်ကိုကြီး၊ တူ၊ တူမ ၁၄ယောက်တို့၏ဦးကြီးသည် ၂၇-၈-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂-၉-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

သီတဂူအထောက်အကူပြုအဖွဲ့ (ဗိုလ်စိန်မှန်)

ဒေါ်ပို့ (ပိန်းဇလုပ်)

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ် ၄၁ (ဒ)နေ (ဦးစံခိုင်-ဒေါ်စော)တို့၏သမီး၊ (ဦးမောင်ကြီး - ဒေါ်ကျင်ထွေး)တို့၏ သမီးချွေးမ၊(ဦးစိုးမြင့်)၏ဇနီး၊ ဦးစောရီးရှို-ဒေါ်စိုးစိုး၊ဒေါ်အေးအေးမြင့်၊ဦးအောင်သန်းစိုး-ဒေါ်နီလာအောင်၊ ဦးတင်ဝင်းစိုး-ဒေါ်နွဲ့နွဲ့ဝင်းတို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည်၂၈-၈-၂၀၁၃ ရက် နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၈-၂၀၁၃ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်အေးသိန်း

အသက်(၇၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ပုသိမ်ညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ အမှတ် ၉၁၊ စိတ္တသုခလမ်းနေ (ဦးထွေး)၏ဇနီး၊ (ကိုသန်းထိုက်ဆွေ)၊ ဒုတိယဗိုလ်မှူးကြီးမာန်အောင်(ခမရ-၅၄၁၊ မင်းပြား)-ဒေါ်မျိုးပပဆွေ၊ ဗိုလ်ကြီးလင်းကို (တပ်မတော်-ရေ)-ဒေါ်သဲဖြူဖြူဆွေ၊ကိုအောင်ဇေဖြိုးဝင်း - မမော်မော်၊ ဗိုလ်ဟိဏ်းဇေယျာဝင့်(ခုတင်-၁၀၀၀၊ တပ်မတော်ဆေးရုံ၊ မင်္ဂလာဒုံ)၊ မောင်ဖွဲ့ဇာနည်နိုင်၊မောင်ထူးမြင့်မြတ်နိုင်၊မသွန်းရတနာထွေး၊ မောင်ဘုန်းမြင့်မြတ်ထွေးတို့၏ အဘွားသည် ၂၇-၈-၂၀၁၃ရက် နံနက် ၂း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၉-၈-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်ရွှေ (တော်ကပူး၊ ကမာကေးကျေးရွာ၊ ဘီလူးကျွန်း)

(သဲအင်းယောဂီ)

အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ ဗိုလ်ဂါမဏိလမ်း၊ အမှတ် ၁၀၉နေ (ဦးထွန်းရီ-ဒေါ်အုန်းကြည်)တို့၏သမီး၊ ဦးတင်လေး၏ဇနီး၊ဦးရွှေတင်-ဒေါ်သောင်းတင်၊ဦးတင်ငွေ-ဒေါ်ခင်တိုတို့၏ညီမ၊ ဦးစိုးဝင်း-ဒေါ်ကြည်ဝင်း၊ ဦးတင်ရှိန်-ဒေါ်ဝင်း၊ (ဦးရွှေတင်)-ဒေါ်ကျင်ဝါ၊ဦးမြင့်အောင်-ဒေါ်အေးဝင်း၊ ဦးမောင်အောင်-ဒေါ်စန်းငွေ၊ ဦးစံရှား-ဒေါ်သန်းသန်းဝင်း၊ ဦးသက်ထွန်းတို့၏အစ်မ၊ မောင်အောင်ဇော်ဦး-မချိုမာအေး၊မလှကြေးမုံ၊ မောင်ဇော်မင်းဦး၊ မောင်အောင်သီဟ၊ မငုဝါသင်းတို့၏မိခင်၊မခိုင်ဝင့်သဇင်၏အဘွားသည် ၂၇-၈-၂၀၁၃ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၉-၈-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ပုလောမြို့နယ် သြဝါဒါစရိယ

ဘဒ္ဒန္တ ဝရသာမိ

သက်တော်(၉၆)နှစ်၊ သိက္ခာတော်(၇၆)ဝါ

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ တောင်ယာကမ်းကျေးရွာနေ (ဖခမည်းတော်ဦးထွန်းဖုံ-မယ်တော်ဒေါ်ခင်အေး)တို့၏သား၊မြို့နယ်သြဝါဒါစရိယ၊ ပုလောမြို့၊ အမှတ်(၂)ရပ်ကွက်၊ လယ်ဝိုင်းကျောင်းတိုက် ပဓာနနာယက ဆရာတော် လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုကဖြစ်တော်မူသော သက်တော်(၉၆)နှစ်၊ သိက္ခာတော်(၇၆)ဝါရှိ ဘဒ္ဒန္တဝရသာမိ မဟာထေရ်အရှင်သူမြတ်သည်(၁၃၇၅ ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ရက်) ၂၆-၈-၂၀၁၃ရက်(တနင်္လာနေ့)ညနေ ၅း၂၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါသဖြင့် ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ရက်) ၁-၉-၂၀၁၃ ရက်(တနင်္ဂနွေနေ့)တွင် ပုလောမြို့နယ် နှစ်ကျိပ်ရှစ်ဆူဘုရားကွင်းကြီး၌ အန္တိမအဂ္ဂိဈာပနကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။

အန္တိမအဂ္ဂိဈာပနကျင်းပရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

အရှင်ဇဝနဉာဏာဘိဝံသ

သာသနဓဇသိရီပဝရဓမ္မာစရိယ၊ စေတိယင်္ဂဏ ဓမ္မာစရိယ

သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ သန်လျင်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်၏ပဓာနနာယက၊ ရန်ကုန်မြို့၊ ပုဇွန်တောင် ဆုတောင်းပြည့်ကျောင်းတိုက်၏ သြဝါဒါစရိယ၊ သန်လျင် ကျိုက်ခေါက်ဆံတော်ရှင်ဘုရားကြီး၏သြဝါဒါစရိယ၊ သန်လျင်မြို့ ကျိုက်ဇောဓိပဝါရဏ ဂိုဏ်းကြီး၏ဂိုဏ်းချုပ် သက်တော်ရှည်ဆရာတော် အရှင်ဇဝနဉာဏာဘိဝံသသည် (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ရက်) ၂၆-၈-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၁း၂၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် အန္တိမအဂ္ဂိဈာပန အခမ်းအနားကို သန်လျင်တောရကျောင်းတိုက်တွင်(၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ရက်) ၁-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တဝိလာသဂ္ဂ (နိုင်ငံတော်သြဝါဒါစရိယ)

သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၅၉)ဝါ

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ ဇီးကန်ရေထွက်ရွာ ကျွန်းဦးပရိယတ္တိစာသင်တိုက် ရတ္တညူမဟာထွ၊ သိက္ခာကာမဝိနယဂရုက နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တဝိလာသဂ္ဂ မဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော်ကြီးသည် (၁၃၇၅ ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ရက်) ၂၅-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်ဝေးရပ်နီးရှိ တပည့်ရဟန်းရှင်လူ ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဝါခေါင်လပြည့်ကျော် ၁၀ရက်) ၃၁-၈-၂၀၁၃ရက်တွင် နိဗ္ဗာန်ကျောင်းတင်ပြုလုပ်မည်ဖြစ်ပါကြောင်း။ (ဈာပနကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

ဈာပနကျင်းပရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ အသောကတံခွန်တိုင်ဒါယိကာမကြီး

ဒေါ်မြမြသင်(ခ)ဒေါ်ခင်မြကြီး (ဆရာမကြီး၊ ငြိမ်း)

ကျောက်ပန်းတောင်း၊ ပုပ္ပား

အသက်(၁၀၀)

(ပုပ္ပားမြို့သူကြီး ဦးမောင်မောင်တင် - ပုပ္ပားမြို့သူကြီး ဒေါ်မမခင်)တို့၏ သမီး၊ (ကျောက်ပန်းတောင်းမြို့သူကြီး ဦးတင့်-ကျောက်ပန်းတောင်းမြို့သူကြီး ဒေါ်ခင်လကြီး)တို့၏ညီမ၊(ပုပ္ပားမြို့သူကြီး ဦးခင်မောင်ရီ)-ဒေါ်သိန်းသိန်း၊ [ဦးခင်မောင်အေး(ခ)ဗိုလ်တင့်တယ်]-ဒေါ်ခင်သစ်၊ (ဦးမောင်မောင်မြင့်၊ ကျောင်းအုပ်ကြီး၊ ငြိမ်း)-ဒေါ်ခင်ခင်လေး(ပညာရေးမှူး၊ ငြိမ်း)တို့၏အစ်မကြီး၊ ဦးတင်ဂျမ်း(အငြိမ်းစားခရိုင်ရဲဝန်)-ဒေါ်ခင်အိအိ၊ ဦးစောအောင်-ဒေါ်ခင်ညီညီ၊ ဦးဇော်လင်း(တရားလွှတ်တော်ရှေ့နေ)-(ဒေါ်ခင်မျိုးညွှန့်)၊ ဦးခင်မောင်မြင့်-ဒေါ်ငြိမ်းငြိမ်း၊ (ဦးရဲနိုင်)-ဒေါ်ခင်ချိုတင်၊ ဦးရန်နိုင်-ဒေါ်ခင်မမဝါ၊ Captain ဦးမျိုးနိုင်၊ (ဦးအောင်နိုင်)-ဒေါ်ကြည်ငွေ၊ ဦးထွန်းနိုင်(USA)-ဒေါ်သန်းသန်းဝင်း(USA)၊ ဒေါ်သက်သက်၊ ဒေါ်ခင်မာလာအေး၊ ဦးတင့်လွင်-ဒေါ်ခင်နီလာအေး၊ ဒေါ်ခင်မြတ်သန္တာအေး၊ မျိုးဇော်လင်း(ခ)စည်သူ၊ ခင်မြတ်နန္ဒာအေး(Singapore)၊ ခင်မြတ်သော်တာအေး၊ (ကိုမင်းသက်နိုင်)တို့၏အဒေါ်သည် ၂၈-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၃၀နာရီတွင် ကျောက်ပန်းတောင်းမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် နေအိမ်မှ ကျောက်ပန်းတောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားသိစေရန် အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒုတိယဗိုလ်မှူးကြီးသာဟန် (ငြိမ်း)

ကြည်း-၇၀၄၀

အသက်(၈၄)နှစ်

ပေါင်းတည်မြို့နေ (ဦးဘိုးခင်-ဒေါ်စောရင်)တို့၏သား၊ အမှတ် ၇၂၂၊ မဟာဗန္ဓုလလမ်း၊ လသာမြို့နယ်နေ (ဒေါ်သောင်းမြင့်)၏ခင်ပွန်း၊ ဦးဘိုဘိုနိုင်-ဒေါ်စုစုမြင့်၊ ဦးခင်ဇော်-ဒေါ်ထွေးထွေးသိန်း၊ (ဦးချစ်ဝင်း-ဒေါ်ယုယုမြင့်)၊ ဒုရဲအုပ်ဖုန်းဇော်(မကွေးနယ်မြေ၊ ရဲစခန်း)-ဒေါ်နီနီမြင့်၊ ဦးမောင်မောင်နိုင်-ဒေါ်မာမာအေး၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၇-၈-၂၀၁၃ရက် (အင်္ဂါနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သန်းသန်း(ကြို့ပင်ကောက်) အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ဗန္ဓုလလမ်း(မန္တလေးလမ်း)၊ အမှတ် ၆၅၂နေ မရည်မွန်သိန်းနွဲ့၊ မထက်မွန်သိန်းနွဲ့၊ ဒေါက်တာယမုံသန့်စင်၊ ဒေါက်တာနှင်းပွင့်အေး၊ ကိုထက်လင်းအောင်၊ ကိုကျော်သူရဇော်၊ ကိုပြည့်ဖြိုးဇော်၊ မသက်ရွှေရည်သန်း(ခေတ္တ-ဘန်ကောက်)၊ မဆွေရည်နွယ်(Final Part-1၊ ဆေးတက္ကသိုလ်-၁)၊ မောင်တင်အောင်မြင့်ထွန်း၊ ဒေါက်တာမြသဲဖြူမိုး၊မောင်ဝင်းမိုး(Chindwin College)၊မဆုပြည့်စုံမိုး(ပထမနှစ်၊ပြင်သစ်နိုင်ငံခြားဘာသာတက္ကသိုလ်)၊ မောင်ဝေယံမိုးလွင်(ပထမနှစ်၊ ဆေးတက္ကသိုလ်-၁)၊ မအိန္ဒြေ (Grde-11, TTC)၊ မောင်ဟိန်းထက်ဇော် (ပထမနှစ်၊ ရေကြောင်းတက္ကသိုလ်)၊မမွန်မြတ်သန့်စင်(Grade-1,TTC)တို့၏ဘွားဘွားကြီးသည်၂၇-၈-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

ပြည်သူ့လွှတ်တော်အစည်းအဝေး

ပိုးသတ်ဆေး စနစ်တကျသုံးစွဲရေးနည်းပညာများကို သင်တန်းဖွင့်လှစ်ပို့ချလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၈

ယနေ့ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၂၇)ရက်မြောက်နေ့ကို အစီအစဉ်(၁၁)ခုဖြင့် ကျင်းပရာ သိန်းနီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင်၏ **တရားဝင်ခွင့်ပြုထားသည့် ပိုးသတ်ဆေးများကို အသက်အန္တရာယ်ကင်းရှင်းစွာသုံးစွဲနိုင်ရေး** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ဝန်ကြီးဌာနအနေဖြင့် ပိုးသတ်ဆေးဥပဒေကို ထုတ်ပြန်ထားပြီး ဥပဒေပါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပိုးသတ်ဆေးအုပ်စု (၆)စုဖြစ်သော အော်ဂဲနိုဖောစဖိတ်အုပ်စု၊ အော်ဂဲနိုကလိုရိုဒ်အုပ်စု၊ ပိုင်ရီသရိုက်အုပ်စု၊ နီကိုတီနွိုက်အုပ်စု၊ ကာဘာမိတ်အုပ်စုနှင့် အခြားအုပ်စုဝင် (မှိုသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ပဋိဇီဝဆေး၊ ဟော်မုန်းများ) ပိုးသတ်ဆေးများအား တရားဝင်ခွင့်ပြုထားပါကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြေကြားစဉ်။(သတင်းစဉ်)

တရားမဝင် တင်သွင်းလာသော ပိုးသတ်ဆေးများကို ပိုးသတ်ဆေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန် သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ပိုးသတ်ဆေးများကို ပြည်သူများအန္တရာယ်ကင်းစွာ သုံးစွဲနိုင်ရေးအတွက် ကိုင်တွယ်သုံးစွဲနည်းသင်တန်း၊ ပိုးသတ်ဆေးဥပဒေဆိုင်ရာအကြောင်းအရာများ၊ ပိုးသတ်ဆေးစနစ်တကျသုံးစွဲရေးနည်းပညာများကို သင်တန်းဖွင့်လှစ်ပို့ချလျက်ရှိပါကြောင်း၊ ပိုးသတ်ဆေး ရောင်းဝယ်ဖောက်ကားသူနှင့် တောင်သူများကို လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူ သင်တန်းများဖွင့်လှစ်ပို့ချခဲ့ပြီး အသိအမှတ်ပြုလက်မှတ်များကိုလည်း ထုတ်ပေးနိုင်

တာမွေမဲဆန္ဒနယ်မှ ဒေါ်လှဲ့လှဲ့ဝင်းဆွေ မေးမြန်းစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၇ ကော်လံ ၁ ●

အမျိုးသားလွှတ်တော်အစည်းအဝေး

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်း လွှတ်တော်က အတည်ပြု

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း။
(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၈

ယနေ့တွင် ပထမအကြိမ်အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့ကို အစီအစဉ် (၁၃)ခုဖြင့် ကျင်းပခဲ့ရာ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ ရေဘေးသင့် ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ သွားရောက်လှူဒါန်းခြင်းခရီးစဉ် အစီရင်ခံစာ (၁/၂၀၁၃)ကို အမျိုးသားလွှတ်တော်ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များကူညီစောင့်ရှောက်ရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးမြင့်စိန်က ဖတ်ကြားတင်သွင်းခဲ့ပြီး ယင်းအစီရင်ခံစာကို

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း။
(သတင်းစဉ်)

လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်ခဲ့သည်။

ချင်းပြည်နယ် ဖလမ်းမြို့နယ်တွင် မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းမှုကြောင့် အိမ်ခြေ(၉၀)ခန့်ရှိသည့် ဇာလိုင်ရွာ၌ မြေပြိုပြီး အိမ်(၅)လုံးခန့် မြေအတွင်းမြုပ်သွားပါကြောင်း၊ တစ်ရွာလုံးတွင်လည်း မြေအက်ကွဲကြောင်းများရှိသဖြင့် နေရာအခက်အခဲများနှင့်ပတ်သက်၍ ဒုက္ခရောက်နေကြရပါကြောင်း၊ သို့ဖြစ်၍ အမျိုးသားလွှတ်တော် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီက မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုပါကြောင်းဖြင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်းက လွှတ်တော်သို့ စာဖြင့် မေးမြန်းထားကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် တင်သွင်းထားသည့် **သတင်းမီဒီယာဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ကိုယ်စားလှယ် (၅)ဦးက ဆွေးနွေးခဲ့ကြသည်။

ထိုသို့ဆွေးနွေးရာတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) မှ

စာမျက်နှာ ၇ ကော်လံ ၁ ✻

ပန်းဂေါ်ဖီစိမ်း များများစားသုံးပေးလျှင် အရိုးပွရောဂါဖြစ်ပွားမှု ကာကွယ်နိုင်

မောင်နွေသစ် - ဘာသာပြန်သည်

လန်ဒန် ဩဂုတ် ၂၈

ဘရိုကိုလီ (broccoli) ခေါ် ပန်းဂေါ်ဖီစိမ်းကို များများစားသုံးပေးခြင်းဖြင့် အရိုးပွရောဂါဖြစ်ပွားခြင်းကို နှေးကွေးစေပြီး အရိုးပွရောဂါဖြစ်ပွားခြင်းကိုပင်လျှင် ကာကွယ်ပေးနိုင်စွမ်းရှိကြောင်း ယူကေသုတေသီများက လက်ခံယုံကြည်ထားကြသည်။

အရှေ့အင်္ဂလီယာတက္ကသိုလ်မှ သုတေသနပညာရှင်အဖွဲ့တစ်ဖွဲ့သည် ဓာတ်ခွဲခန်းစမ်းသပ်မှုများ အောင်မြင်စွာပြုလုပ်ခဲ့ကြပြီးနောက် ဘရိုကိုလီစားသုံးခြင်းနှင့်ပတ်သက်၍ လူကို စတင်စမ်းသပ်နေပြီဖြစ်သည်။

အဆိုပါ သုတေသနပညာရှင်အဖွဲ့သည် ဘရိုကိုလီကွန်ပေါင်းကို ဆဲလ်များနှင့် ကြွက်များအားစမ်းသပ်ခဲ့ရာ ၎င်းကွန်ပေါင်းသည် အရိုးနုကို ထိခိုက်ပျက်စီးစေနိုင်သော အဓိကဖျက်ဆီးသည့် အင်ဇိုင်းကို တားဆီးပေးနိုင်စွမ်းရှိကြောင်း ပြနိုင်ခဲ့ကြသည်။

ယင်းသုတေသနပညာရှင်အဖွဲ့သည် ဘရိုကိုလီ နေ့စဉ်၁၀၀ ဂရမ်စားသုံးသော ဒူးခေါင်းရောင်ဝေဒနာရှင် ၂၀ နှင့် လုံးဝမစားသော ဝေဒနာရှင် ၂၀ တို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။ ဘရိုကိုလီနှစ်ပတ်ကြာစားသုံးသော ဝေဒနာရှင် ၂၀ သည်

စာမျက်နှာ ၈ ကော်လံ ၅ ◆

မှတ်သားဖွယ် မိုးရေချိန်

၂၈-၈-၂၀၁၃

သံတွဲမြို့	၄ ဒသမ ၈၈ လက်မ
ကျောက်တော်မြို့	၃ ဒသမ ၉၈ လက်မ
သထုံမြို့	၃ ဒသမ ၉၄ လက်မ

စစ်တောင်းမြစ်ရေစိုးရိမ်ရေမှတ်အောက် ကျဆင်းနိုင်

နေပြည်တော် ဩဂုတ် ၂၈

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့၌ ဩဂုတ် ၂၁ ရက် နံနက် ၆ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၄၀ စင်တီမီတာ (၁ ဒသမ ၃ပေခန့်) ကျော်လွန်နေကာ ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ယနေ့ မာတိကာ

ဆယ်ကျော်သက် တက်ကြွလှုပ်ရှားသူ မာလာလာအား နိုင်ငံတကာကလေးများ ငြိမ်းချမ်းရေးဆုပေးမည် စာ - ၄
ကမ္ဘာမြေသို့ ကျဆင်းလာခဲ့သော ဥက္ကာခဲများ မည်သည့်အရပ်မှ စတင်သည်ကို လေ့လာမည် စာ - ၅
ကျေးလက်ဒေသဖွံ့ဖြိုးစေဖို့ ဇီဝဓာတ်ငွေ့ဖြင့် ထမင်းဟင်းချက်ကြပါစို့ (ဆောင်းပါး) စာ - ၆
ရန်ကုန်-မန္တလေး အမြန်လမ်းတွင် ယာဉ်တိုက်/တိမ်းမှောက်မှုများ ဖြစ်ပွား စာ - ၉
အလုပ်အကိုင်အခွင့်အလမ်းပြပွဲတွင် ၈၉၉ ဦး အလုပ်ခန့်ထားပေးနိုင် စာ - ၁၀
နယ်စပ်ဂိတ်များမှတစ်ဆင့် ပြည်တွင်းသို့ ဝင်ရောက်နိုင်ပြီ စာ - ၁၁
ပုဏ္ဏားကျွန်းမြို့မှ အကောက်ခွန်နှုန်းထားများ တရားဝင်သတ်မှတ်ချက်ထက် ပိုပေးနေရ စာ - ၁၂

နေပြည်တော်-ရန်ကုန် အမှတ် ၃၂ အစုန် အမြန်ရထား တွဲချော်မှုဖြစ်

နေပြည်တော် ဩဂုတ် ၂၈

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရွာတော်ဘူတာ မီးရထားရပ်ဝန်း မန္တလေး-ရန်ကုန် ရထားလမ်းပိုင်း မိုင်တိုင် ၂၃၀/၃-၄ တွင် ဩဂုတ် ၂၈ ရက် နံနက် ၈ နာရီ ၁၀ မိနစ်က နေပြည်တော်ဘူတာမှ စတင်ထွက်ခွာလာသော နေပြည်တော်-ရန်ကုန် အမှတ် ၃၂ အစုန်အမြန်ရထား စက်ခေါင်းအမှတ် DF 2055 သည် ရထားလမ်းတွဲချော်မှုဖြစ်ပွားရာ ORDINARY CLASS ရိုးရိုးတန်း လူစီးတွဲနှစ်တွဲ တွဲချော်တိမ်းစောင်းမှုဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

အခင်းဖြစ်ပွားရာနေရာသို့ မြန်မာ့မီးရထားတိုင်းအမှတ် (၅) တာဝန်ခံ ဦးကျော်ကျော်နှင့် တိုင်းမန်နေဂျာများဖြစ်သော ဦးထိန်ဝင်း အပါအဝင် သုံးဦး၊ မီးရထားဝန်ထမ်းများ၊ ပုဗ္ဗသီရိတပ်နယ်မှ တပ်မတော်သားများ ရောက်ရှိလာကာ နံနက် ၁၀ နာရီတွင် N 603-103 ကရိန်းနှင့် ပြုပြင်ဆောင်ရွက်ရာ မွန်းတည့် ၁၂ နာရီတွင် ပြီးစီး၍ ရထားများ ပုံမှန်အတိုင်းသွားလာနိုင်ကြောင်း သိရသည်။

မင်းမင်းလတ် (မန်းတက္ကသိုလ်)